# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**စောင့်ရှောက်ထားအပ်သောစိတ်**

အလွန့်အလွန်မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက် | ၂၀၂၁ ခုနှစ်၊ ဇွန် ၂၅ ရက်၊ သောကြာနေ့ | အတွဲ (၆၁)၊ အမှတ် (၂၆၅)


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စစ်ဘက်ဆိုင်ရာတက္ကသိုလ်မှ "ဂုဏ်ထူးဆောင်ပါမောက္ခ" ဘွဲ့ ပေးအပ်ချီးမြှင့်

နေပြည်တော် ဇွန် ၂၄

(၉) ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးဆိုင်ရာ ညီလာခံ (Moscow Conference on International Security-2021(MCIS-2021))သို့ ပါဝင်တက်ရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စစ်ဘက်ဆိုင်ရာတက္ကသိုလ်မှ **"ဂုဏ်ထူးဆောင်ပါမောက္ခ"** ဘွဲ့ ပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားကို ဇွန် ၂၃ ရက် ညနေပိုင်းတွင် အဆိုပါတက္ကသိုလ်၌ ကျင်းပပြုလုပ်သည်။

## ကြည့်ရှုလေ့လာ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားပြုလုပ်မည့် အဆိုပါစစ်တက္ကသိုလ်သို့ ရောက်ရှိကြရာ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး စစ်တက္ကသိုလ် ကျောင်းအုပ်ကြီးက ကျောင်းမှနည်းပြများနှင့် မိတ်ဆက်ပေးသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စစ်တက္ကသိုလ်စာကြည့်တိုက်ကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် စစ်တက္ကသိုလ်မှ ကျောင်းအုပ်ကြီး ဒုတိယဗိုလ်ချုပ်ကြီး အီဂေါမီရှုသ်ကင် (Lieutenant General Lgor Mishutkin)က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား **နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးတိုးတက်ခိုင်မာအောင် ဆောင်ရွက်နိုင်မှု၊ စစ်ဘက်နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရေး ပူးပေါင်းဆောင်ရွက်မှု၊** ပညာတော်သင် သင်တန်းသားများကို စေလွှတ်ခြင်းဖြင့် နှစ်နိုင်ငံတပ်မတော်နှင့်

*စာမျက်နှာ ၃ ကော်လံ ၁* ❐



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား စစ်တက္ကသိုလ်မှ ကျောင်းအုပ်ကြီး ဒုတိယဗိုလ်ချုပ်ကြီး အီဂေါမီရှုသ်ကင် က ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စစ်ဘက်ဆိုင်ရာတက္ကသိုလ်၏ "ဂုဏ်ထူးဆောင်ပါမောက္ခ"ဘွဲ့ အဆောင်အယောင်များဖြစ်ကြသည့် ဘွဲ့ဝတ်ရုံ၊ ခေါင်းဆောင်း၊ ဘွဲ့တံဆိပ်၊ ဘွဲ့လက်မှတ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာတို့ကို ပေးအပ်ချီးမြှင့်စဉ်။

**တစ်မျိုးသားလုံးမူးယစ်အန္တရာယ်ကင်းစင်ဖို့ ဝိုင်းဝန်းကာကွယ်တားဆီးစို့**

(၃၄) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

*ဆောင်းပါး စာမျက်နှာ - ၁၀*



**အမေရိကန်တွင် ကိုဗစ်-၁၉ စည်းကမ်းသတ်မှတ်ချက်များ ဖြေလျှော့ပေးထားသော်လည်း အီးယူခရီးသွားများအတွက် နယ်စပ်တံခါးများကို ဖွင့်ပေးခြင်း မရှိသေး**

*နိုင်ငံတကာရေးရာ စာမျက်နှာ - ၁၄*

မြန်မာ့အလင်း

## ကျေးရွာထင်းစိုက်ခင်းများ စုပေါင်းထူထောင် စုပေါင်းထိန်းသိမ်း၊ စနစ်တကျသုံးစွဲ

မြန်မာနိုင်ငံတွင် သစ်တောများပြုန်းတီးရခြင်း၏ အဓိက အကြောင်းရင်းများတွင် သစ်များ အလွန်အကျွံထုတ်ယူခြင်း၊ တရားမဝင်သစ်ခိုးခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လာခြင်း၊ မြို့သစ်များတိုးချဲ့တည်ဆောက်လာခြင်း၊ ထင်း/ မီးသွေးလောင်စာ လိုအပ်ချက်မြင့်မားလာခြင်း စသည်တို့ပါဝင်သည်။ မြန်မာနိုင်ငံ သစ်တောများ နှစ်စဉ်ပျက်စီးဆုံးရှုံးမှုမှာ ၁ ဒသမ ၇ ရာခိုင်နှုန်းရှိရာ သစ်တောများ ပြုန်းတီးခြင်း၏ အကျိုးဆက်အဖြစ် သဘာဝ ပတ်ဝန်းကျင်ပျက်စီးမှုနှင့် ရာသီဥတုပြောင်းလဲမှုတို့ကို ရင်ဆိုင်ကြုံတွေ့နေရသည်။

သစ်တောများ ပြုန်းတီးရခြင်းအကြောင်းရင်းတွင် အပါအဝင်ဖြစ်သည့် ထင်း၊ မီးသွေးလောင်စာလိုအပ်ချက် အခြေအနေကို လေ့လာပါက မြို့ပြမိသားစုအိမ်ထောင်စုတစ်စုသည် တစ်နှစ်လျှင် ထင်း၊ မီးသွေး ၁ ဒသမ ၄ တန် သုံးစွဲပြီး ကျေးလက်တွင် အိမ်ထောင်စုတစ်စုသည် တစ်နှစ်လျှင် ထင်း/ မီးသွေး ၂ ဒသမ ၅ တန်ကို သုံးစွဲသည့်အတွက် မြန်မာနိုင်ငံတွင် တစ်နှစ်လျှင် ထင်း/ မီးသွေး ကုဗတန် ၁၈ ဒသမ ၉၅ သန်း မဖြစ်မနေ ဖြည့်ဆည်းပေးရန် လိုအပ်သည်။ ထင်းလောင်စာလိုအပ်ချက်ကို လျှော့ချနိုင်ရန်အတွက် စွမ်းအားမြင့်မီးဖိုသုံးစွဲခြင်း၊ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းလောင်စာများ သုံးစွဲခြင်းတို့အပြင် ထင်းစိုက်ခင်းများ တည်ထောင်ခြင်းတို့ကိုလည်း ပြုလုပ်ရန် လိုအပ်သည်။

ကျေးလက်ပြည်သူများအတွက် လိုအပ်သည့် ထင်း/ လောင်စာနှင့် အိမ်တိုင်၊ ခြံစည်းရိုးတိုင် စသည်တို့အတွက် ကျေးရွာထင်းစိုက်ခင်းများ တည်ထောင်သွားရမည်ဖြစ်သည့်အလျောက် အမျိုးသားသစ်တောကဏ္ဍပင်မစီမံကိန်းတွင် ၂၀၀၁ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အတွင်း ကျေးရွာထင်းစိုက်ခင်းဧရိယာကေ ၁ ဒသမ ၃၅ သန်းနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောဧရိယာကေ ၂ ဒသမ ၂၇ သန်း တည်ထောင်သွားရန် ထည့်သွင်းရေးဆွဲထားပြီး ကျေးရွာ ထင်းစိုက်ခင်းဥပဒေများကို ရန်ကုန်တိုင်းဒေသကြီးမှအပ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် ပြဋ္ဌာန်းပြီးဖြစ်သည်။

ကျေးရွာထင်းစိုက်ခင်းများကို တည်ထောင်စိုက်ပျိုးရာတွင် သစ်တောဦးစီးဌာနက နိုင်ငံဘတ်ဂျက်ဖြင့် တည်ထောင်စိုက်ပျိုးပေးပြီး ကျေးရွာမှ သုံးစွဲမည့်ကြီးကြပ်မှုကော်မတီသို့ လွှဲပြောင်းပေးအပ်ရာတွင် စီမံခန့်ခွဲမှုအားနည်းချက်များကြောင့် စိုက်ခင်းများပျက်စီးယိုယွင်းလာခြင်း၊ ကျေးရွာထင်းစိုက်ခင်း ဧရိယာများကို အခြား နည်းလမ်းများသုံးစွဲခြင်းတို့ ဖြစ်ပေါ်ခဲ့သည့် သာဓကများရှိခဲ့ရာ ကျေးရွာထင်းစိုက်ခင်းများ၏ လက်ရှိအခြေအနေကို ပြန်လည်စိစစ်ပြီး ဥပဒေနှင့်အညီ ထိန်းကျောင်းသွားရန် လိုအပ်မည်ဖြစ်သည်။

ထင်းစိုက်ခင်းများ ထူထောင်ခြင်းသည် ဒေသဖွံ့ဖြိုးရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုစေသည်။ ထင်းစိုက်ခင်းများကို ကျေးရွာလူထုက စုပေါင်းစိုက်ပျိုး၊ စုပေါင်းထိန်းသိမ်းပြီး စနစ်တကျ ထုတ်ယူသုံးစွဲခြင်းဖြင့် သစ်တောပြုန်းတီးမှု လျော့နည်းပပျောက်သွားစေမည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်းကို ကာကွယ်နိုင်သည်နှင့်အမျှ သဘာဝဘေးအန္တရာယ်များလည်း လျော့နည်းလာမည်ဖြစ်ရာ သဘာဝပတ်ဝန်းကျင်နှင့် လူသားတို့အကြား အပြန်အလှန် အကျိုးပြုနိုင်ကြမည်ဖြစ်ပါကြောင်း။ ။

## ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၁၄၂ / ၂၀၂၁
၁၃၈၃ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်
(၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၄ ရက်)
ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးလှမိုးအား သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇွန် ၂၄**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ခန္တီးမြို့တွင် ၅ ဒသမ ၄၇ လက်မ၊ ကျောက်ဖြူမြို့တွင် ၅ ဒသမ ၃၉ လက်မ၊ ထားဝယ်မြို့နှင့် လောင်းလုံးမြို့တို့တွင် ၃ ဒသမ ၇၄ လက်မစီ၊ ပေါင်မြို့တွင် ၃ ဒသမ ၆၂ လက်မ၊ ကျိုက်မရောမြို့တွင် ၂ ဒသမ ၉၁ လက်မ၊ မော်လမြိုင်မြို့တွင် ၂ ဒသမ ၆၈ လက်မ၊ ကော့ကရိတ်မြို့နှင့် ဘီးလင်းမြို့တို့တွင် ၂ ဒသမ ၆၀ လက်မစီ၊ ကိုကိုးကျွန်းမြို့တွင် ၂ ဒသမ ၅၂ လက်မ၊ မြောင်းမြမြို့တွင် ၂ ဒသမ ၄၈ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

## ကာကွယ်ရေးဦးစီးချုပ်(ရေ)ဦးဆောင်သည့် မြန်မာ့တပ်မတော်(ရေ) ကိုယ်စားလှယ်အဖွဲ့ နိုင်ငံတကာရေကြောင်းဆိုင်ရာ ကာကွယ်ရေးပြပွဲတက်ရောက်၊ ရုရှားရေတပ်ဦးစီးချုပ်နှင့်တွေ့ဆုံ

**နေပြည်တော် ဇွန် ၂၄**

နိုင်ငံတကာ ရေကြောင်းဆိုင်ရာ ကာကွယ်ရေးပြပွဲ (International Maritime Defence Show (IMDS– 2021)) ကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ Saint Peter–sburg မြို့၌ ယနေ့ နံနက်ပိုင်းတွင် ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ခရီးစဉ်တွင် လိုက်ပါလာသည့် ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင် ဦးဆောင်သည့် မြန်မာ့တပ်မတော် (ရေ) ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ကြသည်။



ဦးစွာ မြန်မာ့တပ်မတော်ရေကိုယ်စားလှယ်အဖွဲ့သည် အခြားဖိတ်ကြားထားသည့် နိုင်ငံပေါင်း ၂၈ နိုင်ငံမှ တပ်မတော် (ရေ) ကိုယ်စားလှယ်များနှင့် အတူ (International Maritime Def–ence Show (IMDS–2021)) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်သည် ရုရှားရေတပ် ဦးစီးချုပ် Admiral Nikolai Yevmenov နှင့်တွေ့၍ နှစ်နိုင်ငံရေကြောင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များ၊ ရေကြောင်းလုံခြုံရေးဆိုင်ရာနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ယင်းနောက် မြန်မာ့တပ်မတော် (ရေ)ကိုယ်စားလှယ်အဖွဲ့သည် JSC “ Almaz–Antey” ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် ကာကွယ်ရေးပစ္စည်းများကို လှည့်လည်ကြည့်ရှု လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ (အပေါ်ပုံ) **သတင်းစဉ်**

## တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ နှစ်သိန်းငါးသောင်းကျော် ကုသပေးနိုင်ခဲ့

**နေပြည်တော် ဇွန် ၂၄**

ပြည်သူလူထုအတွက် အဓိကအကျဆုံးဖြစ်သော ကျန်းမာရေးကဏ္ဍ မြင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက် ရှိသည့်အပြင် ပြည်သူလူထု၏ အရေးပေါ် ကျန်းမာရေးဆိုင်ရာ ကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများ၌ ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့ညမပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာပေါင်း ၂၅၆၈၀၂ ဦးနှင့် အတွင်းလူနာပေါင်း ၇၅၁၃၇ ဦးတို့ကို ကုသပေးနိုင်ခဲ့သည်။

၎င်းလူနာများအနက် အကြီးစား ခွဲစိတ်ကုသရန် လိုအပ်သူ ၁၁၉၄၀၊ အသေးစားခွဲစိတ်ကုသရန် လိုအပ်သူ ၆၂၂၃ ဦး၊ စုစုပေါင်း ၁၈၁၆၃ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။

ထို့ပြင် ကလေးမီးဖွားလူနာ ၆၀၃၈ ဦးကို ခွဲစိတ်၍လည်းကောင်း၊ ၈၆၆၁ ဦးကို သာမန်ဖြင့်လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၁၄၆၉၉ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ မြင့်မားရေးတွင် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စစ်ဘက်ဆိုင်ရာတက္ကသိုလ်မှ “ဂုဏ်ထူးဆောင်ပါမောက္ခ”ဘွဲ့ ပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားတွင် ကျေးဇူးတင်စကား ပြောကြားစဉ်။

❒ ရှေ့ဖုံးမှ

**အစိုးရနှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုကို တိုးတက်ခိုင်မာအောင် စွမ်းဆောင်နိုင်မှုတို့ကြောင့်** စစ်တက္ကသိုလ်မှ ဘုတ်အဖွဲ့များ၏ ဆုံးဖြတ်ချက်အရ ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့ ပေးအပ်ချီးမြှင့်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းအုပ်ကြီးက ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စစ်ဘက်ဆိုင်ရာတက္ကသိုလ်(Military University of Defence Ministry) ၏ **“ဂုဏ်ထူးဆောင် ပါမောက္ခ”**ဘွဲ့ (Honorary Professor of the Russian Military University) အဆောင်အယောင်များဖြစ်ကြသည့် ဘွဲ့ဝတ်ရုံ၊ ခေါင်းဆောင်း၊ ဘွဲ့တံဆိပ်၊ ဘွဲ့လက်မှတ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာတို့ကို ပေးအပ်ချီးမြှင့်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လက်ခံရယူသည်။ ထို့ပြင် စစ်တက္ကသိုလ်၏ နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်ရင်ထိုးတံဆိပ်ကိုလည်း ဂုဏ်ပြုတပ်ဆင်ပေးသည်။ ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်နေစဉ်အတွင်း အဆိုပါ စစ်တက္ကသိုလ်မှ ဂုဏ်ပြုတပ်ဖွဲ့က နှစ်နိုင်ငံ နိုင်ငံတော်သီချင်းကို ဂုဏ်ပြုတီးမှုတ်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စစ်ဘက်ဆိုင်ရာတက္ကသိုလ် ကျောင်းပြတိုက်၌ ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စစ်တက္ကသိုလ်မှ ကျောင်းအုပ်ကြီး ဒုတိယဗိုလ်ချုပ်ကြီး အီဂေါမီရှူသ်ကင် အား လက်ဆောင်ပစ္စည်းပေးအပ်စဉ်။


### ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယခုကဲ့သို့ **“ဂုဏ်ထူးဆောင်ပါမောက္ခ”** ပေးအပ်ချီးမြှင့်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ကျေးဇူးတင်စကားပြောကြားရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ သမိုင်းကြောင်းကောင်းမွန်လှသည့် ယခုစစ်တက္ကသိုလ်မှ ချီးမြှင့်သည့် ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့ကို လက်ခံရရှိခဲ့သည့်အတွက် အထူးပင် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ ဂုဏ်ထူးဆောင်ပါမောက္ခ၏ ဂုဏ်ဒြပ်နှင့်အညီ ရုရှား-မြန်မာ စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ၊ နှစ်နိုင်ငံ စစ်ဘက်-အရပ်ဘက် လူမှုအဖွဲ့အစည်းအတွက် အကျိုးရှိစေမည့်ကိစ္စရပ်များ၊ ယဉ်ကျေးမှု၊ စစ်ဘက်နည်းပညာနှင့် သိပ္ပံနည်းပညာရပ်ဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ဆက်လက်ပံ့ပိုးကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နယ်ပယ်ပေါင်းစုံတွင် ဆက်ဆံရေးတိုးမြှင့်ခိုင်မာအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

### နှုတ်ဆက်စကား ပြောကြား

ယင်းနောက် မြန်မာ့တပ်မတော်မှ စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(ဗထူး)၊ တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)နှင့် တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်တို့မှ သင်တန်းဆင်းထူးချွန်ဆုရအရာရှိများနှင့် မိတ်ဆက်ပေးသည်။ ယင်းနောက် စစ်တက္ကသိုလ်ကျောင်းအုပ်ကြီးက နှုတ်ဆက်စကား ပြောကြားသည်။

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မြန်မာသံရုံးနှင့် မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ရုံး မိသားစုများနှင့် ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မြန်မာသံရုံးနှင့် မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)ရုံး မိသားစုများနှင့် ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံ

နေပြည်တော် ဇွန် ၂၄

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် အဖွဲ့ဝင်များသည် ဇွန် ၂၃ ရက် မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မြန်မာသံရုံးနှင့် မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ရုံး မိသားစုများနှင့် ပညာတော်သင် သင်တန်းသားများအား မော်စကိုမြို့ရှိ Turandot စားသောက်ဆိုင်တွင် တွေ့ဆုံအမှာစကား ပြောကြားသည်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သံရုံး၊ စစ်သံရုံးမိသားစုများအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှ သံမှူးကြီး ဦးဇော်လင်းဦး၊ စစ်သံမှူး ဗိုလ်မှူးချုပ် ကျော်စိုးမိုးနှင့် သံရုံး၊ စစ်သံရုံးတို့မှ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများ တက်ရောက်ကြသည်။

**နိုင်ငံ့ဝန်ထမ်းကောင်းပီသစွာဆောင်ရွက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံရပ်ခြားတွင် နိုင်ငံတော်၏ တာဝန်များကို အတူတကွ လာရောက်ထမ်းဆောင်နေခြင်းဖြစ်သည့်အတွက် တစ်ဦးနှင့်တစ်ဦး ဖေးမကူညီစောင့်ရှောက်ကြရန် လိုအပ်သည့်အခြေအနေ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေ၊ ပါတီစုံဒီမိုကရေစီလမ်းကြောင်းခိုင်မာမှုရှိစေရေးနှင့် စစ်မှန်ပြီး ရိုးသားမှုရှိသည့် ဒီမိုကရေစီစနစ်ဖြစ်စေရေးအတွက် ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးမောင်းနှင်အားသည် အဓိကကျသောကြောင့် နှစ်နိုင်ငံ အကျိုးတူစီးပွားရေးလုပ်ငန်းများ၊ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ အခွင့်အလမ်းရရှိစေရေး သံတမန်ဆက်ဆံရေးမှတစ်ဆင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်သည့်အခြေအနေနှင့် မိမိနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် နိုင်ငံ့အကျိုးစီးပွားတိုးတက်အောင် နိုင်ငံ့ဝန်ထမ်းကောင်းပီသစွာဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်ရန်လိုအပ်သည့် အခြေအနေများနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

**အမြဲမပြတ် လေ့လာအားထုတ်**

ဆက်လက်ပြီး နိုင်ငံအချင်းချင်း ဆက်ဆံရာတွင် သံတမန်ဆက်ဆံရေးသည် များစွာအရေးပါသောကြောင့် သံရုံး၊ စစ်သံရုံးများတွင် နိုင်ငံ့တာဝန်ထမ်းဆောင်နေကြသူများအနေဖြင့် စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ သံရုံး၊ စစ်သံရုံးမိသားစုများအပြင် ပညာတော်သင် သင်တန်းသားများအနေဖြင့်လည်း သင်ကြားပေးသည့် အတတ်ပညာများကို အလေးအနက်ထား သင်ယူသွားကြရန် လိုအပ်ပြီး အမြဲမပြတ် လေ့လာအားထုတ်နေကြရမည် ဖြစ်ကြောင်း၊ အချင်းချင်းစည်းလုံးညီညွတ်စွာ နေထိုင်လုပ်ကိုင်ဆောင်ရွက်ကြပြီး မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သံရုံး၊ စစ်သံရုံးမိသားစုများအတွက် လက်ဆောင်ပစ္စည်းနှင့် ချီးမြှင့်ငွေများကို ပေးအပ်ရာ သံမှူးကြီး ဦးဇော်လင်းဦး၊ စစ်သံမှူး ဗိုလ်မှူးချုပ် ကျော်စိုးမိုးတို့က လက်ခံရယူကြသည်။ ယင်းနောက် သံရုံး၊ စစ်သံရုံးမှ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၃ မှ*

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ကျောင်းပြတိုက်အား လှည့်လည်ကြည့်ရှုလေ့လာကြပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။ ယင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးအား နိုင်ငံတကာက ပေးအပ်ထားသော လက်ဆောင်များပြခန်းကို ကြည့်ရှုလေ့လာကြပြီး နှစ်နိုင်ငံအထိမ်းအမှတ်တံဆိပ်နှင့် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

မော်စကိုမြို့တွင် ဖွင့်လှစ်ထားရှိသည့် စစ်ဘက်ဆိုင်ရာတက္ကသိုလ် (Military University of Defence Ministry)သည် ရုရှားနိုင်ငံ၏ ရှေးအကျဆုံးတက္ကသိုလ်များအနက် တစ်ခုဖြစ်ပြီး ၁၉၁၉ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် သင်တန်းကျောင်းအနေဖြင့် ဖွင့်လှစ်ခဲ့ရာမှ ၁၉၇၄ ခုနှစ် ဇူလိုင် ၂၀ ရက်တွင် စစ်ဘက်ဆိုင်ရာ ကောလိပ်တစ်ခုအဖြစ် ပြောင်းလဲခဲ့ကြောင်း၊ ထို့နောက် ၁၉၉၄ ခုနှစ်၊ ဇူလိုင် ၂၀ ရက်တွင် ယခုကဲ့သို့ စစ်ဘက်ဆိုင်ရာတက္ကသိုလ်အဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ တက္ကသိုလ်တွင် ခေါင်းဆောင်မှုပိုင်းဆိုင်ရာ ပညာရပ်များ၊ သိပ္ပံပညာရပ်များ၊ စီးပွားရေးဆိုင်ရာ ပညာရပ်များနှင့် တရားဥပဒေရေးရာပညာရပ်များကို သက်ဆိုင်ရာ နှစ်အလိုက် သင်ကြားပေးလျက်ရှိကြောင်း၊ ထို့ပြင် Vladimir Lenin စစ်ဘက်ဆိုင်ရာနိုင်ငံရေးသင်တန်းကျောင်း၊ နိုင်ငံခြားဘာသာစကားဆိုင်ရာ စစ်ဘက်သင်တန်းကျောင်း၊ ဥပဒေရေးရာစစ်ဘက်သင်တန်းကျောင်း၊ ဘဏ္ဍာရေးဆိုင်ရာ စစ်ဘက်သင်တန်းကျောင်း၊ Lviv စစ်ဘက်ဆိုင်ရာ နိုင်ငံရေးသင်တန်းကျောင်းနှင့် မော်စကိုမှန်လုံအိမ်စိုက်ပျိုးရေးနည်းပညာဆိုင်ရာ စစ်ဘက်သင်တန်းကျောင်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်းနှင့် တက္ကသိုလ်မှ မွေးထုတ်ပေးလိုက်သည့် ကျောင်းဆင်းဗိုလ်လောင်းများသည် ရုရှားတပ်မတော်၏တပ်ဖွဲ့အသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားနိုင်ငံ၊ RIA သတင်းဌာနမှ သိရှိလိုသည်များအား လက်ခံဖြေကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ RIA သတင်းဌာနမှ အထူးသတင်းထောက် Ms. Kukushkina Tatiana ၏ သိရှိလိုသည့် မေးမြန်းချက်များကို ဖြေကြားစဉ်။

**နေပြည်တော် ဇွန် ၂၄**

ရုရှားဖက်ဒရေးရှင်း နိုင်ငံ၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ ဒေသစံတော်ချိန် နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ RIA သတင်းဌာနမှ အထူးသတင်းထောက် Ms. Kukushkina Tatiana အား ခေတ္တတည်းခိုလျက်ရှိသည့် Metropol Hotel ၌ လက်ခံတွေ့ဆုံ၍ သိရှိလိုသည်များကို ဖြေကြားသည်။

**ပြည့်ပြည့်စုံစုံ ရှင်းလင်းပြောကြား**

ထိုသို့ တွေ့ဆုံမေးမြန်းရာတွင် ယခုလာရောက်သည့် (၉)ကြိမ်မြောက် နိုင်ငံတကာ လုံခြုံရေးဆိုင်ရာညီလာခံ (Moscow Conference on International Security–2021(MCIS–2021)) သို့ တက်ရောက်ခဲ့သည့် အခြေအနေများနှင့် မော်စကိုတွင် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေ၊ ရုရှား-မြန်မာ စစ်ဘက် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် အခြားကဏ္ဍပေါင်းစုံတွင် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည့် အခြေအနေ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရ၏ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေ၊ COVID-19 ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးဆိုင်ရာ လုပ်ဆောင်ထားရှိမှု အခြေအနေနှင့် အခြားသိရှိလိုသည်များကို မေးမြန်းရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ပြည့်ပြည့်စုံစုံ ရှင်းလင်းပြောကြားခဲ့ကြောင်းနှင့် မေးမြန်းဖြေကြားမှု အပြည့်အစုံကို ဆက်လက် ဖော်ပြသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၉)ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးဆိုင်ရာ ညီလာခံ(MCIS-2021) အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်

**နေပြည်တော် ဇွန် ၂၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီး Army General Sergey Kuzhugetovich Shoigu က မော်စကိုမြို့ရှိ RADISSON Hotel ၌ တည်ခင်းဧည့်ခံသည့် (၉) ကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးဆိုင်ရာညီလာခံ (Moscow Conference on International Security–2021(MCIS–2021)) အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ ယမန်နေ့ ညပိုင်းတွင် ညီလာခံသို့တက်ရောက်ခဲ့ကြသည့် နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ တက်ရောက်သည်။

**ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြား**

ဦးစွာ တက်ရောက်လာကြသည့် နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များအား ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးနှင့် ရုရှားတပ်မတော်မှ အရာရှိကြီးများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးက ယခုကဲ့သို့ ညီလာခံ အခမ်းအနားနှင့် ဂုဏ်ပြုညစာ စားပွဲသို့တက်ရောက်လာကြသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ကျေးဇူးတင်ရှိကြောင်းပြောကြားပြီး ညစာကို အတူတကွသုံးဆောင်ကြသည်။

**ဖျော်ဖြေတင်ဆက်**

ညစာသုံးဆောင်နေစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီးဌာန ကိုယ်စားပြုတေးဂီတအဖွဲ့က ရိုးရာတေးသီချင်းများ၊ ယဉ်ကျေးမှုအကအလှများဖြင့် ကပြဖျော်ဖြေ တင်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပျဉ်းမနားအရှေ့ခြမ်းတောင်ပေါ်ဒေသရှိ ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များနှင့် ရေဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား တွေ့ဆုံ

**နေပြည်တော် ဇွန် ၂၄**

နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနား အရှေ့ခြမ်းတောင်ပေါ်ဒေသရှိ ပြဒါးချောင်း၊ မြသီတာ၊ ဘို့မအထက်၊ အောင်ဘိသိတ်၊ ဝေသာလီ၊ ဆိတ်ဖူးတောင်၊ ကိုးရွာ ကျေးရွာများနှင့် ဂမုန်းတောင်ကျေးရွာတို့မှ ပြည်သူ့စစ် (ဌာနေ) အဖွဲ့ဝင်များကို ဇွန် ၂၃ ရက်နှင့် ယနေ့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်မျိုးတင်နှင့် အဖွဲ့ဝင်များက နယ်မြေခံတပ်ခန်းမနှင့် ကျေးရွာတို့၌ သွားရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် တိုင်းမှူးက အမှာစကားများ ပြောကြားပြီး ပြည်သူ့စစ် (ဌာနေ) အဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

အလားတူ ရေဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်၊ ကန်ကြီးထောင့်မြို့နယ်၊ ငပုတောမြို့နယ်နှင့် သာပေါင်းမြို့နယ်များရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ယနေ့တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် အဖွဲ့ဝင်များက တိုင်းစစ်ဌာနချုပ်ရှိ ရေဝတီခန်းမ၌တွေ့ဆုံသည်။

တွေ့ဆုံစဉ် တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇွန် ၂၄**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ မတ္တရာမြို့နယ် ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ ကူမဲတိုက်နယ်ဆေးရုံနှင့် ရွှေညောင်ဖူးတိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲတိုက်နယ်ဆေးရုံ၊ မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ်နှင့် ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက အကူအညီတောင်းခံမှုကြောင့် တပ်မတော်မှ ဆေးကုသရေးအဖွဲ့များအားစေလွှတ်၍ ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၂၁ နှစ်အောက် အမျိုးသား (ဘောလုံး) ပြိုင်ပွဲကျင်းပ

နေပြည်တော် ဇွန် ၂၄

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်အသက် ၂၁ နှစ်အောက်အမျိုးသား(ဘောလုံး) ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ကျင်းပသည်။** (ယာပုံ)

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်နှင့် ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ ဘောလုံးဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၂၁ နှစ်အောက် အမျိုးသား (ဘောလုံး) ပြိုင်ပွဲကို မြန်မာ့ဘောလုံး အားကစား အဆင့်အတန်း တိုးတက်မြင့်မားလာစေရေးနှင့် သွေးသစ်လူငယ် ဘောလုံးသမားများ စဉ်ဆက်မပြတ် ပေါ်ထွက်လာစေရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးမှ ဘောလုံးအားကစားသမားများအချင်းချင်း သွေးစည်းညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားလာစေရေးတို့ကို ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း။

**စနစ်တကျဆောင်ရွက်**

ပြည်သူတစ်ရပ်လုံး အားကစားကို စိတ်ပါဝင်စားပြီး မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ရပ်ကွက်၊ ကျေးရွာများမှ စ၍ ခရိုင်၊ မြို့နယ်ပေါင်းစုံ အားကစားပြိုင်ပွဲများကို နှစ်စဉ် အားကစား ပြက္ခဒိန်ရေးဆွဲပြီး စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း၊ ထို့ပြင် ကျောင်းသား အားကစားပြိုင်ပွဲများနှင့် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ ပြန်လည်ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

**ရွေးချယ်လေ့ကျင့်ပေး**

မြန်မာ့ ဘောလုံးအားကစား အရှေ့တောင်အာရှနှင့် အာရှဒေသနယ်ပယ်တွင် အောင်မြင်စွာ ရပ်တည်နိုင်ရေးသည် ပြည်သူတစ်ရပ်လုံး၏ လိုလားချက်ဖြစ်သည်နှင့်အညီ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ရည်မှန်းချက်တစ်ရပ်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ် လူငယ်ဘောလုံးပြိုင်ပွဲမှ ထူးချွန်ထက်မြက်သည့် သွေးသစ်ဘောလုံးသမားများ ပေါ်ထွက်လာစေရေးအတွက် မြန်မာ့လက်ရွေးစင် လူငယ်ဘောလုံး အသင်းက သွေးသစ်လူငယ် ဘောလုံးကစားသမားများကို ရွေးချယ်လေ့ကျင့်ပေးပြီး နိုင်ငံ့ကိုယ်စားပြု ပါဝင်ကစားနိုင်သည်အထိ အောင်မြင်မှုများရရှိနိုင်ရန် လေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း။

**ဖွင့်လှစ်**

ပြိုင်ပွဲဝင် အားကစားသမားများအနေဖြင့် အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် ယှဉ်ပြိုင်ကစားကြရန်နှင့် ဒိုင်လူကြီးများအနေဖြင့်လည်း ဘက်လိုက်မှုကင်းရှင်းပြီး သတ်မှတ်ထားသည့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ တရားမျှတမှန်ကန်စွာ ဆုံးဖြတ်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားကာ ၂၀၂၁ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၂၁ နှစ်အောက် အမျိုးသား (ဘောလုံး) ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယနေ့ပွဲစဉ်အဖြစ် ရှမ်းပြည်နယ်အသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရခိုင်ပြည်နယ်အသင်းက နှစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရရှိသွားကြောင်း သိရသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၂၁ နှစ်အောက်အမျိုးသား (ဘောလုံး) ပြိုင်ပွဲများကို ဇွန် ၂၄ ရက်မှ ဇူလိုင် ၈ ရက်အထိ ဝဏ္ဏသိဒ္ဓိလေ့ကျင့်ရေးကွင်း (၁) နှင့် ကွင်း (၃) တို့၌ နံနက် ၇ နာရီနှင့် ညနေ ၃ နာရီခွဲတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ဘောလုံးအားကစားနည်းကို စိတ်ပါဝင်စားသူ မိဘပြည်သူများအနေဖြင့် အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**





# ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ရန်ကုန်တိုင်းဒေသကြီးနှင့် သီလဝါအထူးစီးပွားရေးဇုန်ရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြည့်ရှုအားပေး




**ရန်ကုန် ဇွန် ၂၄**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးအောင်နိုင်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် နိုင်ငံတကာအဆင့်မီ ဆေးဝါးထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်နေသည့် လုပ်ငန်းစက်ရုံများသို့ သွားရောက်ကြည့်ရှုအားပေးသည်။

**ပေါင်းစပ်ညှိနှိုင်းပေး**

ထိုသို့သွားရောက်ကြည့်ရှုရာတွင် စက်ရုံတာဝန်ရှိသူများက စက်ရုံလုပ်ငန်းလည်ပတ်နေသည့် အခြေအနေများ၊ လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။ တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို အားပေးရန်နှင့် အခက်အခဲများကို လိုအပ်သည့် အကူအညီများပေးရန် လာရောက်ခြင်းဖြစ်ပါကြောင်းနှင့် ကုန်ထုတ်လုပ်မှုမြှင့်တင်ရေး၊ သွင်းကုန်အစားထိုး အရည်အသွေးမြင့် ဆေးဝါးအမျိုးအစားများ ထပ်မံတိုးချဲ့ထုတ်လုပ်နိုင်ရေး၊ သုတေသနဆိုင်ရာ လုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ လုပ်ကိုင်နိုင်ရေး၊ ဝန်ထမ်းများကို စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ ပို့ချနိုင်ရေး၊ ဈေးကွက်ချဲ့ထွင်နိုင်ရေးတို့ကို ဆွေးနွေးပြောကြားခဲ့ပြီး အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

**ကြည့်ရှုအားပေး**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့်အတူ သီလဝါအထူးစီးပွားရေးဇုန်သို့ သွားရောက်၍ သီလဝါအထူးစီးပွားရေးဇုန်အတွင်း လုပ်ငန်းလည်ပတ်မှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် သဘောတူညီချက်များ ရယူဆောင်ရွက်ခဲ့

၂၀၁၁ ခုနှစ် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် စတင်လျှောက်လှမ်းစဉ် ကာလကတည်းကပင် ရာနှုန်းပြည့် ငြိမ်းချမ်းရေးရရှိသည့် ဒီမိုကရေစီဖြင့် ဆောင်ရွက်ခဲ့ခြင်းမဟုတ်ဘဲ လက်နက်ကိုင်ပဋိပက္ခများအကြားမှပင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ၂၀၁၁ ခုနှစ်တွင်ငြိမ်းချမ်းရေးအတွက်ဖိတ်ခေါ်၍ ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ NCA လက်မှတ်မရေးထိုးမီကာလအတွင်း Gentleman Agreement များဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် သဘောတူညီချက်များ ရယူဆောင်ရွက်ခဲ့သည်များလည်း ရှိကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၄-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ရပ်ဝန်းနှင့် ပိုးလမ်းမ ပူးပေါင်းဆောင်ရွက်မှုနိုင်ငံများ၏ အဆင့်မြင့်ညီလာခံသို့ ပါဝင်တက်ရောက်

**နေပြည်တော် ဇွန် ၂၄**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ယမန်နေ့ ညနေ ၆ နာရီခွဲတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ရပ်ဝန်းနှင့် ပိုးလမ်းမ ပူးပေါင်းဆောင်ရွက်မှုနိုင်ငံများ၏ ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးနှင့် စဉ်ဆက်မပြတ် စီးပွားရေးပြန်လည်နာလန်ထူရေးဆိုင်ရာ အဆင့်မြင့်ညီလာခံသို့ နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပါဝင်တက်ရောက်ခဲ့သည်။ **(ယာပုံ)**



ညီလာခံတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးဖြစ်သူ မစ္စတာ ဝမ်ယိက သဘာပတိအဖြစ်ဆောင်ရွက်ပြီး ကိုလံဘီယာနိုင်ငံ သမ္မတ၊ ဖီဂျီနိုင်ငံ ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး၊ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး၊ ကာဇတ်စတန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး၊ ကာဂျီစတန်နိုင်ငံ အစိုးရအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ကြီး၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး၊ တာခ်မင်နစ္စတန်နိုင်ငံ အစိုးရအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် နိုင်ငံခြားရေးဝန်ကြီး၊ အခြားနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၊ ဘာသာရပ်ဆိုင်ရာ ဝန်ကြီးများအပါအဝင် စုစုပေါင်းနိုင်ငံ (၂၉) နိုင်ငံမှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများမှ အဆင့်မြင့်ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။

ညီလာခံသို့ တက်ရောက်လာသည့် ကိုယ်စားလှယ်များက ကိုဗစ်-၁၉ ကူးစက်ရောဂါ ဆိုင်ရာ စိန်ခေါ်မှုများ ဖြေရှင်းနိုင်ရေးနှင့် ကူးစက်ရောဂါအလွန်ကာလ၌ စဉ်ဆက်မပြတ် စီးပွားရေးပြန်လည်နာလန်ထူရေးအတွက် နိုင်ငံအလိုက် ကြိုးပမ်းအားထုတ်မှုများကို ဖလှယ်ခဲ့ကြသည်။ ထို့အပြင် သဟဇာတဖြစ်သည့် ဂေဟစနစ်ကို ထိန်းသိမ်းခြင်း၊ စိမ်းလန်းသောအခြေခံအဆောက်အဦ ဖွံ့ဖြိုးမှု မြှင့်တင်ခြင်း၊ ရာသီဥတုပြောင်းလဲမှုကို စုပေါင်းအင်အားဖြင့် တုံ့ပြန်ခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေမှုရှိသည့် စီးပွားရေး အသွင်ကူးပြောင်းခြင်း စသည့်ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ညီလာခံတွင် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က မြန်မာနိုင်ငံ၌ "မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေးမူ" နှင့်အညီ အစီအမံများချမှတ်၍ ကိုဗစ်-၁၉ ကူးစက်ရောဂါနှင့် အဆိုပါရောဂါ၏ စီးပွားရေးအပေါ် သက်ရောက်မှုများကို တုံ့ပြန်လျက်ရှိမှုကို ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ခွဲဝေမှုစနစ်သည် မျှတပြီးပွင့်လင်းမြင်သာရန် လိုအပ်ကြောင်း၊ ဖွံ့ဖြိုးမှုအနည်းဆုံးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကာကွယ်ဆေးများရရှိရေးအတွက် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများအနေဖြင့် တတ်နိုင်သရွေ့နည်းလမ်းများဖြင့် ဘဏ္ဍာငွေထောက်ပံ့မှုများ ပြုလုပ်စေလိုကြောင်း အလေးထား တိုက်တွန်းခဲ့သည်။ ထို့အပြင် ပြည်ထောင်စုဝန်ကြီးက တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရမှ မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ကူးစက်ရောဂါတိုက်ဖျက်ရေးတွင် အကူအညီ အထောက်အပံ့များ ပေးအပ်ခဲ့သည့်အတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိမ်းရောင်ပိုးလမ်းမ (Green Silk Road) ဖော်ဆောင်ရေးနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအနေဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ၂၀၃၀ အာဂျင်ဒါနှင့်အညီ နိုင်ငံအတွင်း ရေရှည်ဖွံ့ဖြိုးတိုးတက်သော အစိမ်းရောင် စီးပွားရေး ဖော်ဆောင်နေမှု အခြေအနေများကို မျှဝေခဲ့ပါသည်။ ထို့အပြင် ဖွံ့ဖြိုးတိုးတက်သော အစိမ်းရောင်ပိုးလမ်းမတစ်ရပ် တည်ထောင်နိုင်ရေးအတွက် ရပ်ဝန်းနှင့် ပိုးလမ်းမ ပူးပေါင်းဆောင်ရွက်မှုနိုင်ငံများအနေဖြင့် ဖွံ့ဖြိုးရေး စီမံကိန်းများကို ဆက်လက်ဖော်ဆောင်ရန်၊ ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်သည့် စီးပွားရေးလုပ်ငန်းများ ဖော်ဆောင်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန် တိုက်တွန်း ပြောကြားခဲ့သည်။

ညီလာခံသို့ တက်ရောက်လာသည့် ရပ်ဝန်းနှင့်ပိုးလမ်းမ ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်နိုင်ငံများမှ "ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ဆေးပူးပေါင်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ရပ်ဝန်းနှင့် ပိုးလမ်းမ မိတ်ဖက်နိုင်ငံများ၏ ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ်" နှင့် "အစိမ်းရောင် ဖွံ့ဖြိုးတိုးတက်မှုအတွက်ရပ်ဝန်းနှင့်ပိုးလမ်းမ မိတ်ဖက်နိုင်ငံများ၏ ဦးဆောင်ဦးရွက်ပြုမှု အစီအစဉ်" တို့ကို ပူးတွဲထုတ်ပြန်ခဲ့ကြသည်။

အဆိုပါညီလာခံသို့ပြည်ထောင်စုဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိများလည်း တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ပညာရည်မြင့်မားရေးနှင့် လူ့စွမ်းအားမြှင့်တင်ရေးဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၂၄**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ပညာရည်မြင့်မားရေး၊ လူ့စွမ်းအားဖွံ့ဖြိုးရေးနှင့် အသိပညာဖြန့်ဝေရေး(Knowledge Sharing Program– KSP) အစီအစဉ်အရ ဝန်ထမ်းဖွဲ့စည်းပုံ၊ ဝန်ထမ်းခန့်ထားမှု၊ ဝန်ထမ်းရေးရာဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး (နေပြည်တော်) စုပေါင်းခန်းမ၌ ကျင်းပ သည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်က ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေတွင် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံနှင့် ဖွဲ့စည်းပုံအင်အားတို့သည် လုပ်ငန်းတာဝန်နှင့်လျော်ကန်မျှတမှု ရှိ မရှိ၊ ဝန်ထမ်းခန့်ထားမှုသည် ခွင့်ပြုအင်အားအတွင်း ရှိ မရှိ၊ မူလရည်ရွယ်ချက်၊ ရည်မှန်းချက်များကို အကောင်အထည်ဖော်နိုင်မှု ရှိ မရှိတို့ကို စစ်ဆေးရန်တို့ပါဝင်ကြောင်း၊ သို့ဖြစ်၍ ဝန်ထမ်းများအနေဖြင့် ယနေ့ဆွေးနွေးချက်များအပေါ် အပြန်အလှန်ဆွေးနွေးမေးမြန်းခြင်း၊ လေ့လာဆန်းစစ်ခြင်းများ ပြုလုပ်၍ လက်တွေ့လုပ်ငန်းများဆောင်ရွက်ရာတွင် ပြန်လည်အသုံးချစေလိုကြောင်း၊ အနာဂတ် ပညာရည်မြင့်မားရေး၊ စွမ်းဆောင်ရည်မြင့်မားရေးနှင့် နိုင်ငံတကာနှင့်ရင်ပေါင်တန်း ဆောင်ရွက်နိုင်ရေး ကြိုးစားဆောင်ရွက်သွားစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံရေးရာလေ့ကျင့်ရေးနှင့် သုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သန္တာလေးက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ဝန်ထမ်းဖွဲ့စည်းပုံ၊ ဝန်ထမ်းခန့်ထားမှုနှင့် ဝန်ထမ်းရေးရာဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်းများ၊ တက်ရောက်လာသူများက ဆွေးနွေးမေးမြန်းခြင်းများ ပြုလုပ်ကြသည်။

ယနေ့ဆွေးနွေးပွဲမှာ သတ္တမအကြိမ်မြောက်ဖြစ်ပြီး ဝန်ထမ်းများ ပညာရည်မြင့်မားရေး နှင့် လူ့စွမ်းအားမြှင့်တင်ရေးတို့အတွက် အပတ်စဉ် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ဆွေးနွေးပွဲသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေး)၊ ဒုတိယ အမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ (စစ်ဆေးရေး/စီမံ)၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများနှင့် စာရင်းစစ်မှူးများ တက်ရောက်ခဲ့ကြပြီး ကိုဗစ်ကာကွယ်ရေး စည်းမျဉ်းများနှင့်အညီ စုပေါင်းခန်းမနှင့် သင်တန်းကျောင်းများတွင် Virtual စနစ်ဖြင့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဧရာဝတီတိုင်းဒေသကြီးအတွင်း ဌာနလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၄

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ဇွန် ၂၃ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ပုသိမ်ဘူတာ၊ ပုသိမ်မြစ်အတွင်း မြစ်ကြမ်းခင်း မြေသားစွမ်းအင်မြှင့်တင်ပေးခြင်း လုပ်ငန်းနေရာ၊ ကမ်းနားလမ်းတိုးချဲ့ခြင်းနှင့် ကမ်းနားတစ်လျှောက် သာယာလှပရေးလုပ်ငန်းနေရာနှင့် အပြည်ပြည်ဆိုင်ရာ ရေအောက်ဆက်သွယ်ရေးစခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။**




ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နံနက် ၈ နာရီတွင် ပုသိမ်ဘူတာ၌ မြန်မာ့မီးရထားမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ရထားစီးခရီးသည်များ စိတ်ချမ်းမြေ့စွာခရီးသွားလာနိုင်ရေး၊ ရထားများ အချိန်မှန်ကန်မှုရှိစေရေး၊ ရထားလမ်းများကောင်းမွန်စေရေး၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာဆောင်ရွက်ရေး မှာကြားပြီး ပုသိမ်ဘူတာကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့အား ပုသိမ်မြစ် မြစ်ကြမ်းခင်း မြေသားစွမ်းအင် မြှင့်တင်ခြင်းလုပ်ငန်းနေရာတွင် တာဝန်ရှိသူက ရေပြင်ပိုင်းနှင့် ဆက်စပ်သည့် ကုန်းတွင်းပိုင်းတွင် ဆောင်ရွက်မည့်လုပ်ငန်းများ၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များအား သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ထို့နောက် ပုသိမ်မြစ်အတွင်း မြစ်ကြမ်းခင်း မြေသားစွမ်းအင် မြှင့်တင်ပေးခြင်းလုပ်ငန်း၊ ပုသိမ်ကမ်းနားလမ်း တိုးချဲ့ခြင်း လုပ်ငန်းနေရာများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီး ဧရာရွှေဝါခန်းမ၌ ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းအဖွဲ့အစည်းများမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံပြီး **(အပေါ်ပုံ)** လိုအပ်သည်များကို မှာကြားကာ ဌာနများမှ အရာထမ်း၊ အမှုထမ်းများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပုသိမ်မြို့ အပြည်ပြည်ဆိုင်ရာ ရေအောက်ဆက်သွယ်ရေးစခန်းသို့ ရောက်ရှိပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာက ရေအောက်ကေဘယ်ဆက်သွယ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇွန် ၂၄

**ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် – တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝင်းအတွင်းရှိ ဘောလုံးအားကစားကွင်းအနီး မြေကွက်လပ်၌ ကျင်းပသည်။ (အောက်ပုံ)**



ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်က သတ်မှတ်နေရာ၌ ပိတောက်ပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများက ပျိုးပင်များကို သတ်မှတ်နေရာ အသီးသီးတွင် စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝန်ထမ်းများ စုပေါင်းသစ်ပင် စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးသည်။

ယနေ့ စိုက်ပျိုးမှုတွင် စိန်ပန်း၊ တမာ၊ မဲဇလီ၊ ပိတောက်၊ ကုက္ကို၊ ခရေ၊ ရေတမာ၊ လျှော်ဖြူ၊ သပြေပူတ၊ စိန်တံချူ၊ သရက်၊ စွယ်တော်၊ ဗာဒံ၊ မန်ကျည်း စုစုပေါင်း သစ်ပင်/ပျိုးပင် ၆၀၀ စိုက်ပျိုးခဲ့ကြပြီး ယခုနှစ်မိုးရာသီတွင် သစ်ပင်/ပျိုးပင် စုစုပေါင်း ၂၀၀၀ စိုက်ပျိုးလျက်ရှိသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် Radio Transmitter–1 တွင် မေယု FM ထုတ်လွှင့်နေမှုကို လည်းကောင်း၊ Radio Transmitter–2 တွင် ထုတ်လွှင့်ရန် ပြင်ဆင်ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက် တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိပြီး Steel Structure နှစ်ထပ် အဆောက်အဦ အရွယ်အစား (၁၀၀ x ၇၅) ပေ ဆောက်လုပ်မှုတွင် အုတ်မြစ်စီ သံကူကွန်ကရစ်လောင်းခြင်း လုပ်ငန်းပြီးစီးမှုနှင့် သံထည်လုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် Conference Room တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများကာတွန်းရုပ်ရှင်ဖန်တီးမှု သင်တန်းဖွင့်လှစ်လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးခဲ့သည်။

**သတင်းစဉ်**

# စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၂၄**

စက်ပစ္စည်းကြီးကြပ်မှုကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ စက်ပစ္စည်းကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် ဝန်ကြီးဌာနအသီးသီးမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီးက စက်ပစ္စည်းကြီးကြပ်မှုကော်မတီကို ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ် ၁၂ ဦးဖြင့် ဖွဲ့စည်းထားရှိပါကြောင်း၊ စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန် (၁၀) ချက် သတ်မှတ်ထားရှိသော်လည်း အဓိကလုပ်ငန်းတာဝန်များမှာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း/ ဝန်ကြီးဌာနများတွင်ရှိသော နိုင်ငံပိုင် မော်တော်ယာဉ်၊ မီးရထား၊ ရေယာဉ်၊ လေယာဉ်အပါအဝင် စက်ပစ္စည်းများကို အကျိုးရှိစွာ အသုံးချနိုင်ရေး စိစစ်ကြပ်မတ်ခြင်းနှင့် လိုအပ်သည့် မူဝါဒ၊ ညွှန်ကြားချက်များ ချမှတ်ပေးခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ “ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများတွင်ရှိသော သက်တမ်းလွန်နေသည့် ဆီတွဲ၊ မီးရထားတွဲ၊ မော်တော်ယာဉ်များအား ပြင်ဆင်ပြီး အသုံးပြုရန်နှင့် ပြင်ဆင်မရပါက ဆောလျင်စွာ လုပ်ထုံးလုပ်နည်းနှင့်အညီ စာရင်းရှင်းလင်းနိုင်ရေး ဆောင်ရွက်သွားရန်” ဟု လမ်းညွှန်မှု ပြုထားသဖြင့် ကော်မတီ၏လုပ်ငန်းတာဝန်များကို အထူးအလေးထား ကြပ်မတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အဖွဲ့ဝင်များအနေဖြင့်လည်း ကော်မတီက ဆောင်ရွက်နေသည့် လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်နှင့် လုပ်ငန်းအဆင်ပြေစွာ ဆောင်ရွက်နိုင်ရန်တို့အတွက် ဝိုင်းဝန်းဆွေးနွေးပေးကြပါရန်နှင့် တင်ပြလိုသည်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအကြံပြုပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ စက်ပစ္စည်းကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် လက်ရှိဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ကော်မတီအဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြု ညှိနှိုင်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ အလွန် ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးတိုးတက်စေရေး ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဇွန် ၂၄**

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပထမအကြိမ် အမျိုးသား ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ အစည်းအဝေး ကျင်းပရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ကြီးရုံး နီလာခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**




အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ အလွန် ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ခြင်း၊ Pilot Project များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ခရီးသွားဈေးကွက် ရှာဖွေမြှင့်တင်ခြင်းပါဝင်သည့် အဆင့် (၃)ဆင့် သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပထမအဆင့်ဖြစ်သည့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ပြီး ဒုတိယအဆင့်အနေဖြင့် ကျင်းပမည့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး Pilot Project (၅)ခုကို သက်ဆိုင်ရာ ခရီးစဉ်ဒေသများ၌ ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အကောင်အထည်ဖော်နိုင်ရေးအတွက် လိုအပ်သည်များကို စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ တတိယအဆင့်အနေဖြင့် နိုင်ငံတကာလေကြောင်းလိုင်းများ ပြန်လည်ဖွင့်လှစ်နိုင်မှုအပေါ် မူတည်၍ Inbound ခရီးသွားလုပ်ငန်း ပြန်လည်စတင်ရန် ဈေးကွက်အလိုက် လုပ်ငန်းဆောင်ရွက်မှုများ၏ လိုအပ်ချက်များ၊ ခရီးသည်များ၏ လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးရန် စီစဉ်ဆောင်ရွက်ထားရှိပါကြောင်း။

ယခုအခါတွင် မြန်မာနိုင်ငံရှိ တိုင်းဒေသကြီး/ ပြည်နယ်အချို့တွင် ကိုဗစ်-၁၉ တတိယလှိုင်း ပြန်လည်ဖြစ်ပေါ်နေသဖြင့် အရှိန်ရရှိခါစ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ထိခိုက်ဆုံးရှုံးမှု မဖြစ်ပေါ်စေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသည့် ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ရှိသူများက ကြပ်မတ်စစ်ဆေးဆောင်ရွက်နိုင်ရန် စီမံချက်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ အစည်းအဝေးသို့ တက်ရောက်ကြမည့်သူများကို ဖိတ်ကြားရေးနှင့် အစည်းအဝေး ကျင်းပရေးများ စီမံဆောင်ရွက်ရာတွင်လည်း လိုအပ်ချက်များမရှိစေရန် ဝိုင်းဝန်းပူးပေါင်းပြီး စနစ်တကျ စီမံဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို အသေးစိတ် ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ် ဝန်ထမ်းမိသားစု အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၂၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ် ဝန်ထမ်းမိသားစု အားကစားပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ကြီးရုံးနှင့် ဦးစီးဌာနသုံးခုမှ တာဝန်ရှိသူများ တက်ရောက်အားပေးသည်။

အားကစားပြိုင်ပွဲများကို ဇွန် ၂၄ ရက်မှ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အမျိုးသားများအတွက် ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် အမျိုးသမီးများအတွက် ထုပ်ဆီးတိုးပြိုင်ပွဲများ ထည့်သွင်း ကျင်းပမည်ဖြစ်သည်။ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အမျိုးသားအသင်း ခုနစ်သင်းနှင့် အမျိုးသမီးအသင်း လေးသင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ဝန်ကြီးဌာန အားကစားကော်မတီ အနေဖြင့် အနိုင်ရသည့်အသင်းကို ဆုဖလားနှင့်အတူ ဆုကြေးငွေအဖြစ် ပထမဆု ငွေကျပ် သုံးသိန်း၊ ဒုတိယဆု ငွေကျပ် နှစ်သိန်း၊ တတိယဆု ငွေကျပ် တစ်သိန်းနှင့် နှစ်သိမ့်ဆုရသည့် အသင်းများကို ငွေကျပ် ငါးသောင်းစီ ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ထူးချွန်သည့် အားကစားသမားများကို ရွေးထုတ်ပြီး လာမည့်ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲတွင် ဝန်ကြီးဌာနကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်စေမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ထံ MRTV က တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းလာမှုများကို ပြန်လည်ဖြေကြားခြင်း

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့မှ ဗိုလ်မှူးကောင်းထက်စံ က MRTV မှ တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းလာမှုများကို အောက်ပါအတိုင်း ရှင်းလင်းဖြေကြားခဲ့ပါသည်-**

**မေး ။** **မြောင်းမြမြို့က စာသင်ကျောင်းတွေမှာ ကိုဗစ်ရောဂါကူးစက်မှု မြင့်မားလာတာကြောင့် မိဘတွေက သူတို့ကလေးတွေကို ပြန်လိုက်ခေါ်ရာမှာ ကျောင်းသားတွေကို မိဘတွေလာခေါ်လည်း ပြန်မလွှတ်ဖို့ တပ်မတော်က ဖိအားပေးတယ်ဆိုတဲ့ သတင်းနဲ့ ပတ်သက်ပြီး Mizzima-news in Burmese ဖော်ပြထားတာကို သတင်းအမှန် ပြန်လည်ဖြေကြားပေးစေလိုပါတယ်။**

ဖြေ။ အခြေခံပညာကျောင်းတွေ ပြန်လည်ဖွင့်လှစ်ရာမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ ပညာရေးဝန်ကြီးဌာန ပူးပေါင်းပြီး COVID- 19 ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းလမ်းညွှန်များရေးဆွဲပြီး စနစ်တကျ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနဲ့ သံသယလူနာတွေ့ရှိပါက ချက်ချင်းတုံ့ပြန်ဆောင်ရွက်မှုတွေကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွေက ပညာရေးဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

လက်ရှိအနေနဲ့ Stay at Home ကြေညာထားတဲ့မြို့နယ်တွေမှာ အခြေခံပညာကျောင်းများကို ခေတ္တယာယီပိတ်ထားပြီး ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွေကို သက်ဆိုင်ရာဝန်ကြီးဌာနတွေက ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

မြောင်းမြမြို့က စာသင်ကျောင်းတွေမှာ ကိုဗစ်ရောဂါကူးစက်မှု မြင့်မားလာတာကြောင့် မိဘတွေက သူတို့ကလေးတွေကို ပြန်လိုက်ခေါ်ရာမှာ ကျောင်းသားတွေကို မိဘတွေလာခေါ်ရင် ပြန်မလွှတ်ဖို့




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့မှ ဗိုလ်မှူးကောင်းထက်စံက MRTV မှ တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းမှုများကို ဖြေကြားစဉ်။

တပ်မတော်ကနေ ဖိအားပေးတယ်ဆိုတဲ့ သတင်းနဲ့ ပတ်သက်ပြီး လုံးဝမရှိပါဘူးလို့ ဖြေကြားလိုပါတယ်။ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေရဲ့ ညွှန်ကြားချက်နဲ့အညီ ဆောင်ရွက်လျက်ရှိတယ်လို့ ပြောကြားလိုပါတယ်။

**မေး။** **စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်၊ တရော်ကျင်းကျေးရွာနားမှာ ဇွန်လ ၂၂ ရက်တုန်းက တပ်မတော်နဲ့ PDF တွေ တိုက်ပွဲဖြစ်ခဲ့တယ်လို့ DVB TV News က ရေးသားထားတာ တွေ့ရပါတယ်။ အဲဒီသတင်းနဲ့ ပတ်သက်ပြီး သိချင်ပါတယ်။**

ဖြေ ။ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့တွေဟာ တရော်ကျင်းကျေးရွာအပြင်က အပြစ်မဲ့ ပြည်သူတွေရဲ့ အိမ်တွေကို မီးရှို့ဖျက်ဆီးနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက နယ်မြေတည်ငြိမ်လုံခြုံရေးဆောင်ရွက်ဖို့အတွက် သွားရောက်စဉ် ဇွန်လ ၂၂ ရက်နေ့မှာ ယင်းမာပင်မြို့နယ် တရော်ကျင်းကျေးရွာရဲ့ အနောက်ဘက် မီတာ ၃၀၀ ခန့်အကွာကို ရောက်ရှိတဲ့အခါ အကြမ်းဖက် လက်နက်ကိုင်အင်အား ၈၀ ခန့်ကနေပြီးတော့ တူမီးသေနတ်၊ လက်လုပ်မိုင်းတွေနဲ့ ပစ်ခတ်တိုက်ခိုက်တဲ့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားခဲ့တာရှိပါတယ်။ ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး တူမီးခဲစ ထိမှန် (မစိုးရိမ်ရ) ဒဏ်ရာရရှိတာသာ ရှိပါတယ်။

အဲဒီနေရာကို နောက်ထပ်လုံခြုံရေးတပ်ဖွဲ့ဝင်တွေ စစ်ကူသွားရောက်စဉ်မှာ ဘန့်ဘွေးရွာရဲ့ အနောက်မြောက်ဘက်မီတာ ၂၀၀၀ ခန့်အကွာကိုအရောက် အကြမ်းဖက် လက်နက်ကိုင်အင်အား ၃၀ ခန့်က တူမီးသေနတ်များနဲ့ ပစ်ခတ် တိုက်ခိုက်ခဲ့လို့ အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားခဲ့ပြီးတော့ အဲဒီဖြစ်စဉ်မှာ အကြမ်းဖက်လက်နက်ကိုင်တွေရဲ့ လက်လုပ်သေနတ်တစ်လက်ကို သိမ်းဆည်းရမိခဲ့ပါတယ်။ အကြမ်းဖက်သောင်းကျန်းသူများကြောင့် အိမ် ရှစ်လုံး မီးလောင်ပျက်စီးတယ်လို့ သိရပါတယ်။

တိကျသေချာတဲ့ သတင်းဆိုရာမှာ ခိုင်လုံတဲ့ သတင်းအရင်းအမြစ်က လာရမယ်။ မှန်ကန်တဲ့ သတင်းဓာတ်ပုံပါမှသာ မှန်ကန်တဲ့ သတင်းဖြစ်မယ်ဆိုတာ ပြောကြားလိုပါတယ်။

(၃၄) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

# တစ်မျိုးသားလုံးမူးယစ်အန္တရာယ်ကင်းစင်ဖို့ ဝိုင်းဝန်းကာကွယ်တားဆီးစို့

**မောင်သင်းပျံ့၊ ဓာတ်ပုံ - ဇွဲမာန်**

ယနေ့ ကမ္ဘာနှင့်အဝန်း လူငယ်ထုတစ်ရပ်လုံးမှာ မူးယစ်ဆေးဝါးအန္တရာယ်နှင့် ကြုံတွေ့နေရပြီး မူးယစ်ဆေးဝါးကို အလွယ်တကူဝယ်ယူသုံးစွဲနိုင်သည့် အခြေအနေသို့ ရောက်ရှိနေသည်။ လူလုပ်မူးယစ်ဆေးဝါးများ (synthetic drugs)မှာလည်း အချိန်နှင့်အမျှ ပေါ်ပေါက်လာလျက်ရှိရာ အဆိုပါ စိန်ခေါ်မှုကို ကမ္ဘာနှင့်အဝန်း ရင်ဆိုင်နေရသည်။ လူလုပ်မူးယစ်ဆေးဝါးများချက်လုပ်ရာတွင် အဓိကကျသော ပရီကာဆာဓာတုပစ္စည်းများမှာ မြန်မာနိုင်ငံတွင် ထုတ်လုပ်နိုင်ခြင်းမရှိဘဲ စက်မှုဓာတု ကုန်ကြမ်းပစ္စည်းများ အဓိကထုတ်လုပ်ရာ နိုင်ငံများမှ နည်းလမ်းအမျိုးမျိုးဖြင့် ဝင်ရောက်လာလျက်ရှိသည်။ မူးယစ်ဆေးဝါးထုတ်လုပ်ခြင်း၊ ဖြန့်ဖြူး ရောင်းဝယ်ခြင်းနှင့် သုံးစွဲခြင်းတို့သည် ကမ္ဘာ့နိုင်ငံအသီးသီးတွင် လူသားတို့၏ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ဒေသတွင်း တည်ငြိမ်အေးချမ်းရေးကို ထိခိုက်စေလျက်ရှိရာ လူသားတို့၏ဘဝ ရှင်သန်နေထိုင်ရေးကိုပါ ခြိမ်းခြောက်လျက်ရှိသည်။ လူသားအားလုံးကို အညွန့်တုံးစေမည့် မူးယစ်ဆေးဝါးအန္တရာယ်ကို ဝိုင်းဝန်းစုပေါင်း လက်တွဲ၍ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဟန်ချက်ညီညီ ကာကွယ်တားဆီး တိုက်ဖျက်ရမည့်အချိန်အခါလည်း ဖြစ်သည်။

### ဘိန်းသမိုင်း

ဘိန်းပင်သည် ကျောက်ခေတ်ကာလက မြေထဲပင်လယ်အနီး တောင်တန်းများပေါ်တွင် သဘာဝအလျောက် ပေါက်ရောက်ခဲ့သော အပင်ဖြစ်ကြောင်း ပညာရှင်တို့က သုံးသပ်ခဲ့သည်။ ဘိန်းပင်ကို BC ၃၄၀၀ ခန့်က မက်ဆိုပိုတေးမီးယားဒေသ(ယခု အီရတ်နိုင်ငံ Euphrates မြစ်နှင့် Tigirs မြစ်ဝှမ်းဒေသ)တွင် စတင်စိုက်ပျိုးခဲ့ကြောင်း သမိုင်းရှိခဲ့ပြီး ထိုမှတစ်ဆင့် ဥရောပအလယ်ပိုင်းနှင့် အီဂျစ်သို့ ပျံ့နှံ့ရောက်ရှိခဲ့သည်။ ဘိန်းကို ခရစ်တော်မပေါ်မီ နှစ် ၁၀၀၀ ခန့်က ဆေးဝါးအဖြစ် နာကျင်ကိုက်ခဲမှုနှင့် ဝမ်းကိုက်ပျောက်ဆေးအဖြစ် အသုံးပြုခဲ့ရာမှ သုံးစွဲမှုများလာပြီး ဘိန်းကို နှစ်သက်စွဲလမ်းလာခြင်း ဖြစ်သည်။

မြန်မာနိုင်ငံတွင် ရှေးမင်းများလက်ထက်က ဘိန်းမရှိခဲ့ဘဲ အေဒီ ၁၅၀၀ တွင် ပေါ်တူဂီလူမျိုးများ အိန္ဒိယနိုင်ငံမှတစ်ဆင့် တရုတ်နိုင်ငံသို့ ဘိန်းကုန်ကူးခြင်း စတင်ခဲ့သည်။ အေဒီ ၁၅၈၀ ခန့်တွင် အိန္ဒိယမှ ပုသိမ်ဆိပ်ကမ်းသို့ သယ်ဆောင်လာသော ဘိန်းနှင့် သန်လျင်ဆိပ်ကမ်းသို့ အာရပ်ကုန်သည်များ သယ်ဆောင်လာသော ဘိန်းများရောက်ရှိခဲ့ကြောင်း အင်္ဂလိပ်လူမျိုး ဂျွန်ပင်ကာတန်၏ ခရီးသွားမှတ်တမ်းတွင် ဖော်ပြခဲ့သည်။ ၁၅၈၀ ပြည့်နှစ်တွင် အီတလီနိုင်ငံ ဗင်းနစ်မြို့မှ စီဇာဖရက်ဒရစ်ဆိုသူ ပဲခူးမြို့သို့ ရောက်ရှိပြီး ဘိန်းများ သယ်ဆောင်လာကာ ၁၆၁၃ ခုနှစ်တွင် ဟံသာဝတီ(ပဲခူး)တွင် ဘိန်းကို




ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း လားရှိုးမြို့၌ပြုလုပ်သော ၂၀၂၀ ပြည့်နှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနား၌ မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို ကြည့်ရှုစစ်ဆေးစဉ်။

စတင် ရောင်းချခဲ့သည်။ ၁၈၂၆ ခုနှစ် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲအပြီးတွင် ရခိုင်နှင့် တနင်္သာရီဒေသသို့ ဘိန်းများ တင်သွင်းခဲ့ရာ မြန်မာနိုင်ငံ ကိုလိုနီလက်အောက် ကျရောက်ပြီးနောက် ဘိန်းစိုက်ပျိုး၊ ထုတ်လုပ်၊ သုံးစွဲမှု စတင်ခဲ့သည်။ ထိုအချိန်က အင်္ဂလိပ်တို့သည် ရှမ်းပြည်နယ်နှင့် ကချင်တောင်တန်းဒေသတို့တွင် ဘိန်းကို တရားဝင်စိုက်ပျိုးခွင့် ပြုခဲ့သည်။

### ကျူးကျော်စိုက်ပျိုးထုတ်လုပ်

၁၉၄၆-၁၉၅၀ ခုနှစ်တွင် တရုတ်ဖြူကူမင်တန်တပ်များ ရှမ်းပြည်သံလွင်အရှေ့ခြမ်းသို့ ဝင်ရောက် ကျူးကျော်ခဲ့ရာ ဘိန်းကို စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး အသွင်ဖြင့် စိုက်ပျိုးထုတ်လုပ်ခဲ့ပြီး ဘိန်းဖြန့်ချိရာ နေရာတစ်ခုအဖြစ် မြန်မာပြည်ကို အသုံးချခဲ့သည်။ ထိုအချိန်က နိုင်ငံရေးအကျပ်အတည်းများရင်ဆိုင်နေရသော နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းတည်ငြိမ်အေးချမ်းရေးနှင့် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးကို ကြိုးပမ်းနေချိန်ဖြစ်ရာ အခက်အခဲများကြားမှ ပြည်ပကျူးကျော်မှုနှင့် ပြည်တွင်း မငြိမ်သက်မှုတို့ကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြည်သူတို့ လက်တွဲညီညီ တွန်းလှန်ခဲ့ကြသည်။ တဖြည်းဖြည်းကြီးထွားလာသော သံလွင်အရှေ့ခြမ်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှုအန္တရာယ်မှာ နိုင်ငံ၏ အချုပ်အခြာအာဏာကိုထိပါးလာသောကြောင့် အမျိုးသားရေးတာဝန်တစ်ရပ် အဖြစ် ရှင်းလင်း ဆောင်ရွက်ခဲ့ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် တိုင်းရင်းသားညီအစ်ကိုတို့ အသက်များစွာ ပေးဆပ်၍ အောင်မြင်မှုရရှိခဲ့သည်။

တရုတ်ဖြူ ကူမင်တန်တပ်များ မြန်မာနိုင်ငံသို့ ကျူးကျော်ဝင်ရောက်မှုနှင့် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု အကျိုးဆက်ကို ယနေ့တိုင် တိုင်းရင်းသားဒေသများ၌ ကြုံတွေ့နေရလျက်ရှိသည်။

### အမျိုးသားရေးတာဝန်တစ်ရပ် အနေဖြင့်

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော မူးယစ်ဆေးဝါးပြဿနာကို တားဆီးနှိမ်နင်းရာ၌ ပင်ရင်းထုတ်လုပ်၊ သိုလှောင်၊ ဖြန့်ဖြူးသူတို့ကို အဓိကထားဆောင်ရွက်ခြင်းနှင့် ကွင်းဆက်ပြတ်၍ ပိုင်ရှင် စုံစမ်းဆဲဖြစ်သွားသော မူးယစ်ဆေးဝါးများ ဖမ်းဆီးရရှိမှုကို တင်းကျပ်စွာ ဖြေရှင်းဆောင်ရွက်ခြင်းဖြင့် တစ်ချိန်တွင် ယခုထက်ပိုမို ကြီးထွားလာနိုင်သော မူးယစ်ဆေးဝါးပြဿနာများကို ဖြေလျှော့စေမည်ဖြစ်သည်။ ထို့အပြင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအဖွဲ့၏ လုပ်ပိုင်ခွင့်ကို အပြည့်အဝဖြည့်ဆည်းမှုနှင့်အတူ ဆုပေး၊ ဒဏ်ပေးစနစ်ကို ပြင်ဆင်ဆောင်ရွက်ခြင်းသည် တပ်ဖွဲ့ဝင်တို့၏ စွမ်းရည်ကို မြှင့်တင်စေလျက်ရှိသည်။

မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုမှရရှိလာသော ငွေကြေးနှင့် အကျိုးအမြတ်တို့သည့် အကျင့်ပျက်ခြစားမှု၊ ငွေကြေးခဝါချမှု၊ တရားမဝင်သစ်ရောင်းဝယ်မှု၊ လူကုန်ကူးမှု၊ အစွန်းရောက် အကြမ်းဖက်တိုက်ခိုက်မှု၊ လက်နက်မှောင်ခိုမှုနှင့် ပင်လယ်ဓားပြမှုစသော နိုင်ငံဖြတ်ကျော်မှုခင်းများ အရှိန်မြင့်စေရန် လောင်စာသဖွယ် တွန်းအားပေးလျက်ရှိသည်။ မြန်မာနိုင်ငံသည် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု၊ စိတ်ပြောင်းဆေးဝါးများ ထုတ်လုပ်မှုနှင့် မူးယစ်ဆေးဝါးသုံးစွဲမှု ပြဿနာတို့ကို ရင်ဆိုင်နေရပြီး နိုင်ငံတော်အစိုးရမှ မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ် အနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိရာ ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်တွန်းလှန်ခြင်းဖြင့် မူးယစ်ဆေးဝါးကင်းစင်၍ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို တည်ဆောက်နိုင်မည် ဖြစ်သည်။

### ဘိန်းစိုက်ပျိုးထုတ်လုပ်မှုကျဆင်း

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် တရားမဝင်ဘိန်းစိုက်ပျိုးထုတ်လုပ်သော နိုင်ငံတစ်ခုဖြစ်ပြီး နိုင်ငံတော်အစိုးရ အဆက်ဆက်နှင့် ပြည်သူလူထု ပူးပေါင်းဆောင်ရွက်မှုဖြင့် တရားမဝင် ဘိန်းစိုက်ပျိုးမှုများ လျော့ကျလာခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် ဘိန်းစိုက်ပျိုးမှု ဟက်တာ ၁၆၃၀၀၀ ရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်တွင် ဘိန်းစိုက်ပျိုးမှုမှာ ဟက်တာ ၃၃၁၀၀ ရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် ဟက်တာ ၂၉၅၀၀ ရှိခဲ့ရာ ၂၀၁၉ ခုနှစ်ထက် ၁၁ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ ၂၀၁၉ ခုနှစ်တွင် ဘိန်းထုတ်လုပ်မှုအနေဖြင့် ၅၀၈ မက်ထရစ်တန်ရှိပြီး ၂၀၂၀ ပြည့်နှစ်တွင် ၄၀၅ မက်ထရစ်တန်သာရှိရာ ၂၀၁၉ ခုနှစ်ထက် ၂၀ ရာခိုင်နှုန်း သိသိသာသာ ကျဆင်းခဲ့သည်။ ထို့အပြင် တရားမဝင် ဘိန်းခင်းများကို ၂၀၁၉-၂၀၂၀ ဘိန်းစိုက်ရာသီတွင် ၂၀၂၆ ဒသမ ၅၈ ဟက်တာနှင့် ၂၀၂၀-၂၀၂၁ ဘိန်းစိုက်ရာသီတွင် ၄၆၃၂ ဒသမ ၉၇ ဟက်တာ ဖျက်ဆီးနိုင်ခဲ့သည်။ ၂၀၁၄ ခုနှစ်မှစ၍ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု တစ်နှစ်ထက်တစ်နှစ် ကျဆင်းလာခြင်းသည် နိုင်ငံတော်အစိုးရနှင့် ဒေသခံပြည်သူတို့ ပူးပေါင်းဆောင်ရွက်မှု၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းဖြစ်သော UNODC တို့နှင့် ပူးပေါင်း ဆောင်ရွက်မှုကြောင့်ဖြစ်သည်။ မြန်မာနိုင်ငံသည် တရားမဝင် ဘိန်းစိုက်ပျိုးထုတ်လုပ်မှုမှာ တတိယအဆင့်သို့ ကျဆင်းခဲ့သော်လည်း ဒေသတွင်းနိုင်ငံများနည်းတူ လူလုပ်မူးယစ်ဆေးဝါးများ ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှုနှင့် သုံးစွဲမှု ပြဿနာများစွာ ကြုံတွေ့နေရလျက်ရှိသည်။ ထို့အပြင် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အဓိကကျသော ပရီကာဆာဓာတုပစ္စည်းများ နယ်စပ်ဖြတ်ကျော်သယ်ဆောင်ခြင်းနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် ဆက်စပ်သော နောက်ဆက်တွဲအန္တရာယ်များ မြင့်တက်လာမှုကို ရင်ဆိုင်လာရလျက်ရှိသည်။



တောင်ကြီးမြို့၌ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးနေစဉ်။

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

**ဈေးကွက်သဖွယ်ဖြစ်ပေါ်လာသော ဓာတုကုန်ကြမ်းပစ္စည်းများ**

ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ကျဆင်းလာမှုနှင့်အတူ ဘိန်းအခြေခံမူးယစ်ဆေးဝါးထုတ်လုပ်မှုမှာလည်း ကျဆင်းလာခဲ့သည်။ သို့ရာတွင် မူးယစ်ဆေးဝါးထုတ်လုပ်ရာ၌ မရှိမဖြစ် လိုအပ်သော ပရိကာဆာဓာတု အစပြုကုန်ကြမ်းများ တရားမဝင် သယ်ဆောင်ရောင်းဝယ်မှုမှာ မြင့်မားလာလျက်ရှိသည်။ ဒေသတွင်း စိတ်ပြောင်းဆေးဝါးထုတ်လုပ်မှု မြင့်မားလာမှုကြောင့် မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှု တိုးမြင့်လာသော်လည်း အသွင်ပြောင်းလာသော လူလုပ်မူးယစ်ဆေးဝါး (synthetic drug) ထုတ်လုပ်မှုကျဆင်းခြင်း မရှိဘဲ ဈေးနှုန်းသက်သာပြီး အရည်အသွေးပိုမိုကောင်းမွန်သော မူးယစ်ဆေးဝါးတို့ကို ပိုမိုထုတ်လုပ်လာလျက်ရှိသည်။ ထိုသို့ ထုတ်လုပ်နိုင်ရန် ဈေးကွက်သဖွယ် ဖြစ်ပေါ်လာသော ဓာတုကုန်ကြမ်း ပစ္စည်းများ အရေးပါလျက်ရှိပြီး အသွင်ပြောင်းလဲလာသော လူလုပ်မူးယစ်ဆေးဝါး ထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုကုန်ကြမ်းပစ္စည်းတို့ကို အိမ်နီးချင်း နယ်စပ်ဒေသတို့မှ တရားမဝင် ဝင်ရောက်လျက်ရှိသောကြောင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ နှစ်စဉ် ဖော်ထုတ်ဖမ်းဆီးရမိလျက်ရှိသည်။

**ဓာတုပစ္စည်းထိန်းချုပ်ရေး ဆောင်ရွက်မှု(Precursor)**

Precursor ဓာတုပစ္စည်းများ မပါဝင်ဘဲ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများထုတ်လုပ်၍ မရနိုင်သဖြင့် Precursor ဓာတုပစ္စည်းများ ထိန်းချုပ်ရေးအခန်းကဏ္ဍသည် အလွန်အရေးပါလာပါသည်။ ထိန်းချုပ်ဓာတုပစ္စည်းများသည် လူသုံး/ အိမ်သုံးကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် လည်းကောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် လည်းကောင်း မရှိမဖြစ်သုံးစွဲနေရသဖြင့် ပြည်ပမှ တင်သွင်းရာတွင် ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေး နည်းဥပဒေနှင့်အညီ ခွင့်ပြုဆောင်ရွက်လျက်ရှိပါသည်။ ထိန်းချုပ်ဓာတုပစ္စည်းများသည် နည်းလမ်းအမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် မြန်မာနိုင်ငံအတွင်း တရားမဝင် တင်သွင်းလျက်ရှိသည်ကို ဖမ်းဆီးရမိမှုများအရ တွေ့ရှိရပါသည်။ တရားဝင် တင်သွင်းမှုမှ လမ်းလွှဲရောက်ရှိမှု မရှိစေရေးနှင့် တရားမဝင်တင်သွင်းမှု မရှိစေရေးပို့ကုန် ကြိုတင်သတင်းပေးစနစ် (Pre-Export Notification-PEN) စနစ်ကို အသုံးပြုကာ ပြည်ပနိုင်ငံများနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် ထိန်းချုပ်ဓာတုပစ္စည်း ၃၉ မျိုးကို ထိန်းချုပ်ဆောင်ရွက်ခြင်းဖြင့် မူးယစ်ဆေးဝါး ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

**စံချိန်စံညွှန်းနှင့်အညီ**

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့သည် ၂၀၁၆ ခုနှစ် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ကမ္ဘာ့မူးယစ်ဆေးဝါးပြဿနာများဆိုင်ရာ အထူးအစည်းအဝေးက ချမှတ်ခဲ့သော လမ်းညွှန်မှုနှင့်အညီ မြန်မာနိုင်ငံ၌ အမျိုးသား မူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒ တစ်ရပ်ကို ရေးဆွဲခဲ့သည်။ မူဝါဒကို အထောက်အကူပြုစေမည့် အမျိုးသား မဟာဗျူဟာစီမံချက်ကို ဆက်လက်ရေးဆွဲခဲ့ရာ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၅ ရက်နေ့တွင် အတည်ပြုခဲ့သည်။ မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ကြုံတွေ့နေရသော COVID-19 ရောဂါ အခြေအနေကြောင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်း မရှိသေးသော်လည်း ရောဂါ ထိန်းချုပ်နိုင်သည့် အခြေအနေအပေါ်မူတည်ပြီး ဒေသအလိုက် လုပ်ငန်းစီမံချက်များရေးဆွဲကာ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။ ထို့နည်းတူ ၁၉၉၃ ခုနှစ်၊ မူးယစ်ဥပဒေကို ပြစ်မှု ပြစ်ဒဏ်များ ညီမျှစေရန်နှင့် နိုင်ငံတကာစံချိန်စံညွှန်းနှင့်ကိုက်ညီစေရန် ပြန်လည်ရေးဆွဲခဲ့ပြီး ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ ၁၄ ရက်နေ့တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေသစ်တစ်ရပ် ထုတ်ပြန်ကြေညာခဲ့သည်။

**ပင်လယ်ရေကြောင်းကိုအသုံးပြု၍**

မူးယစ်ဆေးဝါး သယ်ဆောင်သူတို့သည် ကုန်းကြောင်းလမ်း၊ လေကြောင်းလမ်းနှင့် ရေကြောင်းလမ်းကို အသုံးပြုလျက်ရှိရာ ယခုနောက်ပိုင်းတွင် ကုန်ကျစရိတ်သက်သာပြီး ထိခိုက်မှုနည်းသော ရေကြောင်းလမ်းကို အသုံးပြုမှုများလာခြင်းကြောင့် နိုင်ငံတကာရဲတပ်ဖွဲ့နှင့် သက်ဆိုင်ရာနိုင်ငံတို့မှ ရဲတပ်ဖွဲ့တို့ ပူးပေါင်းဖမ်းဆီးလျက်ရှိသည်။ ပင်လယ်ရေလမ်းကြောင်းကို အသုံးပြုပြီး သယ်ဆောင်ရာတွင် ပင်လယ်လမ်းကြောင်း၏ သဘောသဘာဝအရ စစ်ဆေးရေးဂိတ်များ နည်းပါးခြင်း၊ ကုန်ပစ္စည်းများစွာ တင်ဆောင်နိုင်ခြင်း၊ တားဆီးနှိမ်နင်းရေး လုပ်ငန်းများလုပ်ဆောင်ရန် အကန့်အသတ်များရှိနေခြင်း၊ ခရီးဝေးကွာစွာ ပို့ဆောင်နိုင်ခြင်းတို့ကြောင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတွင် စိန်ခေါ်မှုပမာ ကြုံတွေ့ရလျက်ရှိသည်။ ကမ္ဘာ့ကပ်ရောဂါ COVID-19 ရောဂါကြောင့် နိုင်ငံတကာတွင် မူးယစ်ဆေးဝါး ထုတ်လုပ်မှုနှင့် သယ်ဆောင်၊ ရောင်းဝယ်မှုပုံစံများ ပြောင်းလဲခဲ့ပြီး မြန်မာနိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများ၌ COVID-19 ကပ်ရောဂါကာလအတွင်း ပင်လယ်ရေကြောင်းကို အသုံးပြု၍ မူးယစ်ဆေးဝါးသယ်ဆောင် ရောင်းဝယ်မှုမြင့်တက်ခဲ့သည်။ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့တို့မှ ၂၀၂၀ ပြည့်နှစ်အတွင်း ပင်လယ်ရေကြောင်းကိုအသုံးပြု၍ ပြည်ပနိုင်ငံများသို့ ပို့ဆောင်မည့် အိုက်စ် ၆ ဒသမ ၄ တန်ကျော်၊ ကတ်တမင်း ကီလို ၄၉၀ နှင့် စိတ်ကြွဆေးပြား ၀ ဒသမ ၁၉ သန်းတို့ကို ကြားဖြတ်ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။ ထိုသို့ ဖမ်းဆီးရရှိမှုများသည် ပင်လယ်ရေကြောင်းကို အသုံးပြု၍ မူးယစ်ဆေးဝါး သယ်ဆောင်မှု ပုံသဏ္ဌာန် ပြောင်းလဲလာမှုအပေါ် နိုင်ငံတော်မှ မျက်ခြည်မပြတ် ဖိဖိစီးစီးဖြင့် အရေးယူဆောင်ရွက်နေမှုကို ပြသလျက်ရှိသည်။

**သမိုင်းကျန်ရစ်မည့်မှတ်တိုင်များ**

တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဒေသခံပြည်သူတို့ လက်တွဲပူးပေါင်းဆောင်ရွက်မှုဖြင့် ဘိန်းဖြူအပါအဝင် မူးယစ်ဆေးဝါး အမြောက်အမြားကို အဆိုပါ အထူးစစ်ဆင်ရေးတို့တွင် စံချိန်တင် ဖမ်းဆီးနိုင်ခဲ့ရာ ဒေသတွင်းနိုင်ငံတို့၏ အသိအမှတ်ပြုခံရမှုမှာ

*စာမျက်နှာ ၁၂ သို့*

◆ **တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့မှ ၂၀၂၀ ပြည့်နှစ်အတွင်း ပင်လယ်ရေကြောင်းကို အသုံးပြု၍ ပြည်ပနိုင်ငံများသို့ ပို့ဆောင်မည့် အိုက်စ် ၆ ဒသမ ၄ တန်ကျော်၊ ကတ်တမင်း ကီလို ၄၉၀ နှင့် စိတ်ကြွဆေးပြား ၀ ဒသမ ၁၉ သန်းတို့ကို ကြားဖြတ်ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။ ထိုသို့ ဖမ်းဆီးရရှိမှုများသည် ပင်လယ်ရေကြောင်းကို အသုံးပြု၍ မူးယစ်ဆေးဝါးသယ်ဆောင်မှု ပုံသဏ္ဌာန် ပြောင်းလဲလာမှုအပေါ် နိုင်ငံတော်မှ မျက်ခြည်မပြတ် ဖိဖိ စီးစီးဖြင့် အရေးယူဆောင်ရွက်နေမှုကို ပြသလျက်ရှိ**



ရှမ်းပြည်နယ်တောင်ပိုင်း ပင်လောင်းမြို့နယ်အတွင်း ဘိန်းခင်းများကို ဖျက်ဆီးစဉ်။




ကွမ်းခြံကုန်းမြို့နယ် ဆယ်အိမ်တန်းကျေးရွာတွင် ဖမ်းဆီးရမိသော တရားခံများနှင့် မူးယစ်ဆေးဝါးများ။

# COVID-19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အတွင်းရေးမှူးရုံးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၂၄

**Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အတွင်းရေးမှူးရုံးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)



အစည်းအဝေးတွင် Coronavirus Disease 2019 (COVID – 19) ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ အတွင်းရေးမှူးရုံးအဖွဲ့ခေါင်းဆောင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်က COVID–19 ရောဂါကူးစက်မှုများသည် မေလတတိယပတ်မှစတင်၍ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် တတိယလှိုင်းအသွင် စတင်ဖြစ်ပေါ်လာကြောင်း၊ COVID–19 ရောဂါကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် COVID–19 ဆိုင်ရာစည်းကမ်းချက်များကို စနစ်တကျ လိုက်နာနိုင်ရန် တာဝန်ရှိသူများအနေဖြင့် ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွဲ့စည်းထားရှိသော Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီများ ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်သည် နိုင်ငံသားအားလုံး စုပေါင်းဆောင်ရွက်ရမည့် အမျိုးသားရေး လုပ်ငန်းတာဝန်ဖြစ်ကြောင်း၊ ဆောင်ရွက်ရမည့် လုပ်ငန်းဆိုင်ရာများကို စနစ်တကျ ပေါင်းစပ်ဆောင်ရွက်မည်ဆိုပါက အရေးပေါ်ရောဂါ ထိန်းချုပ်မှုနှင့် ကာကွယ်ကုသမှုလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

### တတိယလှိုင်းအသွင် ဖြစ်ပေါ်လာ

ဆက်လက်၍ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် Coronavirus Disease 2019(COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီများနှင့် ချိတ်ဆက်ဆောင်ရွက်နေမှု၊ COVID–19 ရောဂါကာကွယ်၊ ထိန်းချုပ်ရေးနှင့် ပတ်သက်၍ နေရပ်ပြန်များအား Quarantine ထားရှိဆောင်ရွက်နေမှု၊ နိုင်ငံအတွင်း ရောဂါပိုးတွေ့ရှိမှုအခြေအနေ၊ ရောဂါပိုးတွေ့ရှိသူနှင့် ထိတွေ့သူ (Contact Person)များစာရင်း စုံစမ်းဖော်ထုတ်ချိတ်ဆက်ဆောင်ရွက်မှု၊ ရောဂါနှင့်ပတ်သက်၍ ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များအပေါ် မလိုက်နာသူများအား အရေးယူဆောင်ရွက်မှု၊ ကျောင်းဖွင့်ရာသီနှင့် COVID–19 ရောဂါ တတိယလှိုင်းအသွင် ဖြစ်ပေါ်လာမှု အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းတင်က Stay at Home မြို့နယ်များအဖြစ် သတ်မှတ်ကြေညာခြင်း၊ ဆက်လက်ဆောင်ရွက်လိုသည့် အသွားအလာ ကန့်သတ်ခြင်းအစီအစဉ်၊ ဒေသအလိုက် စေတနာ့ဝန်ထမ်းများနှင့် တာဝန်ရှိသူများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ဓာတ်ခွဲစစ်ဆေးခြင်းလုပ်ငန်း တိုးချဲ့ဆောင်ရွက်မှုများ၊ လူနာများအား ကုသမှုပေးလျက်ရှိသည့် အစီအစဉ်၊ ကျန်းမာရေးအသိပညာ မြှင့်တင်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုနှင့် နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ကျောင်းများတွင် အထူးဆောင်ရွက်ထားရှိရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြသည်။

ယင်းနောက် Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီအတွင်းရေးမှူးရုံးအဖွဲ့ ဒုတိယအဖွဲ့ခေါင်းဆောင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲရေးချုပ်၊ ရဲမှူးချုပ် ဝင်းထွန်းက လေကြောင်းမှ ဝင်ရောက်လာမှုများနှင့် ရောဂါပိုးတွေ့ရှိမှုအခြေအနေ၊ နယ်စပ်ဒေသဝင်ထွက်ပေါက်များတွင် မြန်မာနိုင်ငံဘက်ခြမ်းမှ အသွားအလာ ကန့်သတ်ထိန်းချုပ်မှု၊ ရောဂါပိုးတွေ့ရှိမှုအပေါ် ထိန်းချုပ်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိမှု၊ အသွားအလာကန့်သတ်ထားရှိမှု အခြေအနေ၊ COVID–19 ရောဂါ တားဆီးကာကွယ်မှု၊ ထိန်းချုပ်မှုနှင့် နောက်ဆက်တွဲ သက်ရောက်မှုများကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

### သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေး

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ ဒုတိယတိုင်းဒေသကြီးနှင့် ပြည်နယ်ရဲတပ်ဖွဲ့မှူးများနှင့် တာဝန်ရှိသူများက COVID–19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် COVID–19 ရောဂါဖြစ်ပွားမှုနှင့် ဆောင်ရွက်ထားရှိမှုအခြေအနေများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ယင်းနောက် Coronavirus Disease 2019 (COVID – 19) ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ အတွင်းရေးမှူးရုံးအဖွဲ့ခေါင်းဆောင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၁၁ မှ*

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် နိုင်ငံအတွက် ဂုဏ်တင့်စေလျက်ရှိသည်။ ၂၀၁၉ ခုနှစ် နိုဝင်ဘာလအတွင်း ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် မြန်မာ၊ တရုတ်၊ ထိုင်း၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယားနိုင်ငံတို့ ပါဝင်သော ‘မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဆိုင်ရာ မဲခေါင်နားလည်မှုစာချွန်လွှာ’ ဝန်ကြီးအဆင့်အစည်းအဝေးကို ကျင်းပခဲ့ရာ ရွှေတြိဂံဒေသအတွင်းသို့ မူးယစ်ဆေးဝါး ထုတ်လုပ်ရာတွင် အသုံးပြုသည့် ပရီကာဆာဓာတုပစ္စည်းများ ဝင်ရောက်မှု မရှိစေရေးနှင့် ရွှေတြိဂံဒေသမှ မူးယစ်ဆေးဝါးများ အခြားဒေသသို့ ပျံ့နှံ့မှုမရှိစေရန် မဲခေါင် MoU ၆ နိုင်ငံ ပူးပေါင်းဆောင်ရွက်သော အထူးစစ်ဆင်ရေး တစ်ရပ်ကိုဆောင်ရွက်ရန် သဘောတူညီမှု ရရှိခဲ့သည်။

ထိုစစ်ဆင်ရေးမှာ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပူးပေါင်းဆောင်ရွက်သည့် 'Operation 1511' အထူးစစ်ဆင်ရေးဖြစ်ပြီး ထိုစစ်ဆင်ရေးကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်မှ မတ်လ ၃၁ ရက်ထိ ဆောင်ရွက်ခဲ့ရာ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့၏ စွမ်းဆောင်ရည်ကို ကမ္ဘာ့အလယ်တွင် ချပြနိုင်ခဲ့သည်။ စစ်ဆင်ရေးကာလသည် COVID–19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားနေသည့် အချိန်ကာလဖြစ်သော်လည်း မြန်မာ့မြေပေါ်တွင် မူးယစ်ဆေးဝါးကင်းစင်ပပျောက်လိုသော နိုင်ငံတော်အစိုးရအနေဖြင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို နိုင်ငံတကာနှင့် ပူးပေါင်း၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ရာ အောင်မြင်မှု၏ အသီးအပွင့်အဖြစ် ဒေသတွင်း နိုင်ငံများကြား အပြန်အလှန် လေးစားယုံကြည်မှုကို ရရှိလျက်ရှိသည်။

ထို 'Operation 1511' အထူးစစ်ဆင်ရေးတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ရရှိသော သတင်းများနှင့် အမေရိကန် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအုပ်ချုပ်မှုအဖွဲ့ (DEA)၊ ဩစတြေးလျ ပြည်ထောင်စုရဲတပ်ဖွဲ့ (AFP)တို့ သတင်းဖလှယ် ပူးပေါင်းဆောင်ရွက်မှုဖြင့် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလမှ မေလအတွင်း ကွတ်ခိုင်မြို့နယ် ကောင်းခါးကျေးရွာအုပ်စု လွယ်ခန်ကျေးရွာအနီး ပတ်ဝန်းကျင်၌ မူးယစ်ဆေးဝါးနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသောဓာတုပစ္စည်းများ အပါအဝင် ဆက်စပ်ပစ္စည်း ကျပ် ၄၁၄ ဒသမ ၄ ဘီလီယံကျော်ကို စံချိန်တင် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။ ထိုနှစ်တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး စစ်ဆင်ရေးမှ နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် ကျပ် ၂၇၈၂ သန်းကျော်ကို သိမ်းဆည်းနိုင်ခဲ့သည်။

ထို့နည်းတူ ၂၀၂၀ ပြည့်နှစ်အတွင်း ရှမ်းပြည်နယ်နှင့် ဆက်စပ်တိုင်းဒေသကြီး၊ ပြည်နယ်တို့၌ ရှမ်းရိုးမ-၃၊ မန်းကမ္ဘောဇ-၂ အထူးစစ်ဆင်ရေးတို့ကို ထပ်မံဆောင်ရွက်ခဲ့ရာ ၂၀၁၃ ခုနှစ်မှစ၍ ၂၀၂၁ ခုနှစ် ဧပြီလအထိ အထူးစစ်ဆင်ရေးပေါင်း ၃၁ ကြိမ်ဆောင်ရွက်နိုင်မှုသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး အောင်မြင်မှုကို ကမ္ဘာ့နိုင်ငံများသို့ လက်တွေ့ ပြသနိုင်ခဲ့သည်။

၂၀၂၁ ခုနှစ်တွင် လာအို-မြန်မာ-ထိုင်း သုံးနိုင်ငံအကြား မိမိနိုင်ငံအလိုက် တစ်ချိန်တည်း တစ်ပြိုင်တည်း ဆောင်ရွက်ခဲ့သည့် ‘ဘေးကင်းလုံခြုံသော မဲခေါင်စစ်ဆင်ရေးစီမံချက်’တွင် ထိုင်းနိုင်ငံနှင့် ထိစပ်သော မြန်မာနိုင်ငံမှ တာချီလိတ်ခရိုင်၊ မိုင်းဆတ်ခရိုင်တို့ ပါဝင်ခဲ့ရာ ရှမ်းပြည်နယ်အတွင်း ဖေဖော်ဝါရီလ ၁ ရက်မှ ဧပြီလ ၃၁ ရက်အထိ ဆောင်ရွက်ခဲ့သည့် ရှမ်းရိုးမ-၄ အထူးစစ်ဆင်ရေးနှင့်ချိတ်ဆက်၍ ဟန်ချက်ညီညီဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများစွာရရှိခဲ့သည်။ ထိုသို့ အောင်မြင်မှုအသီးအပွင့်ရရှိခြင်းသည် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုစွမ်းရည်ကို ပြသခြင်းဖြစ်ပြီး နိုင်ငံတော်က ဖော်ဆောင်သော ကဏ္ဍအသီးသီးတွင် နိုင်ငံသားတို့၏ အမျိုးသားရေးနိုးကြားမှုမှာ အထူးအရေးပါလျက်ရှိရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် တစ်နှစ်ထက်တစ်နှစ် စံချိန်တင် ဖမ်းဆီးနိုင်ရန် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်မှုသည် နိုင်ငံတော်အတွက် သမိုင်းကျန်မည့် မှတ်တိုင်များပင်ဖြစ်သည်။

### နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအတွက် ကုလသမဂ္ဂမူးယစ်ဆေးဝါးဆိုင်ရာ ကွန်ဗင်းရှင်းတို့တွင် ပူးပေါင်းပါဝင် လက်မှတ်ရေးထိုးပြီး နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (INCB)၊ ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC)နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ (INGO)နှင့်လည်း မူးယစ်ဆေးဝါးဆိုင်ရာ လုပ်ငန်းတို့ကို ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ရန်ကုန်မြို့ အခြေစိုက် အမေရိကန်မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး အုပ်ချုပ်မှုအဖွဲ့ (DEA)၊ ဩစတြေးလျ ပြည်ထောင်စုရဲအဖွဲ့ (AFP)၊ ထိုင်းနိုင်ငံမူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့(ONCB)၊ တရုတ်နိုင်ငံ အမျိုးသား မူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင် (NNCC) တို့နှင့်လည်း နွေးထွေးစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေးကဏ္ဍတွင်လည်း အမေရိကန်၊ ရုရှား၊ တရုတ်၊ အိန္ဒိယ၊ ကိုရီးယား၊ ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ လာအိုနိုင်ငံတို့နှင့် နှစ်နိုင်ငံ လက်မှတ်ရေးထိုးခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံနှင့်လည်း နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် ဒေသတွင်းနိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်မှုအဖြစ် တရုတ်၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအိုနိုင်ငံတို့ပါဝင်သော မဲခေါင်ဒေသခွဲ ၆ နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ၁၉၉၃ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည်။ မြန်မာနိုင်ငံသည် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းများ တရားမဝင် သယ်ဆောင်ရောင်းဝယ်မှုတိုက်ဖျက်ရေး ဘင်းမ်စတက်လုပ်ငန်းခွဲအုပ်စုကို ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိကာ အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း ကျင်းပလေ့ရှိသည့် မူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစည်းအဝေးများသို့ တက်ရောက်၍ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက် အာဆီယံအဖွဲ့မှ ချမှတ်ထားသော ဘေးကင်းလုံခြုံသောလူမှုအဖွဲ့ဖြစ်စေရေး ‘မူးယစ်ဆေးဝါးဆန့်ကျင်ရေး အာဆီယံလုပ်ငန်းစီမံချက်’ (၂၀၁၆-၂၀၂၅) (ASEAN Work Plan, 2016–2025) ကိုလည်း လက်တွဲဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံနှင့်အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်တို့နှင့် MoU လက်မှတ်ရေးထိုး၍ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာလုပ်ငန်းတို့အတွက် နှစ်နိုင်ငံအလှည့်ကျအိမ်ရှင်အဖြစ် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# လစ်ဗျားတွင်ရရှိထားသော တိုးတက်မှုဖြစ်စဉ်များကို ဆက်လက်တည်ဆောက်ကြရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တိုက်တွန်း

ဂျီနီဗာ ဇွန် ၂၄

**ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က လစ်ဗျားတွင် ရရှိထားသော တိုးတက်မှုဖြစ်စဉ်များကို ဆက်လက်တည်ဆောက်ကြရန် တိုက်တွန်းပြောကြားလိုက်သည်။**

လစ်ဗျားအရေး ဘာလင်-၂ အစည်းအဝေးသို့ ပြောသော ဗီဒီယိုမိန့်ခွန်းတွင် အောက်တိုဘာ ၂၀၂၀ အပစ်ရပ်စဲရေး သဘောတူညီချက်ကို အပြည့်အဝ အကောင်အထည်ဖော်ရန်နှင့် ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် ရွေးကောက်ပွဲကျင်းပနိုင်ရေး၊ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးနှင့် လူ့အခွင့်အရေးကို လေးစားရေးသည် အရေးကြီးကြောင်း ဦးစားပေးပြောကြားခဲ့သည်။

အပစ်ရပ်စဲရေးသဘောတူညီချက်ကို အပြည့်အဝ အကောင်အထည်ဖော်ရေးသည် လစ်ဗျားတွင် ငြိမ်းချမ်းရေးပြန်လည်ရရှိရန် အလွန်အရေးပါသော ဖြစ်စဉ်ဖြစ်ကြောင်းနှင့် ကုလသမဂ္ဂအပစ်ရပ်စဲရေး စောင့်ကြည့်သူများကိုလည်း မကြာမီ ထရီပိုလီသို့ စေလွှတ်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ထို့အပြင် နိုင်ငံခြားမှ ဝင်ရောက်နှောင့်ယှက်မှုများကို အဆုံးသတ်ရန်လည်း တိုက်တွန်းပြောကြားလိုက်သည်။

အမျိုးသမီးများ၊ လူငယ်များ၊ ရွှေ့ပြောင်းနေထိုင်သူများအပါအဝင် လစ်ဗျားနိုင်ငံသူ နိုင်ငံသားများ အနေဖြင့် ဒီဇင်ဘာ ၂၄ ရက်နေ့ ကျင်းပမည့် ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များအဖြစ် လွတ်လပ်စွာ ပါဝင်ကြရန်လည်း ဂူတာရက်စ်က တိုက်တွန်းပြောကြားလိုက်သည်။



အကြမ်းဖက်လုပ်ရပ်များ၊ အမုန်းစကားပြောကြားမှုများကိုလည်း ရွေးကောက်ပွဲ လုပ်ငန်းစဉ် အတွင်း လုံးဝမလုပ်ကြရန် ၎င်းက ဆက်လက်တိုက်တွန်းပြောကြားထားသည်။ **ဆင်ဟွာ**





ဖိလစ်ပိုင်နိုင်ငံ နာဗိုတာမြို့တွင် အမျိုးသားတစ်ဦး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှု ခံယူနေစဉ်။

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၆၀၄၃ ဦးတိုးလာပြီး ၁၀၈ ဦးထပ်မံသေဆုံး

**မနီလာ ဇွန် ၂၄**

ဖိလစ်ပိုင်နိုင်ငံ၌ ဇွန် ၂၄ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၆၀၄၃ ဦး တိုးလာကြောင်း သတင်းဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၃၇၈၂၆၀ ရှိလာခဲ့ပြီဖြစ်သည်။

ကိုဗစ်-၁၉ ဖြင့် နောက်ထပ်သေဆုံးသူ ၁၀၈ ဦး တိုးလာသောကြောင့် စုစုပေါင်း သေဆုံးသူ ၂၄၀၃၆ ဦးအထိ ရှိလာခဲ့သည်။

လူဦးရေ သန်း ၁၁၀ ကျော်နေထိုင်သော ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ စတင်ဖြစ်ပွားချိန်မှစကာ ယခုအချိန်အထိ လူပေါင်း ၁၃ သန်းကျော်ကို စမ်းသပ်စစ်ဆေးခဲ့သည်။

တရုတ်နိုင်ငံသည် ဇွန် ၂၄ ရက်က ဖိလစ်ပိုင်နိုင်ငံသို့ နောက်ထပ်လေးကြိမ်မြောက် ဆီနိုဗက် ကိုဗစ်-၁၉ ကာကွယ်ဆေး ကူညီထောက်ပံ့ပေးခဲ့သည်။

ယခု ထပ်မံရောက်ရှိမှုသည် ယခုလအတွင်း လေးကြိမ်မြောက်ရောက်ရှိခဲ့ခြင်း ဖြစ်ကြောင်း အစိုးရ၏ ကိုဗစ်-၁၉ တိုက်ဖျက်ရေး အကောင်အထည်ဖော်မှုဆိုင်ရာ အကြီးအကဲ ကာလီတိုဂယ်ဗက်ဇ်က ပြောကြားလိုက်သည်။

ကျန်းမာရေး ဝန်ကြီးဌာနက ကိုဗစ်-၁၉ ကာကွယ်ဆေး အလုံးရေ ၈ ဒသမ ၄ သန်းကျော် ထိုးပေးခဲ့ပြီး ဖြစ်ကြောင်းနှင့် အထူးသဖြင့် ရှေ့တန်း ကျန်းမာရေးလုပ်သားများ၊ အသက်ကြီးသူများ၊ ဆေးဘက်ဆိုင်ရာ အန္တရာယ်ရှိသော အခြေအနေနှင့် ကြုံတွေ့နေသူများကို ဦးစားပေးထိုးပေးခဲ့ကြောင်း ပြောသည်။

**ဆင်ဟွာ**

# ဗြိတိန်တွင် ဒယ်လ်တာပလက်စ် ကိုဗစ်- ၁၉ မျိုးကွဲကြောင့် ကူးစက်မှု ပိုမိုဖြစ်ပွားလာမည့်အရေးကို သုတေသီများ စိုးရိမ်

**လန်ဒန် ဇွန် ၂၄**

ဗြိတိန်တွင် ဇွန် ၂၃ ရက်က ကိုဗစ်-၁၉ ထပ်မံ ကူးစက်ဖြစ်ပွားသူ ၁၆၁၃၅ ဦး ရှိကြောင်း ဖော်ပြမှုနှင့်အတူ ဖေဖော်ဝါရီအစောပိုင်းမှစကာ တစ်နေ့အတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံးဖြစ်ကြောင်း သိရသည်။

ဗြိတိန်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ယခုအခါတွင် ၄၆၆၇၈၇၀ ရှိလာခဲ့ပြီဖြစ်သည်။

ထို့အပြင် ဗြိတိန်နိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါဖြင့် ဆက်စပ်သေဆုံးသူ ၁၉ ဦး ရှိကြောင်း ဖော်ပြမှုနှင့်အတူ ကိုဗစ်-၁၉ ကပ်ရောဂါဖြင့် သေဆုံးသူပေါင်း ၁၂၈၀၂၇ ဦးအထိ ရှိလာခဲ့သည်။

အဆိုပါပမာဏမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားပြီး ၂၈ ရက်အတွင်း သေဆုံးသည့် လူဦးရေပမာဏသာဖြစ်သည်။

ဗြိတိန်ရှိ လူပေါင်း ၄၃ သန်းကျော် ပထမအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပြီးပြီဖြစ်ကြောင်းသိရပြီး ၃၁ သန်းမှာ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးပြီဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတွင် ပထမဆုံးတွေ့ရှိခဲ့သည့် ဒယ်လ်တာ ကိုဗစ်-၁၉ မျိုးစိတ်သစ်သည် ဗြိတိန်၏ ကိုဗစ်-၁၉ ထပ်မံကူးစက် ဖြစ်ပွားမှု၏ အဓိက တရားခံဖြစ်သည်။ ယခုအခါ နောက်ထပ် ဒယ်လ်တာပလက်စ်ဟု အမည်ပေးထားသော ကိုဗစ်-၁၉ မျိုးစိတ်သစ်တစ်မျိုးသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို ပိုမိုဖြစ်ပွားစေနိုင်သည့်အပေါ် သုတေသီများက စိုးရိမ်လျက်ရှိသည်။

**ဆင်ဟွာ**





ဗြိတိန်နိုင်ငံ လန်ဒန်၌ ရွေ့ပြောင်းကိုဗစ်-၁၉ စမ်းသပ်ယာဉ်နှင့်အတူ ဝန်ထမ်းများကို တွေ့ရစဉ်။

# အိန္ဒိယနိုင်ငံ၌ ၅၄၀၆၉ ဦး ကိုဗစ်-၁၉ ထပ်မံကူးစက်

**နယူးဒေလီ ဇွန် ၂၄**

အိန္ဒိယနိုင်ငံ၌ ဇွန် ၂၄ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၅၄၀၆၉ ဦး တိုးလာပြီးနောက် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃၀၀၈၂၇၇၈ ဦး ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

ကိုဗစ်-၁၉ ကြောင့် ၁၃၂၁ ဦး ထပ်မံသေဆုံးခဲ့သောကြောင့် စုစုပေါင်း သေဆုံးသူဦးရေ ၃၉၁၉၈၁ ဦး ရှိလာခဲ့သည်။

လတ်တလောတွင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ဖြစ်ပွားနေသူ ၆၂၇၀၅၇ ဦးရှိခဲ့သည်။ ကိုဗစ်-၁၉ မှ ပြန်လည်ကောင်းမွန်လာသူပေါင်း ၂၉၀၆၃၇၄၀ ရှိသည်။

**ဆင်ဟွာ**

# တိုကျိုအိုလံပစ်မတိုင်မီ နိုင်ငံအတွင်းဖြစ်ပေါ်နေသော ကိုဗစ်-၁၉ အခြေအနေများကို စိုးရိမ်ကြောင်း ဘုရင်ကြီးပြော

**တိုကျို ဇွန် ၂၄**

ဂျပန်ဘုရင် နာရူဟီတိုသည် တိုကျိုအိုလံပစ်နှင့် မသန်စွမ်းအားကစားပြိုင်ပွဲများ မကျင်းပမီ နိုင်ငံအတွင်းဖြစ်ပေါ်နေသော ကိုဗစ်-၁၉ အခြေအနေများကို စိုးရိမ်နေသည်ဟု ဂျပန်ဘုရင့်အိမ်တော်ဆိုင်ရာ အေဂျင်စီက သတင်းထုတ်ပြန်လိုက်သည်။

တိုကျိုအားကစားပြိုင်ပွဲကျင်းပခြင်းဖြင့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ တိုးလာနိုင်ခြင်းအပေါ် ဘုရင်ကြီးက စိုးရိမ်ပူပန်နေသည်။

ဘုရင်ကြီးသည် တိုကျိုအိုလံပစ်ဂိမ်းဖြစ်မြောက်ရေးတွင် အမှုဆောင်နာယကကြီးအနေဖြင့် ပါဝင်ကြောင်း သိရသည်။ ဘုရင်ကြီးအနေဖြင့် ဖွင့်ပွဲအခမ်းအနားများ တက်ရောက်နိုင်ရန် အစီအစဉ်များ လုပ်ဆောင်နေကြောင်း သိရသည်။

အိမ်တော်ပြောရေး ဆိုခွင့်ရှိသူ နီရှိမူရာက ပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီနှင့် အခြားအဖွဲ့အစည်းများ အတူတကွ လက်တွဲလုပ်ဆောင်ရန်နှင့် ကိုဗစ်-၁၉ ကို ကာကွယ်ရန် ဖြစ်နိုင်သမျှသော ကာကွယ်ရေးနည်းလမ်းများကို လုပ်ဆောင်ထားကြရန် ပြောသည်။ **အင်န်အိတ်ချ်ကေ**

# အမေရိကန်တွင် ကိုဗစ်-၁၉ စည်းကမ်းသတ်မှတ်ချက်များ ဖြေလျှော့ပေးထားသော်လည်း အီးယူခရီးသွားများအတွက် နယ်စပ်တံခါးများကို ဖွင့်ပေးခြင်း မရှိသေး

ကေကေစိုး

**အနောက်နိုင်ငံများတွင် ကိုဗစ်-၁၉ ကူးစက်ခံရမှု သိသိသာသာ လျော့ကျလာပြီးနောက် ဥရောပနိုင်ငံများသည် အမေရိကန်ခရီးသွားများအတွက် ၎င်းတို့၏ နယ်စပ်တံခါးများကို ဖွင့်ပေးလျက်ရှိသည်။ သို့သော်လည်း အမေရိကန်ပြည်ထောင်စုကမူ လွန်ခဲ့သည့် ၁၅ လခန့်က ချမှတ်ထားသည့် ကန့်သတ်ချက်များကို အနည်းငယ်မျှပင် ဖြေလျှော့ပေးခြင်း မရှိသေးချေ။**

## ရည်မှန်းချက်ချထား

အမေရိကန်နိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးခြင်းအစီအစဉ်၏ အောင်မြင်မှု အလားအလာများကို သမ္မတဂျိုးဘိုင်ဒင်က ချီးကျူးဂုဏ်ပြုခဲ့ပြီး ဇူလိုင် ၄ ရက် မတိုင်မီတွင် နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို အနည်းဆုံးတစ်ကြိမ်စီ ထိုးပြီးဖြစ်ရမည်ဟု ရည်မှန်းချက်ချမှတ်ထားသည်။ ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ခြင်းနှင့် ပတ်သက်သည့်အမိန့်ကို အာဏာပိုင်များက ဖြေလျှော့ပေးခဲ့သည်။ သို့သော်လည်း ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်ချက်များမှာမူ သိပ္ပံပညာရှင်များဘက်မှ ခွင့်ပြုချက်ရသည်နှင့်တစ်ပြိုင်နက် အတ္တလန္တိတ်သမုဒ္ဒရာ ကျော်ဖြတ်ခရီးသွားလာခွင့်ကို အမြန်ဆုံးပြန်လည်စတင်နိုင်ရေးအတွက် မျှော်လင့်လျက်ရှိသည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ နက်ပရိုက်စ်က ဇွန် ၂၁ ရက်တွင် ပြောသည်။

## အတိအကျ မပြောနိုင်သေး

ယင်းသို့ ဖြေလျှော့ပေးမည့်ကာလကိုမူ အတိအကျ မပြောနိုင်သေးကြောင်း ကူးစက်ရောဂါဗေဒပညာနှင့် သက်ဆိုင်မှုရှိသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ တစ်ကမ္ဘာလုံးအနှံ့ ကိုဗစ်-၁၉ အပေါ်တုံ့ပြန်မှု ၊ အခြေအနေတိုးတက်ကောင်းမွန်မှုများနှင့် လက်ရှိဗီဇပြောင်း၏ ကူးစက်မှုအခြေအနေစသည်တို့အပေါ်တွင် များစွာတည်မှီနေသည်ဟု ၎င်းက ဆက်ပြောသည်။ အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်နောက်ပိုင်း မဟာမိတ်များနှင့် ဆက်ဆံရေးကို ပိုမိုကောင်းမွန်အောင် လုပ်ဆောင်သွားမည်ဟု သမ္မတဂျိုးဘိုင်ဒင်က ကတိပြုထားသည်။ သို့သော်လည်း ခရီးသွားလာခွင့် ဖြေလျှော့မှုနှင့် ပတ်သက်၍ အလျင်မလိုဟုလည်း ၎င်းက ရှင်းရှင်းလင်းလင်း ပြောကြားထားပြီးဖြစ်သည်။

## ဖြေလျှော့ပေးထား

သမ္မတဂျိုးဘိုင်ဒင် အစိုးရအဖွဲ့သည် ကနေဒါနှင့် မက္ကဆီကို နယ်စပ်များကို ဇူလိုင် ၂၁ ရက်အထိ ပိတ်ထားကြောင်းကို ကြေညာခဲ့သည်။ အမေရိကန်ပြည်ထောင်စုသည် ကပ်ရောဂါကာလ ဥရောပသမဂ္ဂ၊ ဗြိတိန်၊ ဘရာဇီး၊ တရုတ်၊ အိန္ဒိယ၊ အီရန်နှင့် တောင်အာဖရိကနိုင်ငံတို့မှ လာမည့်ခရီးသွားများအပေါ် ခရီးသွားလာခွင့်ကို ကန့်သတ်ထားသည်။ သို့သော်လည်းခြွင်းချက်ထား ဖြေလျှော့မှုများ ပြုလုပ်ပေးခဲ့ပြီး သာမန်အလည်အပတ် ခရီးသွားများကို ကန့်သတ်ထားရုံကလွဲ၍ ဂျာနယ်လစ်များ၊ ကျောင်းသားများနှင့် အခြားသူများကို ခရီးသွားလာခွင့် ဖြေလျှော့ပေးထားသည်။

## လမ်းဖွင့်ပေးရန် ဆုံးဖြတ်

ခရီးသွားလာခွင့်နှင့်ပတ်သက်၍ အမေရိကန်ဘက်မှ တင်းကျပ်မှုများ လုပ်ဆောင်ထားသော်လည်း ဥရောပသမဂ္ဂကမူ အမေရိကန်နှင့် ခရီးသွားလာခွင့်အတွက် လမ်းဖွင့်ပေးရန် ဆုံးဖြတ်ခဲ့သည်။ ကာကွယ်ဆေး အပြည့်အဝထိုးပြီးသူ သို့မဟုတ် ဆေးစစ်ချက်လက်မှတ်တွင် ရောဂါကင်းစင်ကြောင်း ပြသနိုင်သူကို ခရီးသွားလာခွင့်ပေးရန် ဆုံးဖြတ်ထားသည်။ မကြာမီအချိန်အတွင်း ဂျာမနီနှင့် အီးယူနိုင်ငံများမှ အမေရိကန်သို့ အပြန်အလှန်အားဖြင့် ခရီးသွားလာခွင့်ပေးရန်လည်း မျှော်လင့်ထားကြောင်း အမေရိကန်နိုင်ငံဆိုင်ရာ ဂျာမနီသံအမတ်ကြီး အမ်မလီဟာဘာက ပြောသည်။ ဥရောပသမဂ္ဂနိုင်ငံများအတွင်းတွင်လည်း ခရီးသွားလာခွင့်ကို လိုလားသည့်နိုင်ငံများအကြား ဖိအားများနှင့် ရင်ဆိုင်နေရသည်။

## ပြန်လည်ရှင်သန်စေလို

ဂရိ၊ အီတလီနှင့် စပိန်နိုင်ငံတို့သည် ကပ်ရောဂါကြောင့် ပျက်စီးခဲ့ရသည့် ခရီးသွားလုပ်ငန်းကို ပြန်လည် ရှင်သန်စေလိုသည်။ အမေရိကန်ပြည်ထောင်စုတွင် နိုင်ငံခြားခရီးသွားများကို ဝင်ခွင့်ပြုခြင်းအတွက် မကျေနပ်မှုကို ထုတ်ဖော်ပြောကြားခြင်းမျိုးမရှိပေ။ လေကြောင်းလိုင်းများနှင့် ခရီးသွားလုပ်ငန်းများသည် ကိုဗစ်-၁၉ ကာလကန့်သတ်ချက်များ ဖြေလျှော့ပေးမှုကို ထောက်ခံကြောင်းပြောကြားခဲ့ကြသည်။ ဥရောပနိုင်ငံများကဲ့သို့ပင် နိုင်ငံခြားခရီးသွားများကို အပြန်အလှန်ဝင်ခွင့်ပေးရန် အကြောင်းပြချက်မရှိသေးဟု ဝေါစထရိဂျာနယ်တွင် ဖော်ပြထားသည်။ ဇွန်လစောပိုင်းက သမ္မတဘိုင်ဒင်အစိုးရအဖွဲ့သည်လည်း ဥရောပသမဂ္ဂ၊ ဗြိတိန်၊ ကနေဒါနှင့် မက္ကဆီကိုနိုင်ငံများနှင့် နောက်တစ်ဆင့်ခြေလှမ်းအတွက် အလုပ်သဘော ဆွေးနွေးရေးအဖွဲ့ ဖွဲ့ထားသည်ဟု ကြေညာခဲ့သည်။

## မျှော်လင့်ထား

ပြည်ပတွင် နေထိုင်သူ ထောင်ပေါင်းများစွာတို့သည် မိမိတို့ဆွေမျိုးများ အမေရိကန်တွင် ရှိသော်လည်း ခရီးသွားလာမှုကန့်သတ်ချက်များကြောင့် ပြန်လာရမည်ကို မသေချာသဖြင့် ကြားညှပ်နေသူများလည်းရှိသည်။ တချို့မှာလည်း ဗီဇာရှိသော်လည်း ကပ်ရောဂါကာလအတွင်း သက်တမ်းကုန်နေပြီဖြစ်သည်။ဝါရှင်တန်ရှိ ဘရွတ်ကင်းအင်စတီကျူမှ ပြင်သစ်ပညာရှင်တစ်ဦးဖြစ်သူ စီလီယာ ဘီလင်ကမူ သမ္မတဂျိုးဘိုင်ဒင်သည် သမ္မတဟောင်းထရမ့်ထက် ပိုမိုကောင်းမွန်စွာ ကိုဗစ်-၁၉ ကို ကိုင်တွယ်ဖြေရှင်းမည်ဟု ကတိပြုချက်ဖြင့် ရွေးကောက်ခံလာရသူဖြစ်ကြောင်း ဗီဇပြောင်းကိုဗစ်-၁၉ ကူးစက်မှုနှင့် ပတ်သက်၍ အန္တရာယ် လုံးဝမရှိနိုင်သည်အထိ မျှော်လင့်ထားကြောင်း ပြောသည်။

## အလားတူ တုံ့ပြန်မှုမျိုးမရ

ဥရောပနိုင်ငံများသည် အမေရိကန်ခရီးသွားများအတွက် ၎င်းတို့၏ နယ်စပ်တံခါးများကို ဖွင့်ပေးရန် ဆုံးဖြတ်သည့်အခါ ကူးစက်မှုအန္တရာယ်ကို အနိမ့်ဆုံးစဉ်းစားကာ ပြုလုပ်ပေးခဲ့သော်လည်း အမေရိကန်ဘက်ကမူ အလားတူတုံ့ပြန်မှုမျိုး မရခဲ့ပေ။ လူမှုရေးနှင့် လူသားဆိုင်ရာအကျိုးဆက်များကို ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ သမ္မတဘိုင်ဒင်သည် ကျန်းမာရေးကိစ္စကိုသာ အရေးကြီးဆုံး ဦးစားပေးအဖြစ် စဉ်းစားခဲ့သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ ကနေဒါအစိုးရသည်လည်း ဇွန် ၂၁ ရက်မှစတင်ကာ ကာကွယ်ဆေးအပြည့် ထိုးပြီးသော ကနေဒါနိုင်ငံသားများနှင့် အမြဲတမ်းနေထိုင်ခွင့်ရထားသူများမှာ ဇူလိုင် ၅ ရက်မှစတင်ကာ အသွားအလာ စောင့်ကြည့်ကန့်သတ်ခံစရာမလိုတော့ဟု ပြောကြားခဲ့သည်။

## ယခင်အတိုင်း ပြောင်းလဲမှုမရှိသေး

ကနေဒါနိုင်ငံတွင် နိုင်ငံလူဦးရေ ၇၅ ရာခိုင်နှုန်းကျော် ကိုဗစ်-၁၉ ကာကွယ်ဆေးအနည်းဆုံး တစ်ကြိမ် ထိုးပြီးသည့်နောက်တွင် ယခုလို ကြေညာခဲ့ခြင်းဖြစ်သည်။ ကနေဒါတွင် လူဦးရေ၏ ၂၀ ရာခိုင်နှုန်းကျော်မှာ ကိုဗစ်-၁၉ ကာကွယ်ဆေး နှစ်ကြိမ်ထိုးပြီးဖြစ်သည်ဟု သိရသည်။ အကယ်၍ ကာကွယ်ဆေးထိုးပြီးသားလူတွင် ကိုဗစ်-၁၉ တွေ့ရှိပါက အဆိုပါပုဂ္ဂိုလ်မှာ ဒေသခံပြည်သူ့ကျန်းမာရေး၏ ညွှန်ကြားချက်များအတိုင်း လိုက်နာကာ အသွားအလာ စောင့်ကြည့်ကန့်သတ်မှုကို ခံယူရမည်ဟုလည်း သိရသည်။ ကာကွယ်ဆေးမထိုးရသေးသည့် ကလေးများသည် မိဘများနှင့်အတူ နေအိမ်မှ ထွက်ခွာခွင့်ရသော်လည်း သီတင်းနှစ်ပတ်ကြာ အသွားအလာစောင့်ကြည့် ကန့်သတ်မှုခံယူရမည်ဟု သိရသည်။ ကာကွယ်ဆေး အပြည့်အဝ မထိုးရသေးသည့် ခရီးသွားများအတွက်မူ နယ်စပ်ကန့်သတ်ချက်များမှာ ယခင်အတိုင်းပြောင်းလဲမှု မရှိပေ။ ။

**ကိုးကား - အေအက်ဖ်ပီ**




ဂျွန်အက်ဖ် ကနေဒီလေဆိပ်တွင် စောင့်ဆိုင်းနေကြသည့် ခရီးသွားများကို မေ ၂၈ ရက်က တွေ့ရစဉ်။

❖ **ခရီးသွားလာခွင့်နှင့်ပတ်သက်၍ အမေရိကန်ဘက်မှ တင်းကျပ်မှုများ လုပ်ဆောင်ထားသော်လည်း ဥရောပသမဂ္ဂကမူ အမေရိကန်နှင့် ခရီးသွားလာခွင့်အတွက် လမ်းဖွင့်ပေးရန် ဆုံးဖြတ်ခဲ့သည်။ ကာကွယ်ဆေး အပြည့်အဝထိုးပြီးသူ သို့မဟုတ် ဆေးစစ်ချက်လက်မှတ်တွင် ရောဂါကင်းစင်ကြောင်း ပြသနိုင်သူကို ခရီးသွားလာခွင့်ပေးရန် ဆုံးဖြတ်ထား**

❖ကျောဖုံးမှ

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၂၄-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၁,၀၉၄) ခု | (၁၀၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpertစက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၉) ခု | (၆) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၆၁) ခု | (၉) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၁၄) ခု | (၂) ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၇၀၀) | (၁၆) ခု | – |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀) | (၉၀) ခု | (၂၇) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၄၂၈) ခု | (၂၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၂၆) ခု | (၁၅၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၇၁၆) ခု | (၄၅၄) ဦး |
| စုစုပေါင်း | (၅,၇၅၄) ခု | (၇၈၇) ဦး |

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျတပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- COVID–19 ရောဂါဆိုင်ရာ သတင်း အချက်အလက်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန




## ၂၄- ၆ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၄၄၄၉၀၁၆ | ၂၈၈၄၆၃၀၄ | ၆၁၈၂၉၄ |
| ၂။ | အိန္ဒိယ | ၃၀၀၈၂၇၇၈ | ၂၉၀၆၃၇၄၀ | ၃၉၂၀၁၄ |
| ၃။ | ဘရာဇီး | ၁၈၁၇၀၇၇၈ | ၁၆၄၈၃၆၃၅ | ၅၀၇၂၄၀ |
| ၄။ | ပြင်သစ် | ၅၇၆၂၃၂၂ | ၅၅၈၃၂၁၄ | ၁၁၀၈၆၂ |
| ၅။ | ရုရှား | ၅၃၈၈၆၉၅ | ၄၉၁၅၆၁၅ | ၁၃၁၄၆၃ |
| ၆။ | တူရကီ | ၅၃၈၇၅၄၅ | ၅၂၄၈၈၆၂ | ၄၉၃၅၈ |
| ၇။ | ဗြိတိန် | ၄၆၆၇၈၇၀ | ၄၃၀၈၅၀၄ | ၁၂၈၀၂၇ |
| ၈။ | အာဂျင်တီးနား | ၄၃၂၆၁၀၁ | ၃၉၄၄၃၂၃ | ၉၀၉၈၆ |
| ၉။ | အီတလီ | ၄၂၅၅၄၃၄ | ၄၀၅၉၄၆၃ | ၁၂၇၃၅၂ |
| ၁၀။ | ကိုလံဘီယာ | ၄၀၂၇၀၁၆ | ၃၇၄၁၄၅၉ | ၁၀၁၉၄၇ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၄ – ၆ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၂၀၅၃၉၉၅ | ၁၈၂၆၅၀၄ | ၅၅၉၄၉ |
| ဖိလစ်ပိုင် | ၁၃၇၈၂၆၀ | ၁၃၀၂၈၁၄ | ၂၄၀၃၆ |
| မလေးရှား | ၇၁၆၈၄၇ | ၆၅၀၉၆၄ | ၄၇၂၁ |
| ထိုင်း | ၂၃၂၆၄၇ | ၁၉၁၃၅၅ | ၁၇၇၅ |
| မြန်မာ | ၁၅၀၇၁၄ | ၁၃၄၅၈၉ | ၃၂၇၅ |
| စင်ကာပူ | ၆၂၄၉၃ | ၂၆၁၁၃ | ၃၅ |
| ကမ္ဘောဒီးယား | ၄၅၃၆၆ | ၄၀၀၁၀ | ၄၉၃ |
| ဗီယက်နမ် | ၁၄၁၁၆ | ၅၆၈၄ | ၇၂ |
| လာအို | ၂၀၈၀ | ၁၉၆၂ | ၃ |
| ဘရူနိုင်း | ၂၅၆ | ၂၄၅ | ၃ |

# ဝန်ထမ်းကောင်းဟူသည်

မမဝန်ထမ်း

**"နိုင်ငံ့ဝန်ထမ်း" ဟူသည် ပြည်သူကိုအလုပ်အကျွေးပြုသူ၊ ပြည်သူကို ဝန်ဆောင်မှုပေးနေကြသူများ ဖြစ်ပါသည်။ နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်လာသည်နှင့် ထမ်းဆောင်ရမည့်တာဝန်များ၊ စောင့်ထိန်းရမည့် ကျင့်ဝတ်များ၊ လိုက်နာရမည့် စည်းကမ်းများစွာ ရှိပါသည်။ မိမိတို့နိုင်ငံတွင် မိသားစုဘဝသာယာလှပရေး၊ အများနှင့်တန်းတူ နေထိုင်နိုင်ရေး၊ မိသားစုအတွင်း ချစ်ခင်ကြင်နာမှုရှိစေရေးကို အိမ်ထောင်ဦးစီးဖြစ်သူ ဖခင်သို့မဟုတ် မိခင်က မိသားစုစည်းကမ်းများ ချမှတ်ကာ စီမံထိန်းကျောင်းလေ့ရှိပါသည်။ စည်းကမ်းမရှိလျှင် "အကွပ်မရှိသည့်ကြမ်း ပရမ်းပတာ" ဟူသော ဆိုရိုးအတိုင်း မဖြစ်ရလေအောင် ထိန်းခဲ့ကြရသည်မှာ လိုက်နာ ကျင့်သုံးခဲ့ကြသည်မှာ ယနေ့တိုင် ဖြစ်ပါသည်။ အိမ်တစ်အိမ်တွင် အိမ်၏စည်းကမ်းကို မိသားစုဝင်များက လိုက်နာကြသကဲ့သို့ နိုင်ငံတော်နှင့် လုပ်ငန်းအဖွဲ့အစည်းတိုင်းတွင်လည်း မိမိတို့ အဖွဲ့အစည်းအတွင်းရှိ ဝန်ထမ်းများ လိုက်နာရန်အတွက် သင့်လျော်သည့် စည်းမျဉ်း၊ စည်းကမ်းများကို သတ်မှတ်ထားကြပါသည်။**

နိုင်ငံတစ်နိုင်ငံသည် ကမ္ဘာ့အလယ်တွင် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ရေးသည် ထိုနိုင်ငံတွင် မှီတင်းနေထိုင်ကြသော နိုင်ငံသားများ၏ အမူအကျင့်၊ စိတ်ဓာတ်၊ စည်းကမ်းအပေါ် များစွာတည်မှီနေပါသည်။ မိမိတို့နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်၏ ယန္တရားကို ကောင်းစွာ သက်ဝင်လှုပ်ရှားစေရန် အဓိကမောင်းနှင်အားများ ဖြစ်ကြသည့်အတွက် နိုင်ငံရေး၊ စီးပွားရေးနှင့် အုပ်ချုပ်သူအစိုးရများ မည်သို့ပင် ပြောင်းလဲမှုရှိစေကာမူ မိမိတို့၏ လုပ်ငန်းတာဝန်ကို ကျေပွန်ကြရန်သာ အဓိက ဖြစ်ပါသည်။ မည်သူတို့၏ သွေးထိုးလှုံ့ဆော်မှုကိုမျှ နားယောင်၍ ထင်ရာစိုင်းခြင်း မပြုသင့်ပါ။

### စုပေါင်းပါဝင်အားထုတ်

ထို့ကြောင့် မိမိတို့၏ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် တွေ့ကြုံရင်ဆိုင်ရသည့် အခက်အခဲများ၊ မိမိတို့နိုင်ငံ၊ မိမိတို့ အဖွဲ့အစည်း၏ ရည်မှန်းချက်များကို ပျက်ပြားစေမည့် ဆူးငြောင့်ခလုတ်များ တွေ့ရှိလာပါကလည်း မိမိတို့၏ စဉ်းစားဆင်ခြင်နိုင်စွမ်းကို အသုံးပြု၍ အမှန်နှင့်အမှား၊ အကောင်း၊ အဆိုးကို မှန်ကန်စွာ ခွဲခြားစိစစ်ပြီး ဖယ်ရှားနိုင်ရန်မှာ လွန်စွာအရေးကြီးပါသည်။ မိမိတို့နိုင်ငံ၏ ရည်မှန်းချက်ပန်းတိုင်သို့ ချောမွေ့လျင်မြန်စွာ ရောက်ရှိနိုင်ရေးမှာ နိုင်ငံ့ဝန်ထမ်းများ အပါအဝင် ပြည်သူတစ်ရပ်လုံးက ညီညီညွတ်ညွတ်နှင့် စုပေါင်းပါဝင်အားထုတ် ကြိုးပမ်းမှုပြုကြရန်လည်း များစွာလိုအပ်နေပါသည်။

### နိုင်ငံတော်၏ကျေးဇူးသစ္စာကိုဖောက်ဖျက်

နိုင်ငံ့ဝန်ထမ်းများနှင့် ပတ်သက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈)၊ ပုဒ်မ ၂၆ (က)တွင် ဝန်ထမ်းသည် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းရမည်ဟု ပါရှိပါသည်။ နိုင်ငံရေးလုပ်လိုပါက ဝန်ထမ်းလောကကို ကျောခိုင်းနုတ်ထွက်ပြီး နိုင်ငံရေး ပြုလုပ်ခွင့်ရှိပါသည်။ ပါတီထူထောင်ခွင့်ရှိပါသည်။ သို့သော် ယနေ့မိမိတို့နိုင်ငံတွင် နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုတွင် ပါဝင်ခြင်း၊ CDM လှုပ်ရှားမှုကို ထောက်ခံအားပေးခြင်းများကြောင့် အချို့သော နိုင်ငံ့ဝန်ထမ်းများသည် ဆင်ခြင်တုံတရား ကင်းမဲ့စွာဖြင့် မိမိတို့ CDM (Civil Disobedience Movement) ပြုလုပ်နေ၍ ရုံးမတက်တော့ပါကြောင်း၊ ထိုသို့ CDM ပြုလုပ်ခြင်းသည် အလုပ်မှ နုတ်ထွက်ခြင်း မဟုတ်ပါကြောင်းစသည်ဖြင့် ပြောင်ပြောင်တင်းတင်း ကြေညာကာ ရုံးမတက်ဘဲ၊ ရှန်းထွက်ဟုဆိုသော အဖျက်သမားများ၏ သွေးထိုးလှုံ့ဆော်မှုအပေါ် အမှန်/ အမှား ဝေဖန်ပိုင်းခြားနိုင်စွမ်းများ ကွယ်ပျောက်၍ နိုင်ငံတော်၏ကျေးဇူးသစ္စာကို ဖောက်ဖျက်လျက် ရှိနေကြပါသည်။

ထိုကဲ့သို့ ဖြစ်စဉ်၊ ဖြစ်ရပ်များကြောင့် နိုင်ငံတော်တွင် လူသားအရင်းအမြစ်များစွာ ဆုံးရှုံးခဲ့ရပါသည်။ နိုင်ငံတော် အကြီးအကဲများက သဘောထားကြီးစွာဖြင့် အမှားကိုမြင်၊ အမှန်ပြင်လိုစိတ်ရှိသော ဝန်ထမ်းများကို လုပ်ငန်းခွင်သို့ အမြန်ဆုံး ပြန်လည်ဝင်ရောက်ကြရန်နှင့် အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်းများ ပြုနေသည့်အတွက် CDM ပြုလုပ်နေကြသည့် ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏အကျိုးကို အမှန်တကယ် သယ်ပိုးလိုပါက မိမိတို့ လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ကြစေလိုပါသည်။ အမှားကိုမြင်၊ လမ်းမှန်ကိုရွေး၍ လျှောက်ကြစေလိုပါသည်။

### ထုတ်ပြန်ကြေညာ

CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့မှုကြောင့် အရေးယူခံရသည့် နိုင်ငံ့ဝန်ထမ်းအချို့သည် ဆူပူအကြမ်းဖက်မှုတွင် ပါဝင်ပတ်သက်မှုမရှိခဲ့ခြင်းနှင့် သွေးထိုးလှုံ့ဆော်မှု အမျိုးမျိုးကြောင့်သော် လည်းကောင်း၊ စိတ်လှုပ်ရှားလွယ်မှုကို အသုံးချခံရခြင်းကြောင့်သော် လည်းကောင်း၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှ ဖိအားပေးခြိမ်းခြောက်အကျပ်ကိုင်ခံရခြင်းကြောင့်သော် လည်းကောင်း၊ လူ့ဂုဏ်သိက္ခာ ထိခိုက်စေမည့် Social Punishment ပြုလုပ်ခံရမည်ကို စိုးရိမ်ခြင်းကြောင့်သော် လည်းကောင်း CDM လှုပ်ရှားမှုပြုလုပ်ခဲ့မိသော်လည်း နိုင်ငံ့ဝန်ထမ်းအဖြစ် ပြန်လည်တာဝန်ထမ်းဆောင်လိုကြောင်း တင်ပြလာပါက

**❑ နိုင်ငံတစ်နိုင်ငံသည် ကမ္ဘာ့အလယ်တွင် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ရေးသည် ထိုနိုင်ငံတွင် မှီတင်းနေထိုင်ကြသော နိုင်ငံသားများ၏ အမူအကျင့်၊ စိတ်ဓာတ်၊ စည်းကမ်းအပေါ်များစွာတည်မှီနေ၊ မိမိတို့နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်၏ယန္တရားကို ကောင်းစွာ သက်ဝင်လှုပ်ရှားစေရန် အဓိကမောင်းနှင်အားများ ဖြစ်ကြသည့်အတွက် နိုင်ငံရေး၊ စီးပွားရေးနှင့်အုပ်ချုပ်သူအစိုးရများ မည်သို့ပင် ပြောင်းလဲမှုရှိစေကာမူ မိမိတို့၏ လုပ်ငန်းတာဝန်ကို ကျေပွန်ကြရန်သာ အဓိကဖြစ်၊ မည်သူတို့၏ သွေးထိုးလှုံ့ဆော်မှုကိုမျှ နားယောင်၍ ထင်ရာစိုင်းခြင်း မပြုသင့်**

ရာဇဝတ်ကြောင်းအရ တရားစွဲဆိုအရေးယူထားမှုများအပေါ် ပြန်လည်ရုပ်သိမ်းပေးမည့် အခြေခံအချက်များကို CDM ပြုလုပ်နေသော ဝန်ထမ်းများသိရှိနိုင်ရန် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ သတင်းပြန်ကြားရေးအဖွဲ့က နိုင်ငံပိုင်သတင်းစာများတွင် ၂၇-၄-၂၀၂၁ ရက်စွဲဖြင့် ထုတ်ပြန်ကြေညာပေးလျက်ရှိပါသည်။

### အခွင့်အရေးများခံစားခွင့်ပေးထား

ထို့အပြင် နိုင်ငံ့ဝန်ထမ်းများသည် ၂၀၁၃ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၅) ဖြင့် ထုတ်ပြန်ခဲ့သော နိုင်ငံ့ဝန်ထမ်းဥပဒေအခန်း(၄) ပုဒ်မ ၁၀ အရ အောက်ပါတို့ကို လိုက်နာရန်တာဝန်ရှိပါသည်-

(က) နိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်သိရိုသေခြင်း၊

( ခ ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာခြင်း၊

( ဂ ) နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို အလေးထား၍ ဆောင်ရွက်ခြင်း၊

(ဃ) နိုင်ငံတော်ပိုင်ပစ္စည်း၊ နိုင်ငံတော်ဘဏ္ဍာများ လေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် အလွဲသုံးစားမှု မပြုရေးတို့အတွက် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

( င ) မိမိအား ပေးအပ်ထားသော တာဝန်နှင့်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ခြင်း၊

( စ ) ဤဥပဒေအရပြုလုပ်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်၊ ညွှန်ကြားချက်များ၊ ဝန်ထမ်းအဖွဲ့အစည်းအလိုက် သီးခြားသတ်မှတ်ထားသော လုပ်ငန်းခွင်စည်းကမ်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာခြင်း၊

(ဆ) ပါတီနိုင်ငံရေး ကင်းရှင်းခြင်း၊

( ဇ ) ရာထူးဝန်အဖွဲ့က သတ်မှတ်ထားသော သင်တန်းများကို တက်ရောက်ခြင်း၊

( ဈ ) အကျင့်စာရိတ္တပျက်ပြားခြင်းနှင့် သိက္ခာမဲ့စွာ ပြုမူနေထိုင်ခြင်းတို့မှ ရှောင်ကြဉ်ခြင်း၊

(ည) တာဝန်အရအပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်းမှ ရှောင်ကြဉ်ခြင်း၊

( ဋ ) လာဘ်ပေးလာဘ်ယူပြုလုပ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊

( ဌ ) ပြည်သူကို ရိုသေလေးစားစွာ ဝန်ဆောင်မှုပေးခြင်း စသည့် တာဝန် (၁၂) ရပ် ရှိပါသည်။

အထက်ပါတာဝန်များအပြင် နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၁၁ တွင်လည်း နိုင်ငံ့ဝန်ထမ်းများအား အောက်ပါအခွင့်အရေးများကိုလည်း ခံစားခွင့်ပေးထားပါသည်-

(က) အလုပ်တည်မြဲခွင့်၊

( ခ ) လုပ်ငန်းခွင်အာမခံချက်ရခွင့်၊

( ဂ ) လုပ်အား၊ အတတ်ပညာ၊ တာဝန်ထမ်းဆောင်မှုနှင့် လျော်ညီသည့်လစာ၊ ထောက်ပံ့ကြေး၊ ခရီးစရိတ်နှင့် အခြားစရိတ်ခံစားခွင့်၊

(ဃ) ရာထူးတိုးမြှင့်ခွင့်၊

( င ) ပညာလေ့လာဆည်းပူးခွင့်၊

( စ ) ခွင့်ခံစားခွင့်၊

(ဆ) ထူးချွန်မှု၊ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်မှုတို့အတွက် ချီးမြှင့်ခြင်းကို ခံစားခွင့်၊

( ဇ ) ဆေးစစ်ခံယူမှုနှင့် ဆေးကုသမှု ခံယူခွင့်၊

( ဈ ) အငြိမ်းစားယူခွင့်၊

(ည) တာဝန်ထမ်းဆောင်မှုကိုအကြောင်းပြု၍ ထိခိုက်ဒဏ်ရာရခြင်း၊ မသန်စွမ်းဖြစ်ခြင်းနှင့် သေဆုံးခြင်းတို့အတွက် အထူးပင်စင်ခံစားခွင့်၊

( ဋ ) အမျိုးသမီးဝန်ထမ်းဖြစ်ပါက တူညီသောအလုပ်အတွက် အမျိုးသားဝန်ထမ်းများနည်းတူ အကျိုးခံစားခွင့်အပြင် မီးဖွားခြင်းဆိုင်ရာအကျိုးခံစားခွင့်၊

( ဌ ) ပါတီနိုင်ငံရေးနှင့်ကင်းရှင်းသော အသင်းအဖွဲ့များတွင် ပါဝင်ခွင့်၊

( ဍ ) ဝန်ထမ်းရေးရာခံစားခွင့်၊ ဆုံးရှုံးနစ်နာမှုများနှင့်စပ်လျဉ်း၍ တင်ပြခွင့်၊ ရှင်းလင်းထုချေခွင့်နှင့်အယူခံခွင့်၊

( ဎ ) ရာထူးအနွယ် ပိုင်ဆိုင်ခွင့်၊

(ဏ) ကူးပြောင်းချိန်ခံစားခွင့်၊

*စာမျက်နှာ ၁၇ သို့*

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

---

*စာမျက်နှာ ၁၆ မှ*

(တ) ပြင်ပဝန်ထမ်းစည်းကမ်းချက်ဖြင့် လွှဲပြောင်းတာဝန်ထမ်းဆောင်ခွင့်၊

(ထ) လုပ်သက်ဆုငွေနှင့် အငြိမ်းစားလစာခံစားခွင့်၊

( ဒ ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သော အခြားခံစားခွင့်တို့ ဖြစ်ပါသည်။

**စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ခံစားခွင့်ရှိ**

ထို့အပြင် နိုင်ငံ့ဝန်ထမ်းဥပဒေအခန်း (၅) ပုဒ်မ ၁၃ တွင် ဝန်ထမ်းသည် သီးခြားတာဝန်ပေးချက်အရ ဆောင်ရွက်ရသည့် လုပ်ငန်းတစ်ရပ်ရပ်အတွက် ချီးမြှင့်ငွေ သို့မဟုတ် အခကြေးငွေကို သက်ဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ခံစားခွင့်ရှိကြောင်းလည်း ပြဋ္ဌာန်းထားပါသည်။

ဝန်ထမ်းတစ်ဦးသည် အထက်ပါပေးထားသော အခွင့်အရေးများကို ခံစား၍ မိမိထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်များကို ပျက်ယွင်းနေပါလျှင် နိုင်ငံ့ဝန်ထမ်းကောင်းတစ်ဦးဖြစ်သည်ဟု မှတ်ယူ၍ မရနိုင်ပါ။ ထို့အပြင် ၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များအရ ဝန်ထမ်းစည်းကမ်းဆိုင်ရာပြစ်မှုများ ဖြစ်သည့် –

- အလုပ်ချိန်နှင့်သက်ဆိုင်သည့် ဝန်ထမ်းစည်းကမ်းဆိုင်ရာပြစ်မှုများ၊ (နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၆၁)
- တာဝန်ထမ်းဆောင်မှု၊ လုပ်ရည်ကိုင်ရည်တို့နှင့် ပတ်သက်သည့်ပြစ်မှုများ၊ (နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၆၂)
- လုပ်ငန်းခွင်အတွင်း ပြုမူဆက်ဆံမှုဆိုင်ရာ စည်းကမ်းများ၊ (နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၆၃)ကို လိုက်နာရန်လိုအပ်ပြီး ဖောက်ဖျက်ကျူးလွန်မှုများရှိလာပါက ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အရေးယူခြင်းခံရမည်ဖြစ်ပြီး ဝန်ထမ်း စည်းကမ်းဆိုင်ရာ ပြစ်ဒဏ်များကို ချမှတ်ခြင်းခံရမည်။

အချုပ်အားဖြင့်ဆိုရသော် မိမိတို့နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများကို သိရှိလိုက်နာရန်လိုအပ်ပါသည်။ မိမိအားပေးအပ်သည့် လုပ်ငန်းတာဝန်များကို တာဝန်သိစိတ်ဖြင့် တာဝန်ယူ၊ တာဝန်ခံကာ တာဝန်ကျေပွန်ကြမည်ဆိုပါက ပြည်သူကအားထားရသည့်“ဝန်ထမ်းကောင်း” တစ်ဦးအဖြစ် မှတ်ယူခြင်းခံရမည်မှာ မလွဲကေန်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ။

---

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



---

# ရှမ်းပြည်နယ်(မြောက်ပိုင်း) မဘိမ်းမြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များထံမှ လက်နက်လုယူရန် ကြိုးစားခဲ့သူ အကြမ်းဖက်သမားတစ်ဦးအား ခြောက်လှန့်ပစ်ခတ်ဖမ်းဆီး

**နေပြည်တော် ဇွန် ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မဘိမ်းမြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များထံမှ လက်နက်လုယူရန် ကြိုးစားခဲ့သူ အကြမ်းဖက်သမား တစ်ဦးအား ခြောက်လှန့် ပစ်ခတ်ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၂၃ ရက် ည ၁၁ နာရီ ၁၅ မိနစ်တွင် မဘိမ်းမြို့နယ် ငါးအိုးကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲတွင် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်ဖွဲ့ဝင်များရှိရာသို့ အမျိုးသားတစ်ဦး မောင်းနှင်လာသောဆိုင်ကယ်သည် ကျောင်းအနီးသို့ မသင်္ကာဖွယ်ကပ်လာသည်ကို တွေ့ရှိရသဖြင့် စစ်ဆေးရန် ရပ်တန့်ခိုင်းရာ ရပ်တန့်ပေးခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေးသွားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံဖမ်းဆီးခဲ့သည်။

ထိုသို့လိုက်လံဖမ်းဆီးခဲ့ရာ အဆိုပါဆိုင်ကယ်အား ငါးအိုးကျေးရွာအနီးတွင် တားဆီးရမိခဲ့ပြီး မေးမြန်းနေစဉ် ၎င်းအမျိုးသားမှ ၎င်းအနီးတွင်ရှိနေသော လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးထံမှ လက်နက်အား လုယူရန်ကြိုးစားခဲ့သဖြင့် လုံခြုံရေတပ်ဖွဲ့ဝင်တစ်ဦးမှ ခြောက်လှန့်ပစ်ခတ်ခဲ့ရာ အဆိုပါအမျိုးသား၏ ဝဲလက်တံတောင်ဆစ်နှင့် ဝဲလက်ပြင် ဖောက်ဝင်ဒဏ်ရာများရရှိ သေဆုံးခဲ့သဖြင့် ၎င်းစီးနင်းလာသော ဆိုင်ကယ်တူးဘောက်အတွင်း စစ်ဆေးရာဖွေခဲ့ရာ အပြာရောင် ကပ်ခွာအိတ်အတွင်းထည့်ထားသော WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၆၆ ပြား၊ လက်ပစ်ဗုံး တစ်လုံးတို့အား သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်တွင် လူသေဆုံးခဲ့မှုနှင့်ပတ်သက်၍ ရဲလုပ်ငန်းများနှင့်အညီ သေမှုသေခင်းရေးဖွင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

# မြစ်ကြီးနား၊ တာချီလိတ်နှင့် လွိုင်လင်မြို့တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ



တိုးအောင်(ခ)ဖက်တီး ကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဇွန် ၂၄**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၃ ရက် ညနေ ၆ နာရီခွဲတွင် မြစ်ကြီးနားမြို့ အေးစေတီ ရပ်ကွက် သခင်နက်ဖေ လမ်းတွင် တိုးအောင် (ခ)ဖက်တီး မောင်းနှင်လာသည့် MARK II ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၇၀၀ နှင့် ဘိန်းဖြူ သုည ဒသမ ၀၇ ကီလို တို့ကိုလည်းကောင်း၊ ဇွန် ၂၃ ရက် ညနေ ၄ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်း အဖွဲ့သည် တာချီလိတ်မြို့ ဆန်ဆိုင်းရပ်ကွက်(ခ)ရှိ ဟိုတယ် ကားပါကင်အနီးတွင် စိုင်းမိုးကျော် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွ ရူးသွပ်ဆေးပြား ၂၄၀၀ ကို လည်းကောင်း၊ ဇွန် ၂၂ ရက် ညနေ ၆ နာရီတွင် ပင်လုံနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်း အဖွဲ့သည် လွိုင်လင်မြို့နယ် ပင်လုံမြို့ ဆဟောင်းကျေးရွာ အုပ်စု ဆဟောင်းကျေးရွာအနီး တွင် မသင်္ကာဖွယ်တွေ့ရှိသူ ဖြားလော်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ သည်။

၎င်းတို့အား မူးယစ်ဆေးဝါး နှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်း ရရှိသည်။

**ရဲပြန်ကြား**

---

◆ *ကျောဖုံးမှ*

ဖောက်ခွဲဖျက်ဆီးရေးဆောင်ရွက်ရန် လက်နက်/ ခဲယမ်းများနှင့်အတူ အကြမ်းဖက်သူအချို့ ရောက်ရှိ ခိုအောင်းနေကြောင်း သတင်းအရ ဇွန် ၂၂ ရက် နံနက်ပိုင်းတွင် ၁၁၁ လမ်းနှင့် ၅၄ လမ်းထောင့်ရှိ နေအိမ်ကို သွားရောက်ရှာဖွေစစ်ဆေးရာ အကြမ်း ဖက်သမားများနှင့် အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွား ခဲ့ပြီး အကြမ်းဖက်သူများအဖွဲ့မှ သေဆုံးသူ ရှစ်ဦး၊ ဖမ်းဆီးရမိ ရှစ်ဦးနှင့်အတူ လက်လုပ်မိုင်း၊ လက်ပစ်ဗုံး၊ လက်နက်ငယ်အချို့ သိမ်းဆည်းရမိခဲ့သည်။ ဖမ်းဆီး ရမိသူများ၏ ထွက်ဆိုချက်အရ အဆိုပါ သေဆုံးသူ များတွင် KIA အဖွဲ့မှ ဗိုလ်အဆင့်ရှိ တူးဖိုးနှင့် ကိုရိုင်းတို့ပါဝင်ကြောင်း သိရှိရသည်။

**လက်လုပ်မိုင်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်း**

ဆက်လက်၍ ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက် အရ PDF အဖွဲ့များ ငှားရမ်းနေထိုင်သည့် ချမ်းမြ သာစည်မြို့နယ် လမ်း ၅၀ နှင့် ၁၁၅ လမ်းထောင့် အိမ်အမှတ် (၅၄)ကို ရှာဖွေခဲ့ရာ တရားခံများ တွေ့ရှိမှုမရှိဘဲ နေအိမ်အတွင်းမှ လက်လုပ်သေနတ် ခြောက်လက်၊ လက်လုပ်မိုင်း ၂၈ လုံး၊ လက်လုပ်မိုင်း ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရရှိခဲ့သည်။

ဖမ်းဆီးရမိတရားခံများအား ဖော်ထုတ်ချက်အရ မန္တလေး(PDF)အဖွဲ့ဝင်တစ်ဦးဖြစ်သူ ရန်လင်းအောင် (ခ) မိုးတိမ်သည် ဇွန် ၂၃ ရက်တွင် ဝေယံလင်း(ခ) ထွန်းတောက်နိုင်နှင့်အတူ လက်နက်/ခဲယမ်းများကို မန္တလေးမြို့သို့ ဗန်းမော်-ငါးအိုး-သပိတ်ကျင်း- မန္တလေးလမ်းကြောင်းအတိုင်း သယ်ဆောင်လာ ကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့ရှာဖွေဖမ်းဆီးရာ မွန်းလွဲပိုင်းတွင် သပိတ်ကျင်း မြို့နယ် တကောင်းလမ်းခွဲ၌ ERTIGA အမျိုးအစား ယာဉ်အမှတ်၊ 2P-5582 ဖြင့် လိုက်ပါလာသော ဝေယံလင်း(ခ)ထွန်းတောက်နိုင်၊ ရန်လင်းအောင်(ခ) မိုးတိမ်၊ မျိုးမင်းထွန်းနှင့် စိုင်းသက်ပိုင်ထွန်းတို့ လေးဦးကို ဖမ်းဆီးရမိခဲ့သည်။

**လက်နက်မျိုးစုံနှင့် ဗုံးသီးများ ဖမ်းဆီးရမိ**

ဖမ်းဆီးရမိတရားခံများကို ဆက်လက်စစ်ဆေး မေးမြန်းချက်အရ လက်နက်/ ခဲယမ်းများကို ခြောက်ဘီးယာဉ်တစ်စီးဖြင့်သယ်ဆောင်လာကြောင်း သိရှိရသဖြင့် ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ညနေ ပိုင်းတွင် မန္တလေး-ဗန်းမော်ကားလမ်း မိုင်တိုင် အမှတ်(၂၅) ဝါးရုံကုန်းကျေးရွာ၌ Nissan အမျိုးအစား ယာဉ်အမှတ်၊ 8B-9757 ခြောက်ဘီးယာဉ်ဖြင့် သယ်ဆောင်လာသော K 2-5 အရှည် ၃၂ လက်၊ K 2-5(ခေါက်ဒင်) ၃၂ လက်၊ M-79 LL အလက် ၄၀၊ 779 Pading III-S ၁၀ လက် စုစုပေါင်းလက်နက်မျိုးစုံ ၁၁၄ လက်၊ ကျည်အိမ် ၂၄၈ ခု၊ K 2-5 ကျည် အတောင့် ၁၀၀၀၀၊ လက်ပစ်ဗုံး ၄၉၉ လုံး၊ ၄၀ မမ ဗုံးသီး ၁၄၇၃ လုံး၊ Remote Control မိုင်းအဝေးထိန်းခလုတ် ၃၅ ခု၊ ယမ်းမှုန့်ဟုယူဆရသော အထုပ် ၂၅ ထုပ် (၄ ဒသမ ၉၆၅ ကီလိုဂရမ်)၊ လွယ်ကြိုး အချောင်း ၁၅၀၊ လျှပ်စစ်စနက်တံတစ်ခွေနှင့် ဒီတိုနေတာ သုံးဖာတို့ကို ဖမ်းဆီးရမိခဲ့သည်။



သိမ်းဆည်းရမိသည့် Remote မိုင်းခလုတ်များကို တွေ့ရစဉ်။

ထွက်ဆိုချက်များအရ ရန်လင်းအောင်(ခ)မိုးတိမ် ပါဝင်သည့် PDF အဖွဲ့ဝင်များသည် NLD ပါတီမှ ကချင်ပြည်နယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ် အမှတ်(၅) ကိုယ်စားလှယ်ဟောင်း (၂၀၁၅) ဦးခင်မောင်မြင့် (ခ)ဦးချို၏ ချိတ်ဆက်ပေးမှုဖြင့် KIA ဌာနချုပ်၊ လိုင်ဇာ၌ မတ် ၂၁ ရက်မှ ဧပြီ ၄ ရက်အထိ စစ်အခြေခံသင်တန်း တက်ရောက်ခဲ့ကြောင်း၊ လိုင်ဇာသို့သွားရောက်ရာတွင် NLD ပါတီမှ ပြည်ကြီး တံခွန်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်ဟောင်း (၂၀၁၅) ကျော်စိုးလင်းနှင့် ကောလင်းမြို့လွှတ်တော် ကိုယ်စားလှယ်ဟောင်း(၂၀၁၅) မျိုးဇော်အောင် တို့ကလည်း ကိုယ်ပိုင်ကားဖြင့် လိုက်ပါလာခဲ့ကြောင်း၊ သင်တန်းဆင်းပြီးနောက် မန္တလေးမြို့ပေါ်တွင် လူငယ်များစုစည်း၍ သင်တန်းပေးရန်နှင့် အသင့် ဖြစ်ပါက လက်နက်တပ်ဆင်ပေးရန် စီစဉ်ထားရှိခဲ့ ကြောင်း သိရှိရသည်။

**လက်နက်များကို သယ်ဆောင်ရန်စီစဉ်**

ဇွန် ၁၇ ရက်တွင် ဝေယံလင်း(ခ)ထွန်းတောက်နိုင် အပါ လေးဦးတို့သည် လက်နက်များ သယ်ဆောင်ရန် အတွက် မန္တလေးမှ ဗန်းမော်သို့ သွားရောက်ခဲ့ပြီး ဇွန် ၁၈ ရက်နှင့် ၁၉ ရက်တွင် KIA အဖွဲ့မှ ဆရာလွန်း ဆိုသူနှင့်တွေ့ဆုံ၍ လက်နက်များကို မန်စီမြို့မှ မန္တလေးမြို့သို့ သယ်ဆောင်ရန်စီစဉ်ခဲ့ကြောင်း၊ ဇွန် ၂၂ ရက်တွင် KIA အဖွဲ့မှ ဆရာလွန်း၏ စီစဉ်မှုဖြင့် ခြောက်ဘီးယာဉ်ပေါ်သို့ လက်နက်/ခဲယမ်းများ တင်ဆောင်၍ မန်စီမြို့မှ စတင်ထွက်ခွာခဲ့ပြီး စင်းခန်းတံတားအနီးတွင် ညအိပ်ရပ်နားခဲ့ကြောင်း သိရှိရသည်။

ဇွန် ၂၃ ရက်တွင် ဆက်လက်ထွက်ခွာရာ၌ လက်နက်များတင်ဆောင်သည့် ခြောက်ဘီးယာဉ်မှာ မန္တလေးသို့ ဦးစွာထွက်ခွာခဲ့ပြီး ဝေယံလင်း(ခ) ထွန်းတောက်နိုင်အပါ လေးဦးသည် နောက်မှ လိုက်ပါလာခဲ့ရာ သပိတ်ကျင်းမြို့နယ် တကောင်းမြို့ လမ်းဆုံ၌ ဖမ်းဆီးခံရပြီး လက်နက်များသယ်ဆောင် လာသော ခြောက်ဘီးယာဉ်ကို မန္တလေး-ဗန်းမော် ကားလမ်း မိုင်တိုင်အမှတ်(၂၅)၊ ဝါးရုံကုန်းကျေးရွာ အနီး၌ ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

**လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်**

အကြမ်းဖက်သူများအနေဖြင့် မြို့နယ်တချို့ အတွင်း အများပြည်သူအား ထိတ်လန့်တုန်လှုပ် ချောက်ချားစေ၍ မြို့ရွာတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ တာဝန် ထမ်းဆောင်မှုမပြုနိုင်စေရန်၊ ထိခိုက်သေကျေစေရန် ရည်ရွယ်၍ လက်လုပ်ဗုံးများအပြင် မောင်းပြန်ရိုင်ဖယ် များပါအသုံးပြု၍ တိုက်ခိုက်သတ်ဖြတ်ခြင်း၊ လက်နက်ကိုင်အဖွဲ့များဖြင့်ဆက်သွယ်၍ သင်တန်း များ တက်ရောက်ခြင်း၊ ပို့ချခြင်း၊ လက်နက်/ ခဲယမ်းများ စုဆောင်းခြင်း၊ လူအင်အားစုဆောင်းခြင်း များကိုပါ ပြုလုပ်လာလျက်ရှိကြောင်းနှင့် အကြမ်း ဖက်သူများ ခိုအောင်းနေထိုင် လှုပ်ရှားမှုမရှိစေရေး အတွက် လုံခြုံရေးလုပ်ငန်းများကို တိုးမြှင့် ဆောင်ရွက်လျက်ရှိပြီး ဆက်စပ်တရားခံများကို အမြန်ဆုံးဖမ်းဆီးရမိရေး မြို့ရွာအမြန်ဆုံးအေးချမ်း တည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်း ပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံ အပ်ပါကြောင်းနှင့် ဖြစ်စဉ်ပါ ဖမ်းဆီးရမိတရားခံ များကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မှုများ ပြုလုပ်၍ ကွင်းဆက်တရားခံများကို ဆက်လက် ဖော်ထုတ်ဖမ်းဆီးခြင်းများ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။




သိမ်းဆည်းရမိသည့် K 2-5 ကျည်များကို တွေ့ရစဉ်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၅-၆-၂၀၂၁ သောကြာနေ့

**MRTV**

**၀၆:၀၀** ရတနသုတ်ပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၇:၃၅** MRTV Travelogue
**၀၈:၃၅** ကရင်တိုင်းရင်းသားတို့၏ ရိုးရာလက်မှုပညာ
**၀၉:၁၀** မျက်မှောက်ရေးရာအဖြာဖြာ
**၀၉:၄၀** Soccer View
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** ရိုးမပေါ်ကကျွန်းစိုက်ခင်းများဆီ
**၁၃:၃၀** MRTV National News
**၁၄:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ **'အတိတ်၏စေညွှန်ရာ'** (အပိုင်း-၅၉)
**၁၅:၀၀** Grade-10 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ **'ဘောဂဗေဒဘာသာရပ်'**
**၁၆:၃၅** စိုက်ပျိုးကြပါသစ်ပင်များစွာ စိမ်းလန်းစေချင်မြန်မာပြည်တစ်ခွင်
**၁၇:၃၅** လူငယ်ပန်းဥယျာဉ်အစီအစဉ်
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၁၅** သုတဝေဖြာသီရိဂေဟာ
**၁၉:၂၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'နှလုံးသားဒေါ်ဆောင်ရာ'** (အပိုင်း-၁၀)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** **'ဝသာန်မိုးရာသီ'** တေးသီချင်းများ ဖျော်ဖြေပွဲထုတ်လွှင့်မှုအစီအစဉ်
**၂၂:၂၀** ပြည်သူ့နီတိ **'လမ်းပြကြယ်'**

**mitv**

**07:01** News
**07:27** Evergreen Classic: An Da Yel Kin (Htar)
**07:35** The Most Prominent Resort And Residence - Ngapali
**08:01** Distinguished Myanmar Lady "Kyin Po"
**08:07** Winkabar Festival
**08:31** The Rising Glory Of Myanmar Arts
**09:01** Discovering Tribes: Taisun (Their Life and Customs) (Part-1)
**09:18** The Efficacy of Myanmar Traditional Medicine
**09:43** Young Lady Musician: Nge Nge Lay
**10:01** Myanmar's Traditions and Culture "Myanmar Pottery"
**10:29** The Largest Nunnery In Myanmar
**11:01** School For the Blind (Kyee Myin Dine
**11:43** Myanmar Invites You

**MRTV NRC**

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
ကချင်ထမင်းဟင်းထုပ်နည်း
**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ရိုးရာဝါးခမောက်လက်မှုပညာအမွေ
**ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ငုံးမွေးမြူရေး
**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ဝင်ငွေကောင်းတဲ့ဖာလာလုပ်ငန်း
**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ကျောက်ကပ်ရောဂါအကြောင်း သိကောင်းစရာများ
**ချင်း (လိုင်ဇို:) (၁၃:၀၀ မှ ၁၄:၀၀)**
ဆီးချို၊ သွေးချိုရောဂါအကြောင်းသိကောင်းစရာ
**ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)**
တစ်နှစ်တာတောင်ယာလုပ်ငန်း
**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
ရှာလွတ်ဆေးတံ
**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
အဆင်တူချည်တူမှညီမျှတဲ့သည်မေတ္တာ (ရခိုင်ရိုးရာသမက်တက်ပွဲ)
**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ကျိုင်းတုံဒေသရဲ့သမိုင်းဝင်နေရာများ
**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
မြင်းခွာရွက်နှင့်ကျန်းမာရေး

**MRTV Sports**

**၀၆:၀၀** အဖွင့်
**၀၆:၁၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၁၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊
Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ညနေ(၆:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

www.mrtv.gov.mm
t.me/mrtvnews
www.twitter.com/mrtvwebportal



# ရွှေတိဂုံစေတီတော်၌ နယုန်လပြည့်နေ့(မဟာသမယအခါတော်နေ့) အခမ်းအနားကျင်းပ

**ရန်ကုန် ဇွန် ၂၄**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၃ ခုနှစ် နယုန်လပြည့်နေ့(မဟာသမယအခါတော်နေ့) အခမ်းအနားကို ယနေ့နံနက် ၅ နာရီခွဲမှစတင်၍ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာအသီးသီး၌ ကိုဗစ်-၁၉ ရောဂါစည်းကမ်းချက်များနှင့်အညီ ကျင်းပသည်။

ရှေးဦးစွာ ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ ဩဇ္ဈခံတန်ဆောင်း၌ ဂေါပကအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် ရွှေတိဂုံစေတီတော် ဝတ်အသင်းအဖွဲ့များက စေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးဆွမ်းများဖြင့် ကပ်လှူပူဇော်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ရွှေတိဂုံစေတီတော်ဩဝါဒါစရိယ ဆရာတော်ကြီးများအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နယုန်လပြည့်နေ့ (မဟာသမယအခါတော်နေ့) အခမ်းအနားကို ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်၊ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တိပိဋကဓရ ပါဠိပါရဂူ ရွှေပြည်သာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနာဂိတထံမှ ဂေါပကအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့်ဝတ်အသင်းအဖွဲ့များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဂေါပကအဖွဲ့ဝင်များက ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဦးစီးပဓာန နာယက တိပိဋကဓရ တိပိဋကဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ(ယောဆရာတော်)ဘဒ္ဒန္တသီရိန္ဒာဘိဝံသထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော်ဝတ်အသင်းအဖွဲ့များက စေတီတော်ကြီး၏ အရှေ့၊ အနောက်၊ တောင်၊ မြောက်ရှိ တန်ဆောင်းများ၌ စုပေါင်း၍ မဟာသမယဒေသနာတော်အား ရွတ်ဆိုပူဇော်ကြသည်။

**ဇော်ဇော်လတ်(MNA)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၄ - ၆ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၇၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၈၄၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၇၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၈၂၄၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၅၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၃၅ | ကျပ် | ၁၀၆၅ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၁၅ | ကျပ် | ၁၀၅၅ | ကျပ် |
| အောက်တိန်း ၉၅ | ၁၁၀၀ | ကျပ် | ၁၁၅၅ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၀၄ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၈၁၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၄၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၉.၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၀၀.၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၄၁ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၈၉၀၀ | ၃၇၅ | ၃၃၃၇၆၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၁၃၀၀ | ၄၅၅၀၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၂၁ | ၅၇၇၅၀ |
| EFR | ၃၁၀၀ | ၃၁၀၀ | ၅၀ | ၁၅၅၀၀၀ |
| AHP | ၄၈၀၀ | ၄၉၀၀ | ၁၅ | ၇၃၁၀၀ |

ညီညီ - စုစည်းသည်


## မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)



mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

## ဇာတ်တော်ကြီးဆယ်ဘွဲ့

# သုဝဏ္ဏသာမဇာတ်တော်

မြတ်မင်းလှိုင်

*ယမန်နေ့မှ အဆက်*

ထိုအခါ ပီဠိယက္ခမင်းသည် ဘုရားလောင်းသုဝဏ္ဏသာမ မှာကြားလိုက်သည့်အတိုင်း မိခင်ဖခင်တို့အား ပြန်ပြောမည်ဖြစ်ကြောင်း ဝန်ခံလေလျှင် သုဝဏ္ဏသာမသည် အမိအဖတို့အား ရည်မှန်းရှိခိုးကာ မိန်းမောနေလေသည်။

ဤသို့သုဝဏ္ဏသာမသည် အမိအဖတို့အား ရှိခိုးလိုက်ကြောင်း မှာကြားပြီး မိန်းမောသွားသည်ကို မင်းကြီးမြင်လျှင် ထွက်သက်ဝင်သက်တို့ ချုပ်ခဲ့ပြီဟု မှတ်ယူလိုက်လေသည်။ မင်းကြီးသည် သုဝဏ္ဏသာမအား လွန်စွာသနားလှသည်ဖြစ်၍ လက်နှစ်ဖက်ကို မြှောက်လျက် ထိပ်ပေါ်တင်ထားပြီးလျှင် တောရပ်တစ်ခုလုံး ပဲ့တင်ထပ်အောင် သည်းထန်စွာငိုကြွေးလေသည်။

ပီဠိယက္ခမင်းသည် မအိုမသေဟု မှတ်ယူထားခဲ့သော်လည်း သုဝဏ္ဏသာမ၏ အဖြစ်ကိုမြင်ရသောအခါတွင်မှ သေခြင်းတရားကို သိရှိရကြောင်း၊ သုဝဏ္ဏသာမအား အဆိပ်လူးမြားဖြင့် ပစ်မိသဖြင့် အလွန်ကြမ်းကြုတ်သော ငရဲ၌ခံရတော့မည်ဖြစ်ကြောင်း၊ သုဝဏ္ဏသာမအား မြားဖြင့်ပစ်မိသော မကောင်းမှုကြောင့် လူသူအပေါင်းတို့က ကြမ်းကြုတ်သောအမှုကို ပြုတတ်သောမင်းအဖြစ် ကဲ့ရဲ့ကြတော့မည်ဖြစ်ကြောင်း မိမိကိုယ်ကို အပြစ်တင်လျက် ငိုကြွေးမြည်တမ်းလေ၏။

ထိုသို့ ပီဠိယက္ခမင်းကြီးသည် အကြောင်းများစွာပြ၍ ငိုကြွေးနေသည်ကို ဂန္ဓမာဒနတောင်၌နေသော လှပတင့်တယ်၍ စိတ်ကောင်းရှိသော နတ်သမီးဗဟုသုန္ဒရီသည် ကြည့်ရှုဆင်ခြင်မိလေသည်။ ထိုနတ်သမီးသည် သုဝဏ္ဏသာမ၏ ခုနစ်ကြိမ်မြောက် အမိဖြစ်ခဲ့ဖူးသည်ကြောင့် သုဝဏ္ဏသာမအား အမြဲမပြတ်ကြည့်ရှုစောင့်မ၏။ ထိုမြားမှန်သောနေ့၌ ဗဟုသုန္ဒရီနတ်သမီးသည် နတ်သဘင်အစည်းအဝေးသို့ သွားနေချိန်ဖြစ်၍ သုဝဏ္ဏသာမအား ကြည့်ရှုစောင့်ရှောက်ရန် လစ်ဟင်းခဲ့သဖြင့် ဤသို့အဖြစ်ဆိုးနှင့် ကြုံရခြင်းဖြစ်၏။

သုဝဏ္ဏသာမ မြားမှန်သော အကြောင်းကိုမြင်လျှင် နတ်သမီးသည် မိမိမသွားဘဲနေလျှင် သုဝဏ္ဏသာမသည် မိဂသမ္မတာမြစ်နား၌ပင်၊ သေခြင်းသို့ရောက်တော့မည်၊ ပီဠိယက္ခမင်းသည်လည်း နောင်တရ၍ နှလုံးကွဲတော့မည်၊ သုဝဏ္ဏသာမ၏ မိဘနှစ်ပါးမှာလည်း အစာမစားရ၊ ရေမသောက်ကြရသည်ကြောင့် သေခြင်းသို့ရောက်ကြတော့မည်၊ မိမိသွားရောက်ခဲ့လျှင် ပီဠိယက္ခမင်းသည် သောက်ရေအိုးကိုယူ၍ သုဝဏ္ဏသာမ၏ အမိအဖထံသို့ သွားရောက်ပေးလိမ့်မည်၊ ဒုကူလနှင့် ပါရိကတို့သည် အကြောင်းစုံကို သိရှိ၍လိုက်ပါလာပါက မိမိနှင့် သစ္စာဆိုခွင့်ရမည်ဖြစ်ပြီး သုဝဏ္ဏသာမ၏ မြားဆိပ်သည် ပျောက်ကင်းလိမ့်မည်။ ထို့အပြင် ဒုကူလနှင့် ပါရိကာလည်း မျက်စိအလင်းပြန်ရမည်၊ ပီဠိယက္ခမင်းကြီးသည်လည်း သုဝဏ္ဏသာမ၏ တရားစကားကို နာကြား၍ ဗာရာဏသီပြည်သို့ ပြန်ပြီးကြီးစွာသော အလှူကိုပေးသဖြင့် နတ်ပြည်သို့လားရပေလိမ့်မည် စသည်ဖြင့် ဆင်ခြင်မိသဖြင့် မိဂသမ္မတာမြစ်နား၌ မထင်မရှားသောကိုယ်ဖြင့် ကောင်းကင်တွင် ရပ်၍ ပီဠိယက္ခမင်းကြီးနှင့် စကားဆိုလေသည်။

နတ်သမီးက “မြတ်သောမင်းကြီး မကောင်းသောအမှုကို ပြုလိုက်လေသည်၊ မြားတစ်စင်းတည်းဖြင့် အပြစ်မဲ့သောအမိ၊ အဖနှင့်သားတို့ကို သတ်ရာရောက်နေလေပြီ၊ ထို့ကြောင့် မျက်မမြင် အမိအဖတို့ကို ဟိမဝန္တာတောကြီး၌ တရားသဖြင့် အလုပ်အကျွေးပြုချေ၊ ထိုသို့ပြုလျှင် မင်းကြီးသည်လည်း ကောင်းရာသုဂတိသို့ လားရပေမည်”ဟု ဆိုလေသည်။

မင်းကြီးသည် နတ်သမီး၏ စကားကိုကြားလျှင် သုဝဏ္ဏသာမအား သေပြီအမှတ်ဖြင့် အထူးထူးသော အဆင်းအနံ့ရှိသော ပန်းမျိုးစုံတို့ဖြင့် သုဝဏ္ဏသာမ၏ ကိုယ်ကိုပူဇော်၍ ရေသွန်းလောင်းပြီးလျှင် အရပ်လေးမျက်နှာတို့ကို လက်ယာရစ်သုံးကြိမ်လှည့်လည်လျက် ရှိခိုးပူဇော်လေသည်။ ထို့နောက်ရေအပြည့်ရှိသော သုဝဏ္ဏသာမ၏ သောက်ရေအိုးကို ယူ၍ နှလုံးမသာမယာဖြင့် ဒုကူလနှင့် ပါရိကတို့ရှိရာ အရပ်သို့ ရှေးရှုလာခဲ့သည်။

ပီဠိယက္ခမင်းကြီးသည် ခွန်အားကြီးသောကြောင့် ဒုကူလနှင့် ပါရိကတို့ ကျောင်းသင်္ခမ်းသို့ ဝင်ရာတွင် ခြေသံပြင်းလှသည်။ ထို့ကြောင့် ဒုကူလနှင့် ပါရိကတို့သည် ခြေသံကိုကြားသည်နှင့်



မိမိတို့၏သား သုဝဏ္ဏသာမ မဟုတ်ကြောင်းချက်ချင်းသိရှိရ၍ မည်သူဖြစ်နည်းဟု မေးလေသည်။ ထိုအခါ မင်းကြီးသည် မိမိသည်မည်သူဖြစ်ကြောင်း ဦးစွာမပြောဘဲ သုဝဏ္ဏသာမအား မြားဖြင့်ပစ်မိသည့် အကြောင်းပြောပါက မိဘနှစ်ပါးတို့အား များစွာအမျက်ထွက်စေ၍ ညှဉ်းပန်းရာ ရောက်တော့မည်။ ထိုသို့ညှဉ်းဆဲမိပါက မကောင်းမှုထပ်မံပွားတော့မည်ကို စိုးရိမ်သဖြင့် ရေအိုးကိုရေအိုးစင်၌ ချထား၏။ ထို့နောက်ကျောင်းသင်္ခမ်း တံခါး၌ရပ်လျက် မိမိသည် လေးအတတ်ကျွမ်းကျင်ပြီး သမင်သားကို လွန်စွာနှစ်သက်၍ အလွန်အကျွံစားသည့် ပီဠိယက္ခမင်းဖြစ်ကြောင်း ပြောပြလေသည်။

ထိုအခါ ဒုကူလနှင့် ပါရိကတို့သည် သစ်သီးတို့ချိုမြိန်အရသာရှိပြီး၊ မိဂသမ္မတာမြစ်ရေ၏ အလွန်အေးချမ်းခြင်းတို့ကို ဖွဲ့နွဲ့ပြောဆိုကာ မင်းကြီးအား ဧည့်ခံလေသည်။ မင်းကြီးလည်း သုဝဏ္ဏသာမအား မြားဖြင့် ပစ်ခဲ့သည်ကို ပြောဆိုရန်နှုတ်လေးနေသဖြင့် သစ်သီးတို့ မည်သို့ယူခဲ့သည်ကို မေးလေသည်။ ဒုကူလက သားသုဝဏ္ဏသာမ ဆောင်ယူပေးကြောင်း မကြာမီပြန်လာတော့မည်ဖြစ်ကြောင်း ပြောကြားလေသည်။ ထိုစကားကို ကြားရသောအခါ မင်းကြီးလည်း မိမိသည် သုဝဏ္ဏသာမအား အဆိပ်လူးမြားဖြင့် ပစ်ခဲ့မိ၍ သုဝဏ္ဏသာမသည် သွေးအလိမ်းလိမ်းဖြင့် မိဂသမ္မတာမြစ်အနီး၌ ကျန်ရစ်ခဲ့သည်ဟု ပြောလေသည်။ ပါရိကသည် ထိုစကားကိုကြားလျှင် အမျက်ထွက်လေသည်။ ထိုအခါ ဒုကူလသုခမိန်က မင်းကြီးသည် သမင်၌ဖြစ်သော အမျက်ဒေါသကြောင့် ပြစ်မိခြင်းဖြစ်၍ အမျက်မထွက်ရန်၊ အမျက်ထွက်က မကောင်းမှုသို့ လားရာ၏ဟု ဖျောင်းဖျဆုံးမလေသည်။

မင်းကြီးက မိမိသည် သုဝဏ္ဏသာမကိုယ်စား အမိအဖတို့အား အလုပ်အကျွေးပြုသွားမည်ဖြစ်ကြောင်း နှစ်သိမ့်အားပေးစကား ပြောဆိုလေသည်။ ဒုကူလနှင့် ပါရိကတို့က အရှင်မင်းမြတ်သည် မိမိတို့၏ သခင်ဖြစ်သောကြောင့် မိမိတို့အား အလုပ်အကျွေးပြုရန် မသင့်ဟု မင်းကြီး၏ဂုဏ်ကို ချီးကျူးစကားကို ဆိုလေပြီးလျှင် သုဝဏ္ဏသာမရှိရာ အရပ်သို့ပို့ဆောင်ပေးရန် တောင်းပန်ကြလေသည်။ မင်းကြီးက တောကြီးသည် ကြောက်မက်ဖွယ်ကောင်းလှသောကြောင့် ကျောင်းသင်္ခမ်း၌သာ နေရန်တောင်းပန်ပြောဆိုရာ မရသဖြင့်ညတွင်း ချင်းပင် အမိအဖနှစ်ဦးတို့၏ လက်ကိုဆွဲ၍ ပို့ဆောင်ပေးရလေသည်။

ဒုကူလနှင့် ပါရိကတို့အား မိဂသမ္မတာမြစ်နားတွင် မိန်းမောလဲနေသည့် သုဝဏ္ဏသာမအနီးသို့ အရောက်ပို့ဆောင်ပေးလေသည်။ ထိုအခါ အဖခမည်းတော် ဒုကူလသည် ဦးကိုချီမ၍ မယ်တော် ပါရိကသည် ခြေကိုချီ၍ ပေါင်ပေါ်တင်ထားပြီးလျှင် ပြင်းထန်စွာ ငိုကြွေးကြလေသည်။

ထိုသို့ ငိုကြွေးမြည်တမ်းပြီးလျှင် သုဝဏ္ဏသာမ၏ ရင်ကိုစမ်းသပ်သည့်အခါ သုဝဏ္ဏသာမသည် အသက်မသေသေးဘဲ မိန်းမောနေခြင်းဖြစ်သည်ကို သိရှိလျှင် အဆိပ်ပြယ်စေရန်အတွက် သစ္စာဆိုကြလေသည်။ ဦးစွာ အမိပါရိက–

(က) ငါ့သား သုဝဏ္ဏသာမသည် ရှေးကဆယ်ပါးသော ကုသိုလ်ကမ္မပထတရားကို ကျင့်ခဲ့၏။ ထိုသစ္စာစကားကြောင့် မြားဆိပ်ပျောက်စေသတည်း။

(ခ) ငါ့သား သုဝဏ္ဏသာမသည် ရှေးကမြတ်သော အကျင့်ကို ကျင့်၏။ ဤမှန်သော သစ္စာစကားကြောင့် မြားဆိပ်ပျောက်စေသတည်း။

(ဂ) ငါ့သား သုဝဏ္ဏသာမသည် ရှေးကဟုတ်မှန်သော သစ္စာစကားကိုဆိုတတ်၏။ ဤမှန်သော သစ္စာစကားကြောင့် မြားဆိပ်ပျောက်စေသတည်း။

(ဃ) ငါ့သား သုဝဏ္ဏသာမသည် မိဘတို့ကိုလုပ်ကျွေးသည်။ ဤမှန်သော သစ္စာစကားကြောင့် မြားဆိပ်ပျောက်စေသတည်း။

(င) ငါ့သား သုဝဏ္ဏသာမသည် အသက်ကြီးသူများနှင့် မိဘကို ရိုသေ၏။ ဤမှန်သော သစ္စာစကားကြောင့် မြားဆိပ်ပျောက်စေသတည်း။

(စ) ငါ့သား သုဝဏ္ဏသာမအား ငါ၏ အသက်ထက်ချစ်မြတ်နိုး၏။ ဤမှန်သော သစ္စာစကားကြောင့် မြားဆိပ်ပျောက်စေသတည်း။

(ဆ) ငါသည်လည်းကောင်း၊ သုဝဏ္ဏသာမ အဖသည်လည်းကောင်း အမှတ်မထားဘဲ ပြုခဲ့သောကောင်းမှုရှိ၏။ ခပ်သိမ်းသော ထိုကောင်းမှုကြောင့် မြားဆိပ်ပျောက်စေတည်း။

သုဝဏ္ဏသာမ၏ အမိသည် ဤသို့သစ္စာ ပြုလိုက်သည့်အခါ သုဝဏ္ဏသာမသည် တစ်ဖက်သို့စောင်း၍ ပြန်အိပ်၏။ ထိုအခါ ဖခင်ဒုကူလသည် ငါ့သားအသက်ရှိသေး၏။ ငါသည်လည်း သစ္စာပြုအံ့ဟု ပါရိကသစ္စာပြုခဲ့သည့် (၇) ချက်ကို ထပ်မံသစ္စာပြုလေသည်။ ထိုအခါ သုဝဏ္ဏသာမသည် အခြားတစ်ဖက်သို့ လှည့်ပြောင်း၍ အိပ်ပြန်၏။ ထိုသို့အိပ်သောအခါ မိခင်ဟောင်းဖြစ်သော ဗဟုသုန္ဒရီနတ်သမီးသည် သစ္စာပြုလေသည်။ ထိုဗဟုသုန္ဒရီနတ်သမီးပြုသော သစ္စာသုံးချက်မှာ–

(က) ငါသည် ဂန္ဓမာဒနအမည်ရှိသော တောင်၌ အမြဲနေပြီး သုဝဏ္ဏသာမ မှတစ်ပါးချစ်မြတ်နိုးသူ ဟူ၍မရှိ။ ဤမှန်သောသစ္စာစကားကြောင့် မြားအဆိပ်ပျောက်စေတည်း။

(ခ–ဂ) ဂန္ဓမာဒနအမည်ရှိသော တောင်၌တောတို့သည် နံ့သာအတိရှိကြ၏။ နံ့သာမဟုတ်သော သစ်ပင်ဟူ၍မရှိ၊ ဤမှန်သော သစ္စာစကားကြောင့် မြားအဆိပ်ပျောက်စေတည်း။

ဟူ၍ဖြစ်လေသည်။

ထိုသို့ ဗဟုသုန္ဒရီနတ်သမီးက သစ္စာပြုပြီးသည်နှင့် ဘုရားလောင်း သုဝဏ္ဏသာမသည်လျင်စွာထ၍ ပဒုမ္မာကြာဖက်မှ ရေလျှောသကဲ့သို့ မြားအဆိပ်သည် ပြယ်လေ၏။ မြားမှန်သောအနာသည်လည်း အရာမထင်တော့ပေ။ မယ်တော် ခမည်းတော်တို့သည်လည်း မျက်စိအလင်း ပြန်ရကြပြီး နတ်တို့၏ တန်ခိုးဖြင့် နေအရုဏ်တက်ချိန်တွင် သုဝဏ္ဏသာမ၊ ဒုကူလ၊ ပါရိကနှင့် မင်းကြီးပီဠိယက္ခတို့သည် ကျောင်းသင်္ခမ်းသို့ အလိုလိုပြန်ရောက်နေကြလေသည်။

သုဝဏ္ဏသာမသည် မင်းကြီးပီဠိယက္ခအား ငါးပါးသီလပေးကာမင်းကျင့်တရားဆယ်ပါးနှင့်အညီ ကျင့်ကြံရန် တရားဟောကြားသည်။ အသက်ဆုံးသည့်အခါ ဗြဟ္မပြည်သို့ လားကြရသည်။

နတ်သမီးက “မြတ်သောမင်းကြီး မကောင်းသောအမှုကို ပြုလိုက်လေသည်၊ မြားတစ်စင်းတည်းဖြင့် အပြစ်မဲ့သောအမိ၊ အဖနှင့်သားတို့ကို သတ်ရာရောက်နေလေပြီ၊ ထို့ကြောင့် မျက်မမြင် အမိအဖတို့ကို ဟိမဝန္တာတောကြီး၌ တရားသဖြင့် အလုပ်အကျွေးပြုချေ၊ ထိုသို့ ပြုလျှင် မင်းကြီးသည်လည်း ကောင်းရာသုဂတိသို့ လားရပေမည်”ဟု ဆိုလေသည်



# ပြည်ထောင်စုရာထူးဝန်အဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၂၄**

ပြည်ထောင်စု ရာထူးဝန်အဖွဲ့၏ ၂၀၂၁ ခုနှစ် ဒုတိယ သုံးလပတ် လုပ်ငန်း ညှိနှိုင်းအစည်းအဝေး (၂/၂၀၂၁)ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဆွေ တက်ရောက် အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စု ရာထူးဝန်အဖွဲ့၊ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာနများနှင့် ဗဟိုဝန်ထမ်း တက္ကသိုလ်များမှ အမြဲတမ်း အတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်များနှင့် ဒုတိယ အမြဲတမ်း အတွင်းဝန်တို့က ဧပြီမှ ဇွန်အထိ ဒုတိယ သုံးလပတ် လုပ်ငန်း ဆောင်ရွက်နိုင်မှုနှင့် ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်း တင်ပြကြပြီး ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက တင်ပြချက်များနှင့် စပ်လျဉ်း၍ နိဂုံးချုပ် ဖြည့်စွက်အမှာစကား ပြောကြားသည်။

လုပ်ငန်းညှိနှိုင်း အစည်း အဝေးသို့ ပြည်ထောင်စုရာထူး ဝန်အဖွဲ့၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးစစ်အေး၊ ဦးဆန်းမြင့်၊ ဒေါ်ခင် မျိုးမြင့်၊ ဦးရဲနိုင်၊ ဦးစိုးတင့်နှင့် ၎င်းအဖွဲ့ရှိဥက္ကဋ္ဌရုံးအဖွဲ့၊ ဦးစီးဌာန များနှင့် ကွပ်ကဲမှုအောက်ရှိ ဗဟို ဝန်ထမ်းတက္ကသိုလ်များမှ အမြဲ တမ်းအတွင်းဝန်၊ ညွှန်ကြားရေး မှူးချုပ်၊ ပါမောက္ခချုပ်များနှင့် ဒုတိယ အမြဲတမ်းအတွင်းဝန်တို့ ပါဝင်တက်ရောက် ဆွေးနွေး တင်ပြကြသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ်၏ ဒေသတွင်းခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးညှိနှိုင်းအစည်းအဝေးကျင်းပ

**မြစ်ကြီးနား ဇွန် ၂၄**

ကချင်ပြည်နယ်၏ ဒေသတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်လာ စေရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားနိုင်ရေး ဒေသတွင်းခရီးသွား လုပ်ငန်း ကော်မတီဝင်များ၏ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၂ ရက်က ပြည်နယ်စီမံ အုပ်ချုပ်ရေးကောင်စီရုံး အစည်း အဝေးခန်းမ၌ ကျင်းပသည်။




### ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး

ညှိနှိုင်း အစည်းအဝေးတွင် ကချင်ပြည်နယ် ဒေသတွင်းခရီး သွားလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ ဦးခက်ထိန်နန်က လက်ရှိ ကာလတွင် ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေသော်လည်း မိမိတို့ ပြည်နယ်အနေဖြင့် ခရီးသွား လုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေး အတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရမည် ဖြစ် ကြောင်း၊ ကော်မတီဝင်များအနေ ဖြင့် အဓိကထားအကောင်အထည် ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ် များကို တင်ပြဆွေးနွေးရန်လို ကြောင်း တိုက်တွန်းမှာကြားသည်။

### ခရီးစဉ်ဒေသ သစ်များဖော်ဆောင်ရေး

ယင်းနောက် ဒေသတွင်းခရီး သွား လုပ်ငန်းကော်မတီအတွင်း ရေးမှူး၊ ပြည်နယ်ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးခိုင်ဝင်းက ကော်မတီ ဖွဲ့စည်းမှု အခြေအနေနှင့် ဥပဒေ၊ အမိန့်နှင့် ညွှန်ကြား ချက်များနှင့်အညီ ဟိုတယ်နှင့် တည်းခိုဆောင် စစ်ဆေးရေးနှင့် တည်ဆောက်ခွင့် လိုင်စင်များ ချထားပေးရေးတို့အတွက် စစ်ဆေး စိစစ် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်း တင်ပြပြီး ကော်မတီအဖွဲ့ဝင် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ ကချင်ပြည်နယ်ဟိုတယ် လုပ်ငန်း ရှင်များအသင်းနှင့် ပြည်နယ်ခရီး သွားလုပ်ငန်းရှင်များ အသင်း တာဝန်ရှိသူများက ပြည်နယ် အတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဟိုတယ်နှင့် တည်းခို ခန်းများ စိစစ်ခွင့်ပြုပေးမည့် လုပ်ငန်းစဉ်များနှင့် ခရီးစဉ်ဒေသ အသစ်များ တိုးချဲ့ဖော်ဆောင် မည့် လုပ်ငန်းစဉ်များ၊ တရုတ် နိုင်ငံ ထိန်းချုပ်မြို့နှင့် ခရီးသွား ခြင်းဆိုင်ရာလုပ်ငန်းများ တိုးချဲ့ ဖော်ဆောင်နိုင်ရေးတို့ အတွက် သက်ဆိုင်ရာ ကဏ္ဍအလိုက် တင်ပြဆွေးနွေးကြရာ ပြည်နယ် ကောင်စီ အတွင်းရေးမှူးက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ဆွေးနွေးတင်ပြမှုများအပေါ် ပြည်နယ်စီမံ အုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။ ထို့နောက် မွန်းလွဲပိုင်းတွင် ပြည်နယ်ရင်းနှီး မြှုပ်နှံမှုကော်မတီ အစည်းအဝေး (၄/၂၀၂၁)ကို ဆက်လက်ကျင်းပ ရာ ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီဥက္ကဋ္ဌက ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်ရင်းနှီး မြှုပ်နှံမှုလုပ်ငန်းများကို ဖိတ်ခေါ် ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ရှိပြီးသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း များကိုလည်း စဉ်ဆက်မပြတ် ကြပ်မတ် ဆောင်ရွက်ရန် လိုကြောင်း မှာကြားသည်။

### ဥပဒေနှင့်အညီ ကြပ်မတ်

ဆက်လက်၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ အတည်ပြုမိန့်ရ ယူထားသည့် Myanmar Golden Leaf Bio-Technology Co.,Ltd ၏ တိရစ္ဆာန် အစာထုတ်လုပ်ခြင်း လုပ်ငန်း၊ ပိုးစာပင် အခြေခံအထပ်သား၊ သစ်ပါးလွှာထုတ်ခြင်း လုပ်ငန်း များ၏ အတည်ပြုမိန့်များ ပြန်လည်အပ်နှံခြင်းနှင့် စပ်လျဉ်း ၍ လုပ်ငန်းရှင်က ရှင်းလင်းတင်ပြ ပြီး ကော်မတီအတွင်းရေးမှူး ဒေါက်တာသိမ့်သိမ့်မိုးက မြန်မာ နိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ၁၃၂ နှင့် စပ်လျဉ်း၍လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန၏ Network Infrastructure နှင့် Backbone System (IBS) Software ဖြင့် အချက်အလက်များကို သိမ်းဆည်း ၍ လွယ်ကူလျင်မြန်စွာဆောင် ရွက်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေး၊ ဥပဒေနှင့်အညီ ကြပ်မတ်ဆောင် ရွက်သွားရေး ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးကြောင်း သိရ သည်။

**ပြည်နယ်(ပြန်/ဆက်)**

# ထန်းတပင်မြို့နယ်တွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဖွင့်

**ရန်ကုန် ဇွန် ၂၄**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်အတွင်းရှိ ကျေးလက်နေ ပြည်သူများအတွက် အလုပ်အကိုင်အခွင့် အလမ်းများနှင့် မိသားစုဝင်ငွေ များ တိုးပွားလာစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက် အကူပြုအခြေခံ မော်တာစက်ချုပ် သင်တန်း(၂/၂၀၂၁)ကို ကျောင်းကုန်း ကျေးရွာတွင် ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

အဆိုပါ သင်တန်းကို ကျောင်းကုန်းကျေးရွာ၌ ဇွန် ၂၂ရက်မှစ၍ ၄၅ ရက်ကြာ အခမဲ့ဖွင့်လှစ်ဆောင်ရွက်ပေးပြီး သင်တန်းသား ၂၈ ဦး တက်ရောက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူးဦးအေးနိုင်က ပြော သည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# မြဝတီမြို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များအား ဒေသအမှတ်(ကရင်ပြည်နယ်)လိုင်စင်ကို ပြုလုပ်ပေးလျက်ရှိ

**မြဝတီ ဇွန် ၂၄**

ကရင်ပြည်နယ် မြဝတီမြို့ ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနရုံးမှ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များအား ဒေသအမှတ် (ကရင်ပြည်နယ်)လိုင်စင်ကို ပြုလုပ်ပေးလျက်ရှိသည်။

အဆိုပါ ဒေသအမှတ်(ကရင်ပြည်နယ်)လိုင်စင်ပြုလုပ်ပေးခြင်းကို ၂၀၁၄ ခုနှစ်ကတည်းက စတင်ပြုလုပ်ပေးနေခြင်းဖြစ်ပြီး ယခင်နှုန်းထား များအတိုင်း ဒဏ်ကြေးပေးဆောင်ငွေသွင်းပြီး ပြုလုပ်နိုင်ကြောင်း သိရ သည်။

“ဒီအစီအစဉ်က ၂၀၁၄ ခုနှစ်ကတည်းက လုပ်ပေးတာ ပါ။ ဒါပေမယ့် ငွေသွင်းအခက်အခဲကြောင့် ကျွန်တော်တို့ မြဝတီမြို့က လိုင်စင် လုပ်ချင်တဲ့သူတွေက ဘားအံကို ညဆင်းပြီး သွားလုပ်ကြတာများ ပါတယ်။ အခုကတော့ ငွေသွင်းဖို့ကိုလည်း မြဝတီကနေပဲ သွင်းနိုင်မှာ ဖြစ်ပြီး လိုင်စင်ပြုလုပ်ပြီးပါက ကရင်ပြည်နယ်အတွင်း စီးနင်းနိုင်မည်ဖြစ် ပါတယ်”ဟု ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနရုံးမှ ခရိုင်ဦးစီးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇေဝင်းက ပြော သည်။

အဆိုပါ လိုင်စင်များကို ရုံးဖွင့်ရက်နေ့တိုင်း ရုံးချိန်အတွင်း ဆောင်ရွက်ပေးလျက်ရှိပြီး ဆောင်ရွက်လိုပါက မှတ်ပုံတင်မူရင်း၊ မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်း၊ မူရင်း၊ မိတ္တူနှင့် ရပ်ကွက်ထောက်ခံစာ မူရင်းတို့နှင့်အတူ လာရောက်ဆောင်ရွက်နိုင်ကြောင်း ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနရုံးမှ သိရသည်။

**ထိန်လင်းအောင်**

# ဒေါပုံမြို့နယ်တွင် ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများဆောင်ရွက်ပေး

**ဒေါပုံ ဇွန် ၂၄**

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဆိုင်ရာ ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဆိုင်ရာဦးစီးဌာနရုံးတွင် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည့် အပြင် ယနေ့နံနက်ပိုင်းက ဒေါပုံမြို့နယ် ဗိုလ်ထွန်းဇံရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးခန်း၌လည်း ကွင်းဆင်းဆောင်ရွက်ပေးသည်။

အဆိုပါ ပန်းခင်းစီမံချက် ဆောင်ရွက်ပေးရာတွင် လက်ရှိဒေသ၌ အမြဲတမ်းနေထိုင်၍ အိမ်ထောင်စုလူဦးရေစာရင်းမရှိ၊ ကိုင်ဆောင် လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း၊ ရွှေ့ပြောင်းနေထိုင်သူ များအတွက် မူလဒေသတွင် အိမ်ထောင်စုလူဦးရေ စာရင်းရှိပြီး လက်ရှိ ဒေသ၌ ကိုင်ဆောင်လက်မှတ်မရှိသူများအတွက် ဆောင်ရွက်ပေးခြင်း၊ ရွှေ့ပြောင်းနေထိုင်သူများအတွက် မူလဒေသ လက်ရှိဒေသတွင် အိမ်ထောင်စုစာရင်းနှင့် ကိုင်ဆောင်လက်မှတ် မရှိသူများအား ဆောင်ရွက်ပေးခြင်း၊ အိမ်ထောင်စုစာရင်းရှိပြီး ကိုင်ဆောင်လက်မှတ် မရှိသူများအတွက် ဆောင်ရွက်ပေးခြင်း စသည့်နည်းလမ်းများဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# မချိုသောအချို

**- - - ဆရာမဲဇာ - - -**



မြန်မာ့ကျေးလက်လူထုသည် ဇာတ်သမားများကို မျှော်လေ့ရှိ၏။ ဇာတ်သမားတို့ထံမှ မှတ်သားစရာ တစ်ခုခုတော့ ကျန်နေခဲ့သည်မှာ အမှန်ပင်။ ဇာတ်သဘင်ပညာရှင်တို့နှင့် ဆယ့်နှစ်ရာသီပွဲများမှာလည်း အချိတ်အဆက်ရှိ၏။ ပွဲလမ်း အကြီးအကျယ် မရှိလျှင်လည်း ရုပ်ရှင်ကားကြီးများကို ငှား၍ကြည့်ကြ၏။ ကွင်းလယ်မှာ ပိတ်ကားထောင် နှစ်ဖက်လုံးမှာ ပရိသတ်အပြည့်။ ဝေးလံခေါင်ဖျားဒေသများတွင်မူ ဇာတ်သဘင်လည်းမရောက်၊ ရုပ်ရှင်လည်း မရောက်။ "စစ်ကြောင်းကြီးငါးကြောင်း" ဟူသော ခေါင်းစဉ်ဖြင့် ခက်ခက်ခဲခဲ သွားရောက်ကြကာ အသိပညာများ၊ သတင်းအချက်အလက်များကို ဖြန့်ဖြူးရ၏။ ဤတွင် မော်ကွန်းရုပ်ရှင်နှင့် ဗဟိုကျန်းမာရေးဌာနတို့ တွဲမိကြလေသည်။

၃၅ မီလီမီတာ ရုပ်ရှင်ကြီးထဲက "မောင်ရွှေဘကလေး" နာမည်ကြီးသလို ဗဟိုကျန်းမာရေး ပညာဌာန၏ ၁၆ မီလီမီတာ ရုပ်ရှင်ထဲက 'ဦးချာလီ' သည်လည်း အထိုက်အလျောက် နာမည်ရှိ၏။ ကာတွန်းသရုပ်ဆောင် ဦးချာလီနှင့် ခြင်ကြီးများ၊ ယင်ကောင်ကြီးများ၏ ပညာပြိုင်ပွဲများကို လူကြီးလူငယ်မရွေး သဘောကျ၏။ တစ်ကိုယ် ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရောဂါကာကွယ်ရေးအစရှိသော အသိပညာများကို အဖြစ်မှန် ပြန်ကြားပေးရုံမက ရသပညာဖြင့် စိတ်ထဲစွဲစေရန် ပညာဖြန့်ဖြူးကြပါသည်။

လူထုအတွက် တင်ဆက်သော ပညာပေးပစ္စည်းများသည် အမှန်အကန်ချည်းဖြစ်၏။ ဗဟိုကျန်းမာရေးပညာဌာနသည် တစ်ကြိမ်တစ်ခါမျှ မမှန်သတင်းများကို လိမ်လည်၍ ဖြန့်ဖြူးခြင်းမရှိခဲ့။ "ဗဟိုကျန်းမာရေးပညာဌာန" သည် ယုံကြည်အပ်သော ရင်းမြစ် (Source) ရရှိနိုင်ရာ အမှတ်တံဆိပ် (Brand Name) တစ်ခုအဖြစ် နှစ်ပေါင်းငါးဆယ်ကျော်ကြာ ရပ်တည်ခဲ့၏။

သို့ရာတွင် မထင်မှတ်ဘဲ ထိရှလွယ်သော သတင်းအချက်အလက်နှစ်ခုကို ထုတ်ပြန်ရန် တာဝန်ယူခဲ့ရလေသည်။ "ဆီလျှော့စားပါ" ဟူသော သတင်းနှင့် "အချိုမှုန့်အန္တရာယ်" ဟူသော သတင်းနှစ်ခုပင်။

"ဆီလျှော့စားပါ" ဟူသော ပညာပေးအတွက် ဆန့်ကျင်ဆဲရေးသူများ ပေါ်ထွက်ခဲ့၏။ လွန်ခဲ့သော ဆယ့်ငါးနှစ်ခန့်က ဖြစ်ပါသည်။

"အချိုမှုန့်အန္တရာယ်" အကြောင်း အသိပညာပေးခဲ့သောအခါတွင် ထိုထိုသော အချိုမှုန့်ရောင်းစားသူများ၏ စိန်ခေါ်မှုနှင့် ကြုံရပြန်၏။ "မင်းတို့က ဘယ်လောက်နားလည်လို့ ငါတို့ရဲ့ အချိုမှုန့် မကောင်းကြောင်း ပြောရတာလဲ" ဟု တုံ့ပြန်ကြ၏။ ညွှန်ကြားရေးမှူးချုပ် အဆင့်ရှိ ပုဂ္ဂိုလ်များ၊ သမားတော်များ၊ ပညာရှင်များက အချိုမှုန့် အန္တရာယ်အကြောင်းကို ပြောပြသည်ကိုလည်း လက်မခံ။

မြန်မာပညာရှင်များနှင့် နိုင်ငံခြားအခြေပြု စီးပွားရေးသမားများ၏ ထိပ်တိုက်ရင်ဆိုင်ပွဲတွင် ကျန်းမာရေးပညာပေးသူများက အနိုင်ရ၏။ နိုင်သောကြောင့် အဆုံးတွင် ရှုံးသွားလေသည်။ တရားဝင်မီဒီယာများတွင် အချိုမှုန့်ကြော်ငြာ မထည့်ရေး ကြိုးပမ်းမှုအောင်မြင်ခဲ့၏။ လက်သိပ်ထိုး မီဒီယာများကြားတွင် ရှုံးနိမ့်၏။ ရလဒ်ကား အချိုမှုန့်စားသုံးသူများပြားသလောက် ဈေးကွက်ထဲတွင် အချိုမှုန့်များ လွယ်ကူစွာ ပျံ့နှံ့ဆဲ။

ဝါသနာအရ မြန်မာတို့သည် လက်သိပ်ထိုး မီဒီယာ၊ တိုးတိုးမီဒီယာများမှ ရသောသတင်းကို လက်ခံယုံကြည်တတ်၏။ သုတေသနပြုကြည့်သော အခါတွင်လည်း ဤအတိုင်း တွေ့ရလေသည်။ ထို့ကြောင့်လည်း ကျန်းမာရေးဆိုင်ရာ အသိပညာပေး လုပ်ငန်းများကို လူအချင်းချင်း ဆက်သွယ်ပညာပေးနည်း (Interpersonal Communication) ကို ဦးစားပေး၍ အသုံးပြုခဲ့ပါသည်။

လူထုအခြေပြု ကျန်းမာမှုမြှင့်တင်ခြင်း (Community-based Health Promotion) လုပ်ငန်းများကို ကျေးရွာလူထုနှင့် ပူးတွဲစီမံခဲ့ရာတွင် လူထု၏ ရွေးချယ်မှုအရ အချိုမှုန့်အန္တရာယ် လျှော့ချရေး ဦးစားပေးစာများ ပေါ်ထွက်ခဲ့ပါသည်။ လူထုကိုယ်တိုင် ဆုံးဖြတ် အကောင်အထည်ဖော်ကြသဖြင့် ထိရောက်ခဲ့၏။

မြန်မာ့ရုပ်မြင်သံကြားမှလည်း လူကြည့်များသော အချိန်ကောင်း (Prime Time)တွင် စီစဉ်ထုတ်လွှင့်ပေးခဲ့သဖြင့် အချိုမှုန့်အန္တရာယ်ကို လူသိများလာသည်မှာ အမှန်ပင်။ သိလာရာမှ လက်တွေ့ကျင့်သုံးဖြစ်ဖို့မှာမူ လူတို့၏ အပြုအမူကို ရှုပ်ထွေးစွာ လွှမ်းမိုးထားသော အချက်အလက်များ (Complexi-ty) ရှိနေသဖြင့် နားလည်အောင်ကြိုးစားနိုင်မှ တန်ကာ ကျလေသည်။

အချိုမှုန့်ကိစ္စတွင် အရေးပါ အရာရောက်သောသူ (Stakeholder) သုံးမျိုးရှိ၏။

- မိသားစုအတွက် အိမ်ရှင်မ၊
- စားသုံးသူအတွက် စားသောက်ဆိုင် တာဝန်ခံ၊
- ဈေးကွက်အတွက် လက်လီလက်ကား ရောင်းချသူ။

ဤလူပုဂ္ဂိုလ်များက လက်တွေ့ အချိုမှုန့်သုံးစွဲရေးကိစ္စကို လွှမ်းမိုးနေကြလေသည်။

ကျွန်တော့်အိမ်တွင်မူ အိမ်ရှင်မက ပြတ်သားစွာ အချိုမှုန့်ဖြတ်လိုက်သည်မှာ နှစ်ဆယ့်ငါးနှစ်မျှပင် ကြာခဲ့လေပြီ။ သို့သော် အိမ်ပြင်ထွက်စားဖြစ်သည့် အခါ အလှူပွဲ၊ မိတ်ဆုံပွဲ စားဖြစ်သည့်အခါတွင်မူ အချိုမှုန့်နှင့်မကင်းသော အစားအစာများ၏ ဒဏ်ကို ခံရလေသည်။ ခေါင်းနောက်၊ မူးဝေ၊ အိပ်ငိုက်၊ ရင်တုန်စသော ဝေဒနာများကို ခံစားရချိန်တွင် ရေကို တစ်ခွက်ပြီး တစ်ခွက်သောက်ပြီး မိမိကိုယ်ထဲရှိ အချိုမှုန့်များကို ဆေးချပစ်ရလေသည်။ အချိုမှုန့် ရှောင်သောမိတ်ဆွေ အမေရိကန် ပါမောက္ခတစ်ဦးမှာမူ အစာစားရင်းနှင့် အချိုမှုန့်ပါသလား ဟူသော မေးခွန်းမေးကာ ငုတ်တုတ်အိပ်ပျော်သွားသည်ကို ကြုံဖူးပါ၏။

စားသောက်ဆိုင် တာဝန်ခံများအား အချိုမှုန့် အန္တရာယ် အသိပညာပေးသောအခါတွင် "ဤစားသောက်ဆိုင်မှာ အချိုမှုန့်လုံးဝမသုံးပါ" ဟူသော ဆိုင်းဘုတ်များတင်၍ စားသုံးသူတို့ ကျန်းမာဖို့ ပူးပေါင်းဆောင်ရွက်လာကြသူ များစွာရှိလာပါသည်။ "အချိုမှုန့်မသုံးလျှင် ဘယ်လိုချိုအောင်လုပ်မလဲ" ဟူသော မေးခွန်းအတွက် အဖြေရှိ၏။ ထိုင်းနိုင်ငံတွင် သကြားတစ်မျိုးမျိုးကို အသုံးပြုကြ၏။

ချိုချိုစပ်စပ် စားတတ်သော ထိုင်းလူမျိုးတို့အတွက်မူ ဟင်းထဲသကြားထည့်လည်း ပြဿနာမရှိ။ မြန်မာအများစုအတွက်မူ အခက်အခဲရှိ၏။ ချဉ်ချဉ်ငန်ငန်စပ်စပ် စားတတ်သော မြန်မာတို့မှာ သကြားထည့်၍ချိုသော ဟင်းအရသာကို လက်မခံနိုင်။ "အချိုမကြိုက်ဘဲ ဘာကြောင့် အချိုမှုန့် ကြိုက်သလဲ" ဟူသော မေးခွန်းအတွက် အဖြေအမျိုးမျိုး ရှိပါ၏။ ဟင်းကို အရသာတိုးချင်၍ အချိုမှုန့် ခပ်ရင်း ခပ်ရင်း ထိုအရသာကို စွဲသွားကြခြင်းသာ ဖြစ်ပါသည်။

MSG (Mono Sodium Glutamate) ခေါ် အချိုမှုန့်ကို စတင်တီထွင်သူကိုယ်တိုင်လည်း ဟင်းထဲမှာ ထူးခြားသော အရသာတိုးစေရန် ရည်ရွယ်ခဲ့လေသည်။ သင့်တော်ရုံခပ်၍ သုံးနိုင်သော ဓာတုဗေဒပစ္စည်းဖြစ်သော်လည်း ခတ်မတည့်သူများ ပေါ်ပေါက်လာခဲ့၏။ တစ်ချိန်က တရုတ်စားသောက်ဆိုင်များတွင် အချိုမှုန့်များစွာသုံးခဲ့သဖြင့် "တရုတ်စာ ရောဂါလက္ခဏာစု" ဟူ၍ပင် ရောဂါနာမည်တပ်ခဲ့၏။ ယခုခေတ်တွင်မူ ရောဂါအမည်၊ ရောဂါပိုးအမည် တပ်ရာတွင်ပင် ဒေသစွဲ၊ လူမျိုးစွဲဖြင့် တပ်ခြင်းကို ရှောင်ရှားကြသဖြင့် (Chinese Food Syndrome) ဟူသော အမည်ကို အသုံးနည်းသွား၏။

အချိုမှုန့်ကို စတင်တီထွင်သော ဂျပန်နိုင်ငံတွင် ယခုအခါ အချိုမှုန့်စားသုံးသူ နည်းလှ၏။ တစ်ချိန်က မြန်မာနိုင်ငံသို့ အချိုမှုန့်များ မှောင်ခိုလမ်းကြောင်းမှ လိမ့်သွင်းခဲ့သော ထိုင်းနိုင်ငံသားများလည်း အချိုမှုန့် မစားသူများ၏။ အနောက်တိုင်းသားများကမူ နဂိုကတည်းကပင် အချိုမှုန့်ကို လုံးဝမသုံးကြ။ ဥပဒေအရ အစားအသောက်များတွင် ပါဝင်ပစ္စည်းများကို တိကျစွာဖော်ပြရန် ပြဋ္ဌာန်းထားသောကြောင့် ဈေးကွက်ထဲတွင် ထိန်းချုပ်ပြီးသား ဖြစ်သွား၏။ ဆားပါဝင်နှုန်း၊ သကြားပါဝင်နှုန်း၊ ကြာရှည်ခံပစ္စည်းများ ထည့်သွင်းမှု ရှိ၊ မရှိ၊ အချိုမှုန့်ကဲ့သို့ သဘာဝမဟုတ်သော ဓာတ်ပစ္စည်းများ ပါဝင်မှု ရှိ၊ မရှိ စသည်တို့ကို စစ်ဆေးမည့် အဖွဲ့အစည်းများကလည်း စိတ်ချရ၏။

မချိုသော အချိုမှုန့်ကို မြန်မာတို့ စွဲလမ်းသွားကြသည်မှာ ရာစုနှစ်တစ်ဝက်မျှ ရှိလာလေပြီ။ အရသာကလေးကို စွဲလမ်းနေသဖြင့် အချိုမှုန့် လျှော့ထည့်ထားလျှင်လည်း သိ၏။ ဖြတ်၍လည်း မရတော့ချေ။ ကျွန်တော်တို့ စည်းရုံးထားသော စားသောက်ဆိုင်များမှာလည်း အချိုမှုန့်မပါသော အစားအသောက်များကို စားသုံးသူများက အားမပေးကြသဖြင့် တောင့်မခံနိုင်တော့ချေ။ သို့ဖြစ်၍ "အချိုမှုန့်လုံးဝမသုံးပါ" ဟူသော ဆိုင်းဘုတ်လေးများမှာ အလျှိုလျှိုပျောက်၍ သွားလေတော့၏။

အချိုမှုန့် လက်လီလက်ကား ရောင်းချသောသူများမှာမူ အခြေအနေကို ကြည့်၍ လှုပ်ရှားကြ၏။ "အချိုမှုန့်အန္တရာယ်" အသိပညာပေးလုပ်ငန်းများကို မဆန့်ကျင်ပါ။ စားသုံးသူအတွက် အာဟာရလည်း မဖြစ်၊ ရောဂါအမျိုးမျိုး တိုးစေနိုင်သော၊ အာနိသင်ရှိသော အချိုမှုန့်များကို ဝယ်ယူတင်သွင်းရသဖြင့် နစ်နာနေသော အသုံးစရိတ်များမှာလည်း မူဝါဒချမှတ်သူများအတွက် ခေါင်းခဲစရာ ဖြစ်နေသည်မှာကြာပြီ။ မူဝါဒဆိုသည်မှာ စည်းကမ်းဥပဒေနှင့် ထိရောက်စွာ မထိန်းချုပ်နိုင်သမျှ လိုရာမရောက်နိုင်ကြောင်းကို လက်တွေ့လုပ်သူများက သိထား၏။

မီဒီယာကြော်ငြာများတွင် အချိုမှုန့်ကောင်းကြောင်း ကြော်ငြာများ ထည့်သွင်းဖော်ပြခြင်း မပြုခဲ့သည်မှာ အနှစ်နှစ်ဆယ်ကျော် ကြာလာပြီးမှ ဇာတ်လမ်းတွဲများကြားတွင် ခပ်တည်တည်ဖြင့် အချိုမှုန့် ကြော်ငြာဝင်လာသည်မှာ နှစ်နှစ်မျှမက ရှိလာခဲ့လေသည်။ သွေးတိုးစမ်းသည့်သဘောလည်း ဖြစ်နိုင်၏။

တစ်ကိုယ်ကောင်း စီးပွားရှာသူများက ဤသို့ ထိုးဖောက်လာလျှင်မူ လက်ရှိဈေးကွက် ဝင်နေသော ကြက်သားမှုန့်များ၊ ငါးမှုန့်များတွင် အချိုမှုန့်များ၊ ကြာရှည်ခံဓာတ်ပစ္စည်းများ မည်ရွေ့မည်မျှ ပါရှိနေသည်ကို ထုတ်ဖော်ထိန်းချုပ် ရန် သင့်လေပြီ။

သို့ရာတွင် မေးခွန်းထုတ်စရာ နှစ်ခုတော့ ရှိနေ၏။

"ဟင်းချိုအောင် ပုစွန်ခပ်ပါလို့၊ ကိုသာမြတ်သူ့လယ်တော၊ ပီလောရယ်တဲ့ မှိုနားတို" ဟု ဆိုကြသူများအတွက် ဟင်းချိုအောင် ခတ်စရာ ပုစွန်တွေ ပေါပေါများများ ရှိပါသလား။ ပုစွန်ခတ်ထားသော ဟင်းချိုကိုလည်း အချိုမှုန့်မပါလျှင် မျိုချပါ့မလား ဟူ၍ မေးရချေမည်။ ။

**❂ မချိုသော အချိုမှုန့်ကို မြန်မာတို့ စွဲလမ်းသွားကြသည်မှာ ရာစုနှစ်တစ်ဝက်မျှ ရှိလာလေပြီ။ အရသာကလေးကို စွဲလမ်းနေသဖြင့် အချိုမှုန့် လျှော့ထည့်ထားလျှင်လည်းသိ၏။ ဖြတ်၍လည်း မရတော့ချေ။ ကျွန်တော်တို့ စည်းရုံးထားသော စားသောက်ဆိုင်များမှာလည်း အချိုမှုန့်မပါသော အစားအသောက်များကို စားသုံးသူများက အားမပေးကြသဖြင့် တောင့်မခံနိုင်တော့ချေ။ သို့ဖြစ်၍ "အချိုမှုန့်လုံးဝမသုံးပါ" ဟူသော ဆိုင်းဘုတ်လေးများမှာ အလျှိုလျှိုပျောက်၍ သွားလေတော့၏**

# သာယာဝတီဗဟိုအကျဉ်းထောင်နှင့် ဒိုက်ဦး ဗဟိုအကျဉ်းထောင်တို့အား ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၂၄

**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှအဖွဲ့ဝင် ဦးကျော်စိုးနှင့် ဦးတင်အောင်တို့သည် ဇွန် ၁၆ ရက်တွင် သာယာဝတီဗဟိုအကျဉ်းထောင်ကိုလည်းကောင်း၊ အဖွဲ့ဝင် ဦးကျော်စိုး၊ ဦးတင်အောင်နှင့် ဦးကျော်မြင့်တို့သည် ဇွန် ၂၄ ရက်တွင် ဒိုက်ဦး ဗဟိုအကျဉ်းထောင်ကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။**

ကြည့်ရှုစစ်ဆေးစဉ် ကော်မရှင်ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများကို အုပ်စုလိုက်ခွဲ၍ တွေ့ဆုံကာ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု ရှိ မရှိ၊ ထောင်ဝင်စာတွေ့ဆုံရာတွင် အခက်အခဲများ ရှိ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများရရှိခြင်း ရှိ မရှိနှင့် အကျဉ်းထောင်အတွင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိတို့ကို မေးမြန်းမှတ်တမ်းတင်ခြင်း၊ တစ်ဦးချင်း တွေ့ဆုံလိုသူ အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများနှင့်တွေ့ဆုံကာ ယင်းတို့၏ တင်ပြချက်များကို မှတ်တမ်းတင်ခဲ့သည်။

ဗဟိုအကျဉ်းထောင်များကို ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား /အချုပ်သူများ၏ အိပ်ဆောင်များ၊ ဆေးရုံဆောင်၊ Quarantine ထားရှိသည့် အဆောင်များ၊ တိုက်ခန်းများ၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာစတို၊ သောက်ရေနှင့် သုံးရေကန်များ၊ မိလ္လာများ သန့်ရှင်းမှု ရှိ မရှိကိုလည်းကောင်း၊ လတ်တလော ဖြစ်ပွားလျက်ရှိသော ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။



ခရီးစဉ်များအတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ အကြံပြုပေးပို့သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဇွန် ၂၄**

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ် (၂၀)ကို ဇွန် ၂၅ ရက် ညနေတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ပွဲစဉ်(၂၀)၏ COVID-19 ဆိုင်ရာ အသိပညာပေးအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ရဲထိုက်နှင့် မေသော်လဝန်းတို့က တင်ဆက်ကြမည်ဖြစ်ပြီး မိသားစုလေးစုဖြင့် သုံးပွဲယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဇွန်




၂၅ ရက်နှင့် ဇွန် (၂၆၊ ၂၇) ရက်များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ညနေ ၆ နာရီ သတင်းအပြီး၌ ထုတ်လွှင့်ပြသသွားမည် ဖြစ်ကြောင်းသိရသည်။

**သတင်းစဉ်**

# ဝဿာန်မိုးရာသီ တေးသီချင်းများဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် ဇွန် ၂၄**

ဝဿာန်မိုးရာသီ တေးသီချင်းများ ဖျော်ဖြေပွဲ၏ ပွဲစဉ်(၄)ကို ဇွန် ၂၅ ရက် သောကြာနေ့ ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို စန္ဒရားကွန်းဇော် တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နိုင်ငံကျော်အဆိုတော်များဖြစ်ကြသည့် ထား၊ သန်းမြတ်စိုး၊ တက္ကသိုလ်လဲ့လဲ့၊ ပန်းအိဖြူ၊ အိအိချွန်၊ ရဲထိုက်၊




ဝိုင်းလမင်းအောင်၊ ရွှေရည်ဝင်း၊ နှင်းနှင်းထူး၊ သက်မှူးခင်၊ ရွှေဖြူတို့က ဖျော်ဖြေတင်ဆက်ကြမည် ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို ဇွန် ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# မော်လမြိုင်ကျွန်းမြို့ ရွှေကျွန်းရောကားကြီးဝင်းအတွင်း ပြုပြင်မှုများပြုလုပ်မည်

**မော်လမြိုင်ကျွန်း ဇွန် ၂၄**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့ရှိ ရွှေကျွန်းရောကားကြီးဝင်းအတွင်း၌ ရွှံ့အိုင်များဖြင့် ပြည်သူများ သွားလာရေး အခက်အခဲ ဖြစ်နေသဖြင့် ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သည်။

ကားဝင်းအတွင်း ပြန်လည်ပြုပြင်မှုများပြုလုပ်ရန် တွေ့ဆုံဆွေးနွေးပွဲကို ဇွန် ၂၁ ရက်က ပြုလုပ်ပြီး ကားဝင်းတည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာလှဟန် ဦးဆောင်သည့် အဖွဲ့ဝင်များနှင့် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် လုပ်ငန်းရှင်များ တက်ရောက်ဆွေးနွေးသည်။

ပြုပြင်မှု ပထမအဆင့်အနေဖြင့် ကားဝင်းအတွင်း ကျောက်ခင်းခြင်း၊ သဲခင်းခြင်းများ ပြုလုပ်မည်ဖြစ်ပြီး ဒုတိယအဆင့်အနေဖြင့် အဝင်လမ်းနှင့် အထွက်လမ်းများကို ကျောက်ခင်းခြင်းနှင့် သဲခင်းခြင်းများ ဆက်လက်ပြုလုပ်မည် ဖြစ်ကြောင်း သိရသည်။

သို့သော် ကားကြီးဝင်းတည်ဆောက်ရေး ကော်မတီ၏ လက်ရှိ ရန်ပုံငွေမှာ ငွေကျပ် ၁၄ သိန်းကျော်သာရှိပြီး ယာဉ်ပိုင်ရှင်များနှင့် ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်မည် ဖြစ်ကြောင်း၊ ပြုပြင်ခြင်းလုပ်ငန်းများကို ဇွန် ၂၈ ရက်အတွင်း အပြီးသတ်ဆောင်ရွက်မည်ဖြစ်ကာ မကြာမီ ပြည်သူများ စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်တော့မည်ဖြစ်ကြောင်း ကားဝင်းတည်ဆောက်ရေး ကော်မတီအတွင်းရေးမှူး ဦးကျော်မောင်က ပြောသည်။

**မောင်ယဉ်ဦး**

# အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းဆင်းပွဲကျင်းပ

**ဘီးလင်း ဇွန် ၂၄**

မွန်ပြည်နယ်သထုံခရိုင်ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစီအစဉ်ဖြင့် ဖွင့်လှစ်ခဲ့သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု (ဆပ်ပြာရည်၊ ခေါင်းလျှော်ရည်၊ ရေချိုးဆပ်ပြာရည်၊ ဆပ်ပြာခဲ) သင်တန်းဆင်းပွဲအခမ်းအနားကို ဘီးလင်းမြို့ နယ်ခြား ကျေးရွာ၊ ဘုန်းကြီးကျောင်း၌ ဇွန် ၂၂ ရက်က ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် သထုံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမိုးဝင်းက သင်တန်းဆင်း အမှာစကားပြောကြားကာ သင်တန်းသူ သင်တန်းသားများအား သင်တန်းဆင်း လက်မှတ်များ ပေးအပ်ပြီး မြို့နယ်ဦးစီးမှူး ဦးမင်းထောစံက သင်တန်းတွင် ဆုရရှိသည့် အဖွဲ့များအား လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

အဆိုပါ သင်တန်းကို ကျေးလက်ဦးစီးဌာနမှ ကျေးလက်နေ ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားစေရန် ရည်ရွယ်၍ သင်တန်းသူ သင်တန်းသား ၂၀ အား ကိုဗစ်- ၁၉ စည်းကမ်းချက်များနှင့်အညီ ခုနစ်ရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နေရာအနှံ့အပြား မိုးထစ်ချုန်း

**နေပြည်တော် ဇွန် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား၊ နေပြည်တော်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ တနင်္သာရီတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**မိုး/ဇလ**

# စစ်ကိုင်းတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ခရိုင်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသား/ အမျိုးသမီး ဖူဆယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**မုံရွာ ဇွန် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဖလား ခရိုင်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသား အမျိုးသမီး ဖူဆယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂၄ ရက်က မုံရွာမြို့ ပြည်သူ့အားကစားကွင်း အတွင်းရှိ ဖူဆယ်အားကစားရုံ၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးမောင်မောင် လင်း၊ တိုင်းဒေသကြီး စီမံအုပ်ချုပ် ရေးကောင်စီအဖွဲ့ဝင်များနှင့် တိုင်း ဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ အားကစားဝါသနာရှင်ပြည်သူများ တက်ရောက်ကြသည်။



တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်း ဖူဆယ်ပြိုင်ပွဲဝင်အသင်းများအား နှုတ်ဆက်အားပေးစဉ်။

ရှေးဦးစွာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံတော်အနေဖြင့် မြန်မာ့ ဘောလုံးအဆင့်အတန်း တိုးတက် မြင့်မားရေးကို ပထမ ဦးစားပေး အဖြစ် အထူးအလေးထား အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိကြောင်း၊ လက်ရှိ မြန်မာ့ လက်ရွေးစင် ဖူဆယ်အမျိုးသား အမျိုးသမီးအသင်းကို အင်အား ဖြည့်နိုင်ရန် အလားအလာရှိသော သွေးသစ်လူငယ် အမျိုးသား အမျိုးသမီး ဖူဆယ်အားကစား သမားများ ပေါ်ထွက်ရေးအတွက် မြန်မာနိုင်ငံတစ်ဝန်း ဒေသအနှံ့ အပြားမှ လူငယ်အမျိုးသား အမျိုးသမီး သွေးသစ်ဖူဆယ် အားကစားသမားများ မွေးထုတ် နိုင်ရေး ဦးစားပေးလုပ်ငန်းအဖြစ် သတ်မှတ် ဆောင်ရွက်လျက်ရှိ ကြောင်းပြောကြားပြီး ခရိုင်ပေါင်း စုံ အသက်၂၅ နှစ်အောက် အမျိုး သား အမျိုးသမီးဖူဆယ်ဘောလုံး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များက အဖွင့်ပွဲစဉ် အဖြစ် ယင်းမာပင်ခရိုင် အမျိုးသား ဘောလုံးအသင်းနှင့် ခန္တီးခရိုင် အမျိုးသား ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှု အားပေးသည်။

အဆိုပါပြိုင်ပွဲသို့ တိုင်းဒေသ ကြီးအတွင်းရှိ ခရိုင် ၁၀ ခုမှ အားကစားသမား ၁၈၀ ဝင်ရောက် ယှဉ်ပြိုင်ကြပြီး အမျိုးသား အမျိုး သမီး အုပ်စုလေးအုပ်စုစီခွဲကာ မုံရွာမြို့ ပြည်သူ့အားကစား ကွင်းအတွင်းရှိ ဖူဆယ်အားကစား ရုံတွင် ဇွန် ၂၄ ရက်မှ ၂၉ ရက် အထိ ယှဉ်ပြိုင်ကြမည်ဖြစ် ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**


# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဇွန် ၂၄**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေ ဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိ လျက်ရှိသည်။

ဇွန် ၂၆ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် ဖြစ်ပေါ်လာသောအခြေအနေပေါ်၌ အကြံဉာဏ်ကောင်းများ ထုတ်နိုင် သော ကြွက်ဖခင်အကြောင်းကို ရေးဖွဲ့ထားသည့် “ဉာဏ်ကောင်းတော့” မျက်နှာဖုံးကာတွန်း၊ လူသားတို့၏ ခန္ဓာကိုယ်ဖွဲ့စည်းတည်ဆောက်ပုံ တွင် အဓိကကျသော အရိုးဖွဲ့စည်းတည်ဆောက်ပုံအကြောင်းကို တင် ဆက်ထားသည့် “အရိုးဖွဲ့စည်းတည်ဆောက်ပုံ” သုတဆောင်းပါး၊ ကလေးတို့ကိုယ်တိုင် ရေးဆွဲထားသည့် ကာတွန်းလက်ရာများကို တင်ဆက်ထားသည့် “ရွှေသွေးတို့လက်ရာ” ကဏ္ဍ၊ မှော်နှင်တံ၏ အစွမ်း ရှိပုံအကြောင်းကို ဟာသဖြစ်ဖွယ်တင်ဆက်ထားသည့် “ဖိုးလုံး မှော်” နှစ်မျက်နှာကာတွန်း၊ လူမှုဘဝနေထိုင်မှုတွင် အချင်းချင်းကိုယ်ချင်းစာ တရားထားတတ်ရန် လိုအပ်ကြောင်းကို တင်ဆက်ထားသည့် “ကိုယ် ချင်းစာမိပါသည်” ဝတ္ထုကဏ္ဍ၊ သားသားမီးမီးတို့အတွက် အရုဏ်တက် ချိန် မနက်ခင်းအလှကို ရေးဖွဲ့ထားသည့် “မနက်ခင်းအလှ” ကဗျာ၊ လောကတွင် ဖြစ်မလာသေးသောအရာများကို ကြိုတင်တွေးတောပြီး အချိန်ကုန်နေမည့်အစား မိမိလက်ရှိလုပ်ရမည့်အလုပ်ကို အာရုံစူးစိုက် ပြီး သေသေချာချာ လုပ်ဆောင်သင့်ကြောင်း တင်ဆက်ထားသည့် “နက္ခတ်ဗေဒင်ဆရာ” သုတဆောင်းပါးကဏ္ဍအပါအဝင် အင်္ဂလိပ်စာ စကားဝိုင်းကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ကဗျာကဏ္ဍ စုံလင်စွာဖြင့် ဖတ်စရာ မှတ်စရာများ ပါရှိကြောင်း သိရသည်။

**သတင်းစဉ်**




# စဉ့်ကူးမြို့နယ် ရတနာသိမ်တံတားအနီး ဧရာဝတီမြစ်အတွင်း ငါးမျိုးများစိုက်ထည့်

**စဉ့်ကူး ဇွန် ၂၄**

ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် ရတနာသိမ်တံတားအနီး ဧရာဝတီ မြစ်အတွင်း ငါးမျိုးများစိုက်ထည့် ခြင်းအခမ်းအနားကို ဇွန် ၂၃ ရက် က ပြုလုပ်သည်။




**ငါးမျိုးစိုက်ထည့်**

အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင် ဗိုလ်မှူး သော်တာထွန်း၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးနန်းကိုဦး၊ မြို့နယ်ငါးလုပ်ငန်း အဖွဲ့ချုပ်မှ ဦးဆန်းညွန့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက် ရောက်၍ နှစ်လက်မအရွယ် ရွှေဝါငါးကြင်းကောင်ရေ တစ်သိန်း၊ ငါးခုံးမကြီး ကောင်ရေ ၂ ဒသမ ၅ သိန်း၊ ငါးမြစ်ချင်း ကောင်ရေ ၁ ဒသမ ၅ သိန်း စုစုပေါင်း ငါးသားပေါက် ကောင်ရေ ငါးသိန်း ငါးမျိုးစိုက်ထည့်ပေး ကြောင်း သိရသည်။

**သတင်းစဉ်**

# သီပေါ၌ ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေးအတွက် ကျန်းမာရေးစစ်ဆေးရေးဂိတ်ဖွင့်၊ နှာခေါင်းစည်းများဖြန့်ဝေပေး

**သီပေါ ဇွန် ၂၄**

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ်၌ ကိုဗစ် -၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမှ ကာကွယ်ရေးအတွက် မန္တလေး၊ သီပေါ၊ လားရှိုး၊ မူဆယ် ပြည်ထောင်စုလမ်းမကြီး မြို့ အဝင်အထွက် မန်ဟဲတိုးဂိတ်အနီး တွင် ကျန်းမာရေး စစ်ဆေးရေး ဂိတ် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိ သည်။

ထို့အပြင် သီပေါမြို့နယ် ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဦးစိုင်း ဇော်ဝင်း၊ မြို့နယ်ကြက်ခြေနီ တပ်ဖွဲ့မှူး ဒေါ်နန်းခင်ညွန့်လူ နှင့် တပ်ဖွဲ့ဝင်များက မြို့နယ် စည်ပင်သာယာရေးဈေးကြီးနှင့် မီးပွိုင့်လမ်းတစ်လျှောက် ပညာ ပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေခြင်းများ ဆောင်ရွက်ကြပြီး မြို့ပေါ် ၁၁ ရပ်ကွက်နှင့် ပတ်ဝန်းကျင် ကျေးရွာများတွင် မော်တော် ယာဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ပြန့်ပွားမှု မရှိစေရေးအတွက် လူစုလူဝေးရှောင်ရှားခြင်း၊ မလွဲ မရှောင်သာ၍ သွားလာမှုပြုလုပ် ရပါက နှာခေါင်းစည်းကို တပ်ဆင်ခြင်း၊ လက်ကိုမကြာ ခဏ ဆေးကြောပေးကြရန် ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များကို ယမန်နေ့ က ပညာပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ကြသည်။

**စိုင်း(သီပေါ)**

# ကျေးလက်နေပြည်သူများအား ပန်းခင်းစီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

**ပန်းတောင်း ဇွန် ၂၄**

ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စု စာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပြုလုပ်ပေးခြင်းကို ပြည်ခရိုင် ပန်းတောင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဆိုင်ရာဦးစီးဌာနမှူးရုံးမှ ဝန်ထမ်းများက မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအရောက် ကွင်းဆင်းပြုလုပ်ပေးသည်။

မြို့နယ်အတွင်းမှ ကျီးပင် ကျေးရွာ၊ ပေပင်ကျေးရွာနှင့် သပြေကုန်းကျေးရွာတို့၌ ကွင်းဆင်း ဆောင်ရွက်ပေးသည့် နိုင်ငံသား စိစစ်ရေးကတ်ပြားများကိုလည်း ဇွန် ၂၂ ရက်တွင် ကျေးရွာနေ ပြည်သူများထံသို့ တာဝန်ရှိသူ များက ပေးအပ်ကြကာ အဆိုပါ ပေးအပ်ပွဲတွင် မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင် သူရ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စောမြင့်၊ စီမံကိန်းဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်မိုးမိုးခိုင်၊ မီးသတ်ဦးစီးမှူး ဦးကိုကိုဝေဟိန်းနှင့် မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဆိုင်ရာ ဦးစီးမှူး ဦးကျော်ဝင်းတို့က နိုင်ငံသား စိစစ်ရေးကတ်ပြား အသစ်များ ပြုလုပ်ပေးခဲ့သည့် ကျေးရွာ သုံးရွာမှ ဒေသခံပြည်သူများ အား နိုင်ငံသားစိစစ်ရေးကတ်ပြား များကို လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရ သည်။

**မြို့နယ်(ပြန်/ဆက်)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ အေးချမ်းတည်ငြိမ်စွာ ဖွင့်လှစ်သင်ကြား



**နေပြည်တော် ဇွန် ၂၄**

၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများ ဇွန် ၁ ရက်မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

ထိုသို့ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်လျက်ရှိရာ ယနေ့တွင် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောင်းများအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာ ကျောင်းများ၌ ကျောင်းသား ကျောင်းသူများက COVID-19 စည်းမျဉ်းစည်းကမ်းများနှင့်အညီ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့ပြင် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှု တာဝန်ခံများနှင့် ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ပေးပြီး ကျောင်းများ လုံခြုံရေးနှင့် ကျောင်းသား ကျောင်းသူများ လုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်သိပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

*✻ ကျောဖုံးမှ*

တာဝန်ရှိသူများထံ တင်ပြထားပြီး ခွင့်ပြုချက်ပေးမည့် အပေါ်မူတည်၍ ပြိုင်ပွဲရွှေ့ဆိုင်းခြင်းရှိမရှိ ဆုံးဖြတ်မည်ဖြစ်သည်။ ဗီယက်နမ်နိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများ၌ ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်မှုနှုန်း သိသိသာသာ မြင့်တက်လာသောကြောင့် ဗီယက်နမ်နိုင်ငံအနေဖြင့် ဆီးဂိမ်းပြိုင်ပွဲကို လာမည့်နှစ်သို့ ရွှေ့ဆိုင်းရန် အဆိုပြုထားခြင်းဖြစ်သည်။ ဗီယက်နမ်နိုင်ငံအနေဖြင့် ဆီးဂိမ်းပြိုင်ပွဲကို အိမ်ရှင်အဖြစ် ဒုတိယအကြိမ် လက်ခံကျင်းပခြင်းဖြစ်ပြီး လာမည့်နှစ်သို့ ရွှေ့ဆိုင်းဖြစ်ပါက ဇူလိုင်တွင် ပြန်လည်ကျင်းပရန် လျာထားခြင်းဖြစ်သည်။ ဗီယက်နမ်နိုင်ငံအနေဖြင့် ၂၀၂၁ ဆီးဂိမ်းပြိုင်ပွဲကို နိုဝင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ ကျင်းပရန်စီစဉ်ထားပြီး အားကစားနည်း ၄၀ ထည့်သွင်းကျင်းပမည်ဖြစ်ကာ ရွှေတံဆိပ်စုစုပေါင်း ၅၀၀ ကျော် ချီးမြှင့်မည်ဖြစ်သည်။ ဗီယက်နမ်နိုင်ငံအနေဖြင့် ဆီးဂိမ်းပြိုင်ပွဲကို ၂၀၀၃ ခုနှစ်တွင် အိမ်ရှင်အဖြစ် ပထမဆုံးအကြိမ် လက်ခံကျင်းပခဲ့ပြီး ၁၈ နှစ်အကြာတွင် ဒုတိယအကြိမ် ကျင်းပခွင့်ရထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၁ ဆီးဂိမ်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အားကစားနည်း ၁၈ မျိုး၌ ယှဉ်ပြိုင်ရန် ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ **ရဲရင့်လွင်**

---

## ၂၀၂၂ အာရှဖလား အမျိုးသမီးခြေစစ်ပွဲတွင် မြန်မာအသင်း ယူအေအီး၊ ဂူအမ်၊ လက်ဘနွန်တို့နှင့် တစ်အုပ်စုတည်းကျရောက်

**ရန်ကုန် ဇွန် ၂၄**

အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၂ အာရှဖလား အမျိုးသမီးခြေစစ်ပွဲ အုပ်စုမဲခွဲပွဲကို ဇွန် ၂၄ ရက်က ပြုလုပ်ခဲ့ရာ မြန်မာအမျိုးသမီးအသင်းသည် အုပ်စု (D) တွင် ယူအေအီး၊ ဂူအမ်၊ လက်ဘနွန်တို့နှင့် ကျရောက်ခဲ့သည်။

၂၀၂၂ အာရှဖလား အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့်ကို အသင်းအရေအတွက်တိုးမြှင့်၍ ၁၂ သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၀ ရက်မှ ဖေဖော်ဝါရီ ၆ ရက်အထိ အိန္ဒိယနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။ ခြေစစ်ပွဲကိုမူ ယခုနှစ် စက်တင်ဘာတွင် ပြုလုပ်မည်ဖြစ်ပြီး အုပ်စုတစ်ခုကို အိမ်ရှင်တစ်နိုင်ငံရွေးချယ်၍ ပြုလုပ်မည်ဖြစ်သည်။ အာရှဖလား အမျိုးသမီးခြေစစ်ပွဲကို အသင်း ၂၈ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စုရှစ်ခုခွဲ၍ ပြုလုပ်မည်ဖြစ်သည်။ မဲခွဲမှုအရ အုပ်စု(A) တွင် တရုတ်(တိုင်ပေ)၊ ဘာရိန်း၊ တာ့ခ်မင်နစ္စတန်၊ လာအို၊ အုပ်စု(B) တွင် ဗီယက်နမ်၊ တာဂျစ်ကစ္စတန်၊ မော်လ်ဒိုက်၊ အာဖဂန်နစ္စတန်၊ အုပ်စု (C) တွင် မြောက်ကိုရီးယား၊ စင်ကာပူ၊ အီရတ်၊ အင်ဒိုနီးရှား၊ အုပ်စု(D) တွင် မြန်မာ၊ ယူအေအီး၊ ဂူအမ်၊ လက်ဘနွန်၊ အုပ်စု (E) တွင် တောင်ကိုရီးယား၊ ဥဇဘက်ကစ္စတန်၊ မွန်ဂိုလီးယား၊ အုပ်စု (F)တွင် ဖိလစ်ပိုင်၊ ဟောင်ကောင်၊ နီပေါ၊ အုပ်စု (G) တွင် ဂျော်ဒန်၊ အီရန်၊ ဘင်္ဂလားဒေ့ရှ်၊ အုပ်စု(H) တွင် ထိုင်း၊ ပါလက်စတိုင်းနှင့် မလေးရှားအသင်းတို့ ပါဝင်နေသည်။ အုပ်စုရှစ်ခုမှ ထိပ်ဆုံးရှစ်သင်းမှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်ပြီး လေးသင်းလေးအုပ်စုနှင့် သုံးသင်း လေးအုပ်စုခွဲ၍ ပြုလုပ်မည်ဖြစ်သည်။ ၂၀၁၈ ပြိုင်ပွဲတွင် ချန်ပီယံဖြစ်ခဲ့သည့် ဂျပန်၊ ဒုတိယရခဲ့သည့် ဩစတြေးလျနှင့် တတိယရခဲ့သည့် တရုတ်အသင်းတို့မှာ ခြေစစ်ပွဲယှဉ်ပြိုင်စရာမလိုဘဲ အိမ်ရှင်အိန္ဒိယအသင်းနှင့်အတူ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရထားသည်။ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၃ အမျိုးသမီး ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အာရှနိုင်ငံများအတွက် ဝင်ခွင့်အရေအတွက် တိုးမြှင့်ပေးထားသဖြင့် မြန်မာအမျိုးသမီးအသင်းသည် အာရှဖလားပြိုင်ပွဲ နောက်ဆုံးအဆင့် တက်ရောက်ခွင့်ရရန်နှင့် ထိုမှတစ်ဆင့် အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရရန် အထိပါ ရည်မှန်းထားကြောင်း သိရသည်။

မြန်မာအသင်းသည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် တစ်နှစ်ခွဲကျော် နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ခဲ့ရခြင်းမရှိဘဲ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီတွင် ယှဉ်ပြိုင်ခဲ့သည့် အိုလံပစ် တတိယအဆင့် ခြေစစ်ပွဲနောက်ပိုင်း ပထမဆုံးယှဉ်ပြိုင်ရမည့် ပြိုင်ပွဲလည်းဖြစ်သည်။ မြန်မာအမျိုးသမီးအသင်း နည်းပြချုပ်အဖြစ် ဦးတင်မြင့်အောင်က တာဝန်ယူကိုင်တွယ်မည်ဖြစ်သည်။ မြန်မာအသင်းသည် အာရှဖလားပြိုင်ပွဲနောက်ဆုံးအဆင့်တွင် ၂၀၀၃၊ ၂၀၀၆၊ ၂၀၁၀ နှင့် ၂၀၁၄ ပြိုင်ပွဲတို့၌ ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး နောက်ဆုံးကျင်းပသည့် ၂၀၁၈ ပြိုင်ပွဲတွင် ခြေစစ်ပွဲမအောင်သဖြင့် တစ်ကျော့ပြန် ခြေစစ်ပွဲအောင်မြင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။

**ရဲရင့်လွင်**

---

*● ကျောဖုံးမှ*

ယနေ့ပွဲစဉ်တွင် ပေါ်တူဂီအသင်းအတွက် နှစ်ဂိုးစလုံး သွင်းယူပေးနိုင်ခဲ့သည့် အသင်းခေါင်းဆောင် စီရော်နယ်ဒိုသည် ၁၉၉၃ ခုနှစ်မှ ၂၀၀၆ ခုနှစ်အတွင်း အီရန်အသင်းအတွက် စံချိန်တင်ထားခဲ့သော အလီဒါယီ၏ နိုင်ငံတကာသွင်းဂိုး ၁၀၉ ဂိုးစံချိန်ကို လိုက်မီသွားခဲ့သည်။ ထို့ကြောင့် စီရော်နယ်ဒိုအနေဖြင့် လာမည့်ပွဲစဉ်တွင် သွင်းဂိုးရရှိကာ အဆိုပါစံချိန်ကို ကျော်ဖြတ်သွားနိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။ ထို့ပြင် စီရော်နယ်ဒိုသည် ယခုနှစ်တွင် ကျင်းပသည့် ယူရို ၂၀၂၀ ပြိုင်ပွဲတွင် သုံးပွဲကစားပြီး ငါးဂိုးအထိ သွင်းယူထားနိုင်သည့်အတွက် သွင်းဂိုးအများဆုံး ကစားသမားအဖြစ်လည်း ရပ်တည်နိုင်ခဲ့သည်။

အုပ်စု (F) မှ အခြားသော ပွဲစဉ် (၃)အဖြစ် နာမည်ကြီး ဂျာမနီအသင်းနှင့် ဟန်ဂေရီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျခဲ့သည်။ ထို့ကြောင့် ဂျာမနီအသင်းသည် ယူရိုပြိုင်ပွဲတွင် သုံးပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ်လေးမှတ်ဖြင့် အုပ်စုဒုတိယနေရာရရှိကာ နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။ ယနေ့ပွဲစဉ်တွင် ဂျာမနီအသင်းသည် ဟန်ဂေရီအသင်းအပေါ် ကစားကွက်ပိုင်း၊ နည်းဗျူဟာပိုင်း သိသိသာသာ အသာစီးရယူထားနိုင်ခဲ့သော်လည်း တိုက်စစ်ကစားသမားများ အဆုံးသတ်မသေချာမှု၊ ဟန်ဂေရီဂိုးသမား လက်စွမ်းပြကာကွယ်ထားနိုင်မှုတို့ကြောင့် ခက်ခက်ခဲခဲကစားခဲ့ရပြီး တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့ခြင်းဖြစ်သည်။ ဟန်ဂေရီအသင်းသည် ဂျာမနီအသင်းကို အကောင်းဆုံးပုံစံဖြင့် တုံ့ပြန်ယှဉ်ပြိုင်ကစားခဲ့သော်လည်း တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သောကြောင့် သုံးပွဲကစားထားရာ နှစ်ပွဲသရေကျပြီး တစ်ပွဲရှုံးနိမ့်ခဲ့သောကြောင့် ရမှတ်နှစ်မှတ်ဖြင့် စတုတ္ထနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး ယူရို ၂၀၂၀ ကို အုပ်စုအဆင့်နှင့်သာ ကျေနပ်ခဲ့ရသည်။

ယူရို ၂၀၂၀ ၁၆ သင်းအဆင့်ပွဲစဉ်များ ထွက်ပေါ်လာခဲ့ရာ ဇွန် ၂၆ ရက်တွင် ဝေးလ်အသင်းနှင့် ဒိန်းမတ်၊ အီတလီအသင်းနှင့် ဩစတြီးယားအသင်း၊ ဇွန် ၂၇ ရက်တွင် နယ်သာလန်အသင်းနှင့် ချက်အသင်း၊ နာမည်ကြီး ဘယ်လ်ဂျီယံအသင်းနှင့် လက်ရှိချန်ပီယံ ပေါ်တူဂီအသင်း၊ ဇွန် ၂၈ ရက်တွင် ခရိုအေးရှားအသင်းနှင့် စပိန်အသင်း၊ ကမ္ဘာ့ဖလားချန်ပီယံ ပြင်သစ်အသင်းနှင့် ဆွစ်ဇာလန်အသင်း၊ ဇွန် ၂၉ ရက်တွင် နာမည်ကြီး အင်္ဂလန်အသင်းနှင့် ဂျာမနီအသင်း၊ ဆွီဒင်အသင်းနှင့် ယူကရိန်းအသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ထို့ကြောင့် ယူရို ၂၀၂၀ ၁၆ သင်းအဆင့်ပွဲစဉ်များတွင် မည်သည့်အသင်းက နိုင်ပွဲရရှိပြီး နောက်တစ်ဆင့်သို့ တက်ရောက်သွားနိုင်မလဲ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **အောင်ဇော်**

---


## အနာဂတ်ကမ္ဘာ သာယာဖို့ အိုဇုန်းလွှာကို ကာကွယ်စို့



### အများသိစေရန် ကြေညာချက်

၁။ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ဆင်းဇကရီလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)မြေကွက်အမှတ်(၅၃၉)တွင် (၂)ခန်းတွဲ (၆)ထပ်တိုက်(Pitch Roof) အဆောက်အဦဆောက်လုပ်ရန် မြေရှင် ဒေါ်တင်တင်နွဲ့ (GP) ဒေါ်ခင်သူဇာသွင်၊ လိုင်စင်ရကန်ထရိုက်တာ ဦးကျော်သန်းဦး(LC-၆၀၀)၊ လိုင်စင်ရအင်ဂျင်နီယာ ဦးဖုန်းမြင့်(LS-၉၁၈)တို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ (၉-၆-၂၀၁၇) ရက်စွဲပါစာအမှတ်၊ ၃၈၀/၃၇၉/ စည်ပင်-ယာ(အုံ)ဖြင့် ဆောက်လုပ်ခွင့်ပြုထားပြီးဖြစ်ပါသည်။

၂။ ယခုအခါ အဆိုပါ (၂)ခန်းတွဲ(၆)ထပ်တိုက် (Pitch Roof)အဆောက်အဦအား ဆောက်လုပ်ရန် ဆန္ဒမရှိတော့ပါသဖြင့် ခွင့်ပြုမိန့်ပယ်ဖျက်ပေးပါရန် မြေရှင် ဒေါ်တင်တင်နွဲ့၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်ခင်သူဇာသွင်မှ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့သို့ တင်ပြလျှောက်ထားလာသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့်ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



### ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၁၊ မြေကွက်အမှတ်-၁၂၄၉၊ မြေကွက်တည်နေရာအမှတ် (၁၂၄၉)၊ ဗိုလ်မင်းရောင်လမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးစိန်လှိုင် (CC-၀၁၅၅၁၆) အမည်ပေါက် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)မြေအား ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားမရုံး၊ တရားမကြီးမှုအမှတ်-၆၃/၂၀၁၉ရက်တွင် တရားလို ဦးကံညွန့်မှ တရားပြိုင် ဦးစိန်လှိုင်အပေါ် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုစွဲဆိုခဲ့ခြင်းအပေါ် စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်လိုက်သည့် ၈-၁-၂၀၂၀ရက် ချမှတ်သည့် စီရင်ချက်၊ ဒီကရီနှင့်ယင်းတရားရုံး၏ တရားမဇာရီမှုအမှတ် (၄/၂၀၂၀)အမိန့်၊ (၁၃-၅-၁၅) ရက်တွင် GP ဦးသက်နိုင်စိုးမှပိုင်ဆိုင်+အရောင်းမြေပုံကူးလျှောက်ထားခဲ့သော မြေစာရင်းမှတ်ချက်နှင့်ပတ်သက်၍ ပိုင်ဆိုင်+အရောင်း မြေပုံအား ထုတ်ယူခဲ့ခြင်းမရှိပါကြောင်းနှင့် GP ဦးသက်နိုင်စိုးမှာ ဦးကံညွန့်အမည်ပေါက် လျှောက်ထားနိုင်ရန်အတွက် GP ယူနိုင်ခဲ့သူ ဦးကံညွန့်၏သားဖြစ်သူဖြစ်ပါကြောင်း၊ ဦးကံညွန့်နှင့် ဦးသက်နိုင်စိုးတို့၏ ၅-၄-၂၀၂၁ ရက်စွဲပါ ရှင်းလင်းတင်ပြစာတို့ပူးတွဲတင်ပြ၍ တရားရုံး ဦးစိန်လှိုင်ကိုယ်စား တရားရုံးဘီလစ်စာရေးကြီး ဒေါ်လဲ့လဲ့ခိုင်မှ ဂရန်မူရင်း၊ တရားရုံးအမိန့်များနှင့် ဘီလစ်ခန့်စာတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ




### "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ (၅)ရပ်ကွက်၊ မြို့ပါတ်လမ်း နေ ဒေါ်ခင်ထွေးအောင် (၈/ပခက (နိုင်) ၂၀၂၀၂၃)၏လွှဲအပ်ချက်အရ ကြော်ငြာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ပန်းခြံ(၄) ၁၈/၁၅ ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ မြေတိုင်းအမှတ်-၄၁၊ မြေကွက်အမှတ်-၁၅၄၄/ကနေ ဒေါ်အုံးကြိုင်(၁၂/မဂတ(နိုင်) ၁၂၅၈၈၇၈)မှ မှ ဦးအေးမောင် အမည်ပေါက်မြေချပါမစ် အမျိုးအစားမြေကွက်(၄၀×၆၀)အား အရပ်ကတိစာချုပ်များဖြင့် တရားဝင်လက်ဝယ်ပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်း ကင်းရှင်းကြောင်းနှင့်မိမိသာလျှင် ရောင်းချပိုင်ခွင့်ရှိကြောင်း ကြော်ငြာလျက် ၎င်းမြေကွက်အကျယ်အနက်မှ (၂၀×၆၀)ပေမြေကွက်အား ကျွန်ုပ် မိတ်ဆွေနှင့်အရောင်း အဝယ်ပြုလုပ်ကြရန် သဘောတူညီခဲ့ကြပါသည်။ ယင်းအရောင်းအဝယ်အား ပိုင်ရေးဆိုင်ရေး အရေးဆို ပိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ(၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက် အထား ခိုင်ခိုင်မာမာ နှင့် လာရောက်ကန့်ကွက်နိုင်ကြောင်း၊ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အားတရားဝင် ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်းအား အများသိစေရန် ကန့်ကွက်နိုင်ကြောင်း လွှဲအပ်ချက်အရ ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမင်းမင်းစိုး(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၂၉)
ရှေ့နေများနားနေခန်း၊စုပေါင်းရုံးဝင်း၊အင်းစိန်မြို့နယ်။
ဖုန်း- ၀၉-၄၅၀၀၂၉၂၁၅

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း


ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း


မုစလိန္ဒအိုင်


မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက်
(၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း


ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း


သုဓမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၀ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄. ၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၁ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄. ၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃. ၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇေ** **၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည်** **၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်လှ (နန်းမားမြို့)
### မြစ်ကြီးနားအသင်း(ရန်ကုန်မြို့)သက်ကြီးကန်တော့ခံ
### အသက် (၉၁)နှစ်

ကချင်ပြည်နယ်၊ နန်းမားမြို့နေ (ဦးဘရင်-ဒေါ်လွန်း)တို့၏သမီး၊ (ဦးစံသိန်း)၏ဇနီး၊ ရန်ကုန်မြို့နေ ဗိုလ်ကြီးပြည့်သော်၊ မောင်အောင်ချမ်း (Uniteam Marine)၊ မောင်လွင်မျိုးလှိုင်(MTM Shipping Marine)၊ မောင်ဖြိုးဝေလင်း (Apex Marine)၊ မမေလင်းလက်မော်၊ မောင်စိုင်းဇော်မင်းဦး၊ မောင်စိုင်း ထွန်းသူရ၊ မနန်းစန္ဒီဇော်၊ မယင်းမာဦး၊ မောင်လှိုင်ဘုန်းမြတ်၊ မမေမြတ်သူ၊ မခိုင်သက်ချယ်၊ မောင်ကောင်းသီဟ၊ မပန်ရွှယ်ထူး၊ မစုရတီဇော်၊ မသန့်ယုမီသော်တို့၏အဘွားသည် ၂၂-၆-၂၀၂၁ရက် (အင်္ဂါနေ့) နံနက် ၀၀:၃၅ နာရီတွင် ကချင်ပြည်နယ်၊ မိုးညှင်းမြို့၊ နမီးစုရပ်ကွက်၊ အမှတ်(၅၄)နေအိမ်တွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၂၁ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် မိုးညှင်းမြို့၊ နမီးစုရပ်ကွက်နေအိမ်မှ မိုးညှင်းမြို့၊ သာယာသောသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်လှ (နန်းမားမြို့)
### မြစ်ကြီးနားအသင်း(ရန်ကုန်မြို့) သက်ကြီးကန်တော့ခံ
### အသက်(၉၁)နှစ်

ကချင်ပြည်နယ်၊ နန်းမားမြို့နေ (ဦးဘရင်-ဒေါ်လွန်း)တို့၏သမီး၊ (ဦးစံသိန်း)၏ဇနီး၊ ရန်ကုန်မြို့နေ ဦးငွေဝင်း(ဒု/ချုပ်-ငြိမ်း၊ ရေကြောင်းဦးစီးဌာန)-ဒေါ်ငွေငွေမြင့်(ထက်ပြ-ငြိမ်း)၊ ဦးစိုးသိန်း-ဒေါ်သန်းသန်းဆွေ၊ ဦးငွေလင်း(C/O MARINE FUTURE Co.,Ltd)-ဒေါ်မြင့်မြင့်မော်၊ ဦးသိန်းဇော်-ဒေါ်ထားထားဦး၊ ဦးသန်းဇော်(SUNRISE SHIPPING Co.,Ltd)-ဒေါ်ဝင်းဝင်းခိုင်(လယ်ပြ-ငြိမ်း)၊ ဦးဝင်းဇော်(2/0 LIZ STAR Co.,Ltd)-ဒေါက်တာကေသွယ်ဘို၊ ဦးဝင်းဗိုလ်(LIGHT OF TIME Co.,Ltd)-ဒေါ်နွဲ့နွဲ့သီ၊ ဦးဗိုလ်ဗိုလ်ဇော်-ဒေါ်စန္ဒာဝင်း(SANDOWAY RESORT)တို့၏မိခင်၊ မြေး ၁၆ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၂၂-၆-၂၀၂၁ရက် (အင်္ဂါနေ့) နံနက် ၀၀:၃၅နာရီတွင် မိုးညှင်းမြို့၊ နမီးစုရပ်ကွက်၊ အမှတ်(၅၄)နေအိမ်တွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၂၁ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် မိုးညှင်းမြို့၊ နမီးစုရပ်ကွက်နေအိမ်မှ သာယာသောသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ကန်ဒါယိကာမကြီး
## ဒေါ်ခင်မြိုင်
### အသက်(၇၈)နှစ်

ကျိုက်မရောမြို့နယ်၊ ကျွန်းရွာနေ (ဦးဖာကျိမ်-ဒေါ်သန်းစိန်)တို့၏သမီး၊ ကော့ကရိတ်မြို့နယ်နေ(ဦးသာလယ်-ဒေါ်မအေး)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဒဂုံလွင်လမ်း၊ တိုက်(၂)၊ အခန်း(၀၀၁၊ မြေညီထပ်)နေ ဦးအောင်သန်း၏ချစ်လှစွာသောဇနီး၊ ဦးအောင်သန်း(စစစ-ငြိမ်း)-ဒေါ်အေးအေးနွယ်၊ ဦးကိုကိုအောင်(MPE)-ဒေါ်ခင်ထွေးမြင့်၊ ဦးထွန်းစိုးအောင်-ဒေါ်မျိုးမျိုးခိုင်တို့၏မိခင်၊ မောင်ထက်မင်းအောင်၊ မောင်အေးမင်းပိုင်၊ မောင်ဟိန်းဝဏ္ဏအောင်၊ မောင်ကျော်ဇင်သန့်၊ မောင်ဥက္ကာမိုး၊ မောင်ဟိန်းထက်ဇော်တို့၏အဘွားသည် ၂၄-၆-၂၀၂၁ရက်(ကြာသပတေးနေ့) နံနက် ၂:၂၀နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၂၁ရက်(စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ် သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၈:၃၀ နာရီတွင်ထွက်ခွာ ပါမည်။)

ကွယ်လွန်သူအား ရည်စူး၍ ၃၀-၆-၂၀၂၁ရက်(ဗုဒ္ဓဟူးနေ့)တွင်အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါ ရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်သန်းမြင့်(ခင်ဦးမြို့)
### အသက်(၈၅)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်နေ [သခင်စံဝင်း-ဗမာ့ခေတ်သတင်းထောက်ချုပ်-ဒေါ်ခင်ရှိ]တို့၏သမီး၊ (ဦးလှစိန်-ဒေါ်ချို)၊ (ဦးမြင့်ဆွေ-ဒေါ်ခင်သန်းနု)တို့၏ညီမ/အစ်မ၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ (ဦးအောင်သိန်း)၏ ချစ်လှစွာသော ဇနီး၊ ဒေါ်မြင့်မြင့်သိန်း(လယ်ပြ-ငြိမ်း၊ အထက-၂၊ ဒဂုံ)၊ဦးဝင်းအောင်-ဒေါက်တာနွယ်နွယ်ဝင်း(ခေတ္တ-စင်ကာပူ)၊ ဒေါ်စိုးစိုးအောင်၊ ဦးမင်းအောင်-ဒေါ်သီသီမွန်(ခေတ္တ-စင်ကာပူ)၊ ဦးဆန်းမင်း-ဒေါ်မိုးမိုးအောင်၊ ဦးသက်မင်း-ဒေါ်တိုးတိုးအောင်(ခေတ္တ-စင်ကာပူ)၊ ဦးသန့်ဇော်(တရားလွှတ်တော်ရှေ့နေ)-ဒေါ်ရီရီခင်တို့၏မိခင်၊ မြေးငါးယောက်တို့၏ အဘွားသည် ၂၂-၆-၂၀၂၁ရက် (အင်္ဂါနေ့) ည ၁၀:၂၀နာရီတွင် မိုးသီးအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၆-၂၀၂၁ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်း ကြားအပ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၁:၁၅ နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဒေါ်အေးအေးသိန်း
### အထက(၄)တာမွေ၊ အထက(၂)မင်္ဂလာဒုံ ၊အထပြ(ငြိမ်း)
### အသက်(၇၂)နှစ်

ရန်ကုန်မြို့နေ (ဦးသိန်းတန်-ဒေါ်ကြည်ကြည်)တို့၏တစ်ဦးတည်းသောသမီး၊ (ဦးစွန်လွင်-ဒေါ်တင်ရီ)တို့၏ချွေးမ၊ မင်္ဂလာဒုံမြို့နယ်၊ ခရေပင်ရိပ်မွန်အိမ်ရာ(၂)၊ စံပါယ်ဖြူလမ်း၊ အမှတ်(၁၀၆၊ စီ)နေ ဦးအေးလွင်(ညွှန်ကြားရေးမှူး-ငြိမ်း၊ နတလ)၏ဇနီး၊ ဒေါက်တာကောင်းထူးလွင်-နန်းငုဝါဝါလှိုင်၊ ဒေါက်တာဖြိုးသက်လွင်၊ ဦးထူးဝေလွင်တို့၏ချစ်လှစွာသောမိခင်၊ မချစ်မြတ်နိုး၊ မချစ်ချစ်တုန်တို့၏ဘွားဘွားကြီးသည် ၂၃-၆-၂၀၂၁ရက် ညနေ ၄:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၆-၂၀၂၁ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၉-၆-၂၀၂၁ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ကန့်ကွက်နိုင်ပါကြောင်း

မုံရွာမြို့၊ ကန်သာဦးရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၆၇၈-ရွာသစ်)၊ ဦးပိုင်အမှတ် (၁၀၆-ဈ)၊ ဧရိယာ ၀ဒသမ ၃၁ ဧကရှိမြေအား ဦးထွန်းရွှေ အမည်ဖြင့် မြေငှားစာချုပ်(အသစ်)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန**

### ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် င.စက်မှုလက်မှု၊ မြေကွက်အမှတ် ၁၁၉/ဂ၊ မြေကွက်တည်နေရာအမှတ် (၁၁၉/ဂ)၊ ရတနာလမ်း (င.စက်မှုလက်မှု) ဦးအုန်းကျော် (ISN-၀၃၁၉၉) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် (ဖခင်)ဦးအုန်းကျော်သည် ၈-၈-၂၀၁၀ ရက်တွင်လည်းကောင်း၊ (မိခင်) ဒေါ်စောစိန်သည် ၁၄-၄-၂၀၀၇ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဒေါ်ကြည်ငွေ ၁၂/ဥကမ(နိုင်)၀၆၉၆၁၉၊ ဒေါ်တင်တင်ဝင်း ၁၂/ဥကမ(နိုင်) ၀၆၆၅၁၇၊ ဦးသန်းစိုးကျော် ၁၃/ဥကမ(နိုင်)၀၁၉၀၃၃ တို့မှ အမွေဆက်ခံခွင့်ရှိကြောင်း ဒဂုံမြို့နယ် တရားရုံးကျမ်းကျိန်လွှာအမှတ် ၁/၃၀၂၇/၂၀၂၀ သေစာရင်း၊ အိမ်ထောင်စုစာရင်းအမည်ပေါက် ဂရန်မူရင်းတို့ တင်ပြ၍ ဒေါ်ကြည်ငွေ၊ ဒေါ်တင်တင်ဝင်း၊ ဦးသန်းစိုးကျော်တို့ထံမှ G.P. No -၉၀/၂၀ (၃-၁-၂၀)ဖြင့် ရရှိသူ ဦးထွန်းလင်းအောင် ၁၄/မအန(နိုင်) ၁၁၀၆၉၀၊ ဦးအောင်ကျော်မြင့် ၁၂/ဥကမ(နိုင်)၁၀၁၂၀၂ မှ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာ**
**ရေးကော်မတီ**

## ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး
## ဒေါ်တင်တင်ဥ အသက် (၉၀)
### (စွန်းလွန်းယောဂီဟောင်း)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်းငွေးကြွယ်ရပ်ကွက်၊ အမှတ် (၃)၊ သုဒဿနလမ်းနေ(ရုံပိုင်ချုပ် ဦးဘဒင်-ဒေါ်ရွှေ ညွန့်)တို့၏သမီးကြီး၊ (ဒေါ်ယဉ်ယဉ်မြင့်)၊ (ဦးကျော်ဇော)-ဒေါ်ခင်မြ၊ (ဦးမောင်မောင်ညွန့်)၊ (ဗိုလ်မှူးအောင်ချစ်)-ဒေါ်ခင်နွဲ့(ခ)ဆရာလေးဒေါ်ခေမာဝတီ၊ (ဗိုလ်မှူးစန်းအောင်)-ဒေါ်သန်းသန်းစိန် (ဒု-လ/ထညွှန်ကြားရေးမှူး၊ စက်မှု-၂)တို့၏အစ်မကြီး၊ တူ၊ တူမ ခုနစ်ယောက်တို့၏ကြီးမေကြီးသည် ၂၃-၆-၂၀၂၁ ရက် (ဗုဒ္ဓဟူးနေ့) ည ၈နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၆-၂၀၂၁ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအား ရည်စူး၍ ၂၉-၆-၂၀၂၁ရက် (အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ကျန်ရစ်သူမိသားစုမှ ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးမောင်မောင်ဝဏ္ဏကျော်
### B.Sc(Forestry)
### လက်ထောက်မန်နေဂျာ၊ သာယာဝတီသစ်ထုတ်ရေးဒေသ
### အသက်(၄၁)နှစ်

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့၊ မြေစာရင်းရုံးလမ်းနေ (ဦးချစ်သန်း)-ဒေါ်အေးရီတို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ ဦးလှဝေ-ဒေါ်အေးအေးချို၊ လက်ပံတန်းမြို့နေ ဒေါ်ခင်တုတ်(ဦးစီးအရာရှိ-ငြိမ်း၊ သ/မဦးစီး)၊ ပြည်မြို့နေ ဦးဝင်းငွေ(နတ်တလင်းမြို့နယ် ပညာရေးမှူး)-ဒေါ်မြင့်မြင့်အေး(ထက်/အုပ်အထက၊ ရွှေဟသ်ာ၊ ရွှေတောင်မြို့နယ်)၊ ဒေါ်နွဲ့နွဲ့ရီ(ထက်ပြ၊ အထက-၁၊ လက်ပံတန်း)၊ ဦးဇော်ဇော်လွင်-ဒေါ်စုစုလှိုင်(လယ်ပြ၊ အထက-၁၊ လက်ပံတန်း)တို့၏ညီ/မောင်၊ မောင်ထူးမြတ်သဉ်ယာ၏ဖခင်၊ ဒေါ်ဝင်းနီလာ(လယ်ပြ၊ ထ-သဲဖြူ သာယာဝတီ)၏ခင်ပွန်းသည် ၂၀-၆-၂၀၂၁ရက်နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် သာယာဝတီသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2A/9737 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ရုံး၊**
**မော်လမြိုင်မြို့**

### ကန့်ကွက်နိုင်ပါကြောင်း

ပုဗ္ဗသီရိမြို့နယ်၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ မြေဧရိယာ ၀ဒသမ၀၅၅ဧက၊ မြေကွက် အမှတ် ပ-၄၈၁၈၊ ဦးစိန်ဝင်း (ဘ)ဦးထွန်းအေး ၉/ပမန(နိုင်)၁၄၁၀၆၆ အမည်ပေါက် ပါမစ်မြေကွက်ကို ဦးအောင်မင်း (ဘ)ဦးလှ မောင် ၅/ရဘန(နိုင်)၀၁၀၂၀၄ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံ ကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်း နှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ဥတ္တရသီရိ အလယ်ရပ်၊ မြေဧရိယာ(၀ဒသမ၂၂၉)ကေ ရှိ မြေကွက်အမှတ်(ဥ-၅၄၂၀)(အေ) ဒေါ်ခင်သူဇာမြင့်(ခ)နန်းစံ(ဘ)ဦးမင်းတိတ်အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်မေသူစိုး ၁၂/သကတ(နိုင်) ၁၇၄၉၈၁(ဘ)ဦးသန်းစိုးမှနေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် ၉၁၇/၂၀၂၁ (၁၅-၆-၂၀၂၁)တင်ပြ၍ ဒေါ်ဖြိုးပပအောင် ၁၂/ဒဂမ(နိုင်)၀၂၄၃၂၅(ဘ)ဦးငွေးဝင်းအမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ပျဉ်းမနားအမှတ်(၁)ဈေး၊ ရုံအမှတ်($C_1$-ခ)၊ ဆိုင်ခန်းအမှတ်(၃၃၇)ဆိုင်ခန်းအား နေပြည်တော်၊ ပျဉ်းမနားမြို့၊ ပဲရွာသဲကျွန်းနယ်မြေ၊ ရွာကောက်ရပ်ကွက်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ အမှတ်(၂/၁၉)နေ ဒေါ်ခင်သန်းမြင့် ၉/ပမန (နိုင်) ၀၅၆၈၂၂ အမည်ပေါက်ပိုင်ဆိုင်ပြီး နေပြည်တော်၊ ပျဉ်းမနားမြို့၊ လဲလူးအိုင်အုပ်စု၊ ရှမ်းစုလေးရွာ၊ အမှတ်(၆၆)နေ ဦးထွန်းအောင် ၉/ပမန(နိုင်) ၀၆၅၃၉၂သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

မုံရွာမြို့၊ ကန်သာဦးရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၆၇၈-ရွာသစ်)၊ ဦးပိုင်အမှတ် (၁၀၆-ဆ)၊ ဧရိယာ ၀ဒသမ၁၇ ဧကရှိမြေအား ဦးမြင့်စိုးအမည်ဖြင့် မြေငှားစာချုပ်(အသစ်) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန**

### အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၇)၊ လူနေရပ်ကွက်အမှတ်(၄၇)၊ မြေကွက်အမှတ်(၈၅၆)၊ ဦးမောင်မောင်မြင့် အမည်ပေါက်မြေအကျယ်အဝန်း ပေ(၅၀ x ၅၀)ရှိသည့်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော၊ (ခြေရင်းခြမ်း)၊ ပေ(၂၅x၅၀)ရှိ နှစ်(၆၀)ဂရန်မြေနှင့်အကျိုးခံစားခွင့်တို့အား အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မာလာမြင့် ၁၂/ကတတ(နိုင်)၀၁၀၇၀၆ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ညှိနှိုင်းသ ဘောတူညီချက်အရရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအားပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင် လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အားဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်စိမ့်ဇာဦး အထက်တန်းရှေ့နေ(စဉ်-၃၄၇၈၂)**
**အမှတ်(၁၁၂၈)၊ သရဖီ(၇)လမ်း၊ (၃၄)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၄၀၁၀၄၈**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၈၊ မြေကွက်အမှတ်-၇၉၈၊ အလျားပေ ၄၀x အနံပေ ၆၀ရှိ နှစ် ၆၀ မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်နေအိမ်အပါအဝင် အကျိုးခံစား ခွင့်အရပ်ရပ်တို့အား ကွယ်လွန်သူမိဘများဖြစ်သော(ဦးထွန်းတင်-ဒေါ်တင်အေး)တို့၏အမွေဆက်ခံခွင့်ရှိသော သားသမီးအရင်းအချာများဖြစ်သည့် ဒေါ်ငွေငွေဝင်း ၁၂/တတန(နိုင်)၀၁၉၈၉၉၊ ဦးခင်ဇော် ၁၂/တတန(နိုင်)၀၁၉၇၇၉၁၊ ဒေါ်သန်းသန်းငွေ ၁၂/တတန(နိုင်) ၀၁၉၇၈၅၊ ဦးငွေအောင် ၁၂/တတန(နိုင်)၁၂၆၄၈၉များထံမှ အပြီးအပိုင်ဝယ်ယူ၍ ကျွန်ုပ်မိတ်ဆွေတစ်ဦးမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအိမ်ခြံမြေအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း နောက်ဆုံးထားပြီး စာရွက်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစောကော်ဒို (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၁၃)**
**အမှတ်-၂၁၄၊ က/၃လမ်း၊ မြို့သစ်(က+ခ)ရပ်ကွက်၊ အင်းစိန်မြို့နယ်၊**
**ဖုန်း-၀၉-၂၅၂၀၆၇၅၄၀**

### အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁)၊ လူနေရပ်ကွက်အမှတ် (၁)၊ မြေကွက်အမှတ် (၁၅၇၁/က)၊ မြေအကျယ်အဝန်း (အလျားပေ ၂၀xအနံပေ ၆၀)၊ ၀ဒသမ၀၂၇ဧက၊ စတုရန်းပေ ၁၂၀၀ ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် အကျိုး ခံစားခွင့်တို့အား ဂရန်အမည်ပေါက် ခင်ပွန်း ဦးသိန်းအောင် (G/RGN-၀၀၀၆၁၅) မှ ကွယ်လွန်သွားပါသဖြင့် ၎င်း၏ဇနီး ဒေါ်ဝင်းကြည် ၁၂/သကတ(နိုင်)၀၄၆၂၃၀မှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ပိုင်ဆိုင်လာခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အဆိုပါအိမ်ခြံမြေအား ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအားပေးချေပြီးဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိမ့်ဇာဦး (စဉ်-၃၄၇၈၂) အထက်တန်းရှေ့နေ**
**အမှတ် (၁၁၂၈)၊ သရဖီ (၇)လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၄၀၁၀၄၈**



ရန်လင်းအောင် (ခ) မိုးတိမ်နှင့် ဝေယံလင်း (ခ) ထွန်းတောက်နိုင် အပါအဝင် လေးဦးကို လက်နက်/ခဲယမ်း၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိစဉ်။

# မန္တလေးမြို့အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ရန်လင်းအောင်(ခ)မိုးတိမ်နှင့် ဝေယံလင်း(ခ)ထွန်းတောက်နိုင် အပါအဝင် လေးဦးကို လက်နက်/ခဲယမ်း၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၄**

ဆူပူအကြမ်းဖက်လုပ်ဆောင်နေသူများနှင့် NLD ပါတီဝင်/ထောက်ခံအားပေးသူများအနေဖြင့် အချို့မြို့ကြီးများ၌ အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်၍ ဖောက်ခွဲရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် လုပ်ဆောင်လာသည်ကို တွေ့ရှိရသောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သတင်းလက်ဦးမှုရယူ၍ ဖော်ထုတ်ဖမ်းဆီးနိုင်ရေး လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို အထူးကြပ်မတ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်စဉ် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်အတွင်း

*စာမျက်နှာ ၁၈ ကော်လံ ၁ ◆*

# COVID - 19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၇၈၇ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ခြောက်ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၃၂၇၅ ဦးရှိ

**(၂၄-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၂၃-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၄-၆-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၇၅၄)ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၇၈၇) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၆၉၅,၅၄၆) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၅၀,၇၁၄) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၄၉၆) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၄,၅၈၉) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၆) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၃,၂၇၅) ဦး ရှိပါသည်။

*စာမျက်နှာ ၁၅ ကော်လံ ၁ ❖*

# ၂၀၂၁ ဆီးဂိမ်းပြိုင်ပွဲ ရွှေ့ဆိုင်းခြင်း ရှိ မရှိ အတည်ပြုမည့်ရက် နောက်ဆုတ်

**ရန်ကုန် ဇွန် ၂၄**

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိထားသည့် ၂၀၂၁ ခုနှစ် (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲရွှေ့ဆိုင်းခြင်း ရှိ မရှိ အတည်ပြုမည့်ရက်ကို နောက်ဆုတ်လိုက်ကြောင်း သိရသည်။

ဆီးဂိမ်းပြိုင်ပွဲနှင့် ပတ်သက်သည့် အွန်လိုင်းအစည်းအဝေးကို ဇွန် ၂၄ ရက်က ပြုလုပ်ခဲ့ပြီး ဗီယက်နမ်အိုလံပစ်ကော်မတီနှင့် အရှေ့တောင်အာရှနိုင်ငံများမှ တာဝန်ရှိသူများ၊ ဆီးဂိမ်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ ပါဝင်ဆွေးနွေးခဲ့သည်။ ယခင်က ယင်းအစည်းအဝေးတွင် ဆီးဂိမ်းပြိုင်ပွဲရွှေ့ဆိုင်းခြင်း ရှိ မရှိ အတည်ပြုရန် စီစဉ်ထားသော်လည်း ဆုံးဖြတ်နိုင်ခြင်းမရှိခဲ့ဘဲ နှစ်ပတ်အကြာ ဇူလိုင် ၈ ရက်တွင် ထပ်မံပြုလုပ်မည့် အစည်းအဝေးမှသာ အတည်ပြုထုတ်ပြန်နိုင်မည်ဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲနှင့် ပတ်သက်၍ ဗီယက်နမ်အစိုးရအဖွဲ့

*စာမျက်နှာ ၂၅ ကော်လံ ၁ ✻*




## ဗြိတိန်တွင် ဒယ်လ်တာပလက်စ် ကိုဗစ်-၁၉ မျိုးကွဲကြောင့် ကူးစက်မှုပိုမိုဖြစ်ပွားလာမည့် အရေးကို သုတေသီများ စိုးရိမ်

*နိုင်ငံတကာသတင်း* စာ » ၁၃

## ဝန်ထမ်းကောင်း ဟူသည်

*ဆောင်းပါး* စာ » ၁၆

## ရှမ်းပြည်နယ်(မြောက်ပိုင်း) မဘိမ်းမြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များထံမှ လက်နက်လုယူရန် ကြိုးစားခဲ့သူ အကြမ်းဖက်သမား တစ်ဦးအား ခြောက်လှန့်ပစ်ခတ်ဖမ်းဆီး

*ပြည်တွင်းသတင်း* စာ » ၁၇

# အုပ်စုနောက်ဆုံးပွဲစဉ်တွင် ပြင်သစ်နှင့် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သော်လည်း အကောင်းဆုံးအုပ်စု တတိယဖြင့် နောက်တစ်ဆင့်တက်ရောက်နိုင်ခဲ့သည့် ပေါ်တူဂီ

ယူရို ၂၀၂၀ ချန်ပီယံရှစ်ပြိုင်ပွဲ ပွဲစဉ် (၃) အဖြစ် အုပ်စု (F) မှ ယူရိုလက်ရှိချန်ပီယံ ပေါ်တူဂီအသင်းနှင့် ကမ္ဘာ့ဖလားချန်ပီယံ ပြင်သစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျခဲ့သည်။ ပေါ်တူဂီအသင်းအတွက် သွင်းဂိုးများကို စီရော်နယ်ဒိုက သွင်းယူပေးပြီး ပြင်သစ်အသင်းအတွက် သွင်းဂိုးများကို ဘင်ဇီမာက သွင်းယူပေးနိုင်ခဲ့သည်။ ပြင်သစ်အသင်းသည် ယူရိုပြိုင်ပွဲတွင် သုံးပွဲကစား တစ်ပွဲနိုင်၊ နှစ်ပွဲသရေ ရမှတ်ငါးမှတ်ဖြင့် အုပ်စုပထမရရှိကာ နောက်တစ်ဆင့်သို့ တက်ရောက်ခဲ့သည်။ ပြိုင်ဘက် ပေါ်တူဂီအသင်းကလည်း ယနေ့ ပွဲစဉ်တွင် သရေကျခဲ့သောကြောင့် သုံးပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ်လေးမှတ်ဖြင့် အကောင်းဆုံးအုပ်စု တတိယရရှိကာ ယူရိုပြိုင်ပွဲနောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

*စာမျက်နှာ ၂၅ ကော်လံ ၁ ●*



ပေါ်တူဂီအသင်းအတွက် အသင်းခေါင်းဆောင် စီရော်နယ်ဒို ပယ်နယ်တီမှတစ်ဆင့် ဂိုးသွင်းယူစဉ်။